# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လွတ်မြောက်အောင်အားထုတ်**

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏ အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သောစိတ်ကို ထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ-၃၇)**


၁၃၇၉ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက် | ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာ ၁၉ ရက်၊ အင်္ဂါနေ့ | အတွဲ (၅၇)၊ အမှတ် (၀၈၀)


# ကရင်မြေမှာ ငြိမ်းချမ်းခြင်းတွေရဲ့ အသီးအပွင့်တွေ ဝေဆာလာခဲ့ပြီ

## နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်၍ နှစ်သစ်ကူးမိန့်ခွန်းပြောကြား



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းနှင့် တာဝန်ရှိသူများ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်ပြီး ပြန်လည်ထွက်ခွာလာစဉ်။ သတင်းစဉ်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ကရင်နှစ် ၂၇၅၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန-၂ ၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်၍ နှစ်သစ်ကူးမိန့်ခွန်း ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

**"အခုဆိုရင် ကရင်ပြည်နယ် ဒေါနတောင်တန်းမြေမှာ အောင်ပွဲခံတဲ့ ဖားစည်သံတွေ လွင့်ပျံ့နေခဲ့ပါပြီ။ သေနတ်သံတွေတိတ်ဆိတ်ပြီး ငြိမ်းချမ်းခြင်းရဲ့မေတ္တာတေးသံတွေ၊ စာသင်ကျောင်းက စာအံသံတွေနဲ့ ခေါင်းလောင်းသံတွေ လွင့်ပျံ့လာခဲ့ပါပြီ"**


KBZ BANK

STRENGTH OF MYANMAR

BEST BANK IN MYANMAR

Awarded by FinanceAsia 2017

မြန်မာ့အလင်း

# ကောင်းခြင်းမင်္ဂလာတို့နှင့် ပြည့်စုံနေသော မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်

ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့် နိုင်ငံတကာ လုပ်ငန်းရှင်တို့က စောင့်မျှော်နေကြသော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းလိုက်ပြီဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့က ထိုကဲ့သို့ အတည်ပြုပြဋ္ဌာန်းလိုက်ခြင်းဖြစ်ပါသည်။ ဤဥပဒေသစ် အတည်ပြုမပြဋ္ဌာန်းခင်က အသုံးပြုခဲ့သော ကုမ္ပဏီများ အက်ဥပဒေသည် ၁၉၄၀ ပြည့်နှစ်ကတည်းက အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်ပါသည်။ အဆိုပါ ကုမ္ပဏီများ အက်ဥပဒေသည် ကိုလိုနီခေတ်က ပြဋ္ဌာန်းခဲ့သော ဥပဒေဖြစ်သည့်အပြင် သက်တမ်းအရလည်း နှစ်ပေါင်း ၇၇ နှစ်ရှိပြီ ဖြစ်၍ ပြင်ဆင်ပြောင်းလဲရန် ကိစ္စရပ်များစွာရှိနေသည်မှာ ယုံမှားသံသယရှိစရာမရှိပါ။

ယခုအတည်ပြုပြဋ္ဌာန်းလိုက်သော မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ၏ ထူးခြားချက်တစ်ရပ်သည် ပြည်တွင်းကုမ္ပဏီတို့၌ နိုင်ငံခြားသားတို့၏ ရင်းနှီးမြှုပ်နှံမှုကို ၃၅ ရာခိုင်နှုန်းအထိ ပါဝင်ခွင့်ပြုထားခြင်း ဖြစ်ပါသည်။ အဓိပ္ပာယ်မှာ နိုင်ငံခြားသားတို့၏ ရင်းနှီးမြှုပ်နှံမှုက ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သော်လည်း အဆိုပါ ပြည်တွင်းကုမ္ပဏီကို မြန်မာနိုင်ငံသားပိုင် လုပ်ငန်းအဖြစ် အသိအမှတ်ပြုထားခြင်း ဖြစ်ပါသည်။ ကုမ္ပဏီဥပဒေဟောင်း၌မူ နိုင်ငံခြားသားတို့၏ ရင်းနှီးမြှုပ်နှံမှု တစ်ရာခိုင်နှုန်းပါဝင်ရုံမျှဖြင့် အဆိုပါ ကုမ္ပဏီကို နိုင်ငံခြားသားပိုင် လုပ်ငန်းအဖြစ် သတ်မှတ်ပါသည်။ ဤသို့ဆိုပါက ပြည်တွင်းကုမ္ပဏီတို့၌ နိုင်ငံခြားသားတို့၏ ရင်းနှီးမြှုပ်နှံမှု ၃၅ ရာခိုင်နှုန်းအထိ ပါဝင်သော်လည်း မြန်မာနိုင်ငံသားပိုင်လုပ်ငန်းအဖြစ် ရပ်တည်ခွင့်ရရှိသောကြောင့် မည်သို့သော အကျိုးကျေးဇူးတို့ ရရှိမည်နည်းဟု မေးခွန်းထုတ်စရာရှိပါသည်။

ပထမဦးဆုံးသော အကျိုးရလဒ်မှာ ပြည်တွင်းကုမ္ပဏီတို့သည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေသစ်ကြောင့် နိုင်ငံခြားသားတို့က ထည့်ဝင်မည့် ရင်းနှီးမြှုပ်နှံမှုတို့ကို လက်ခံနိုင်တော့မည် ဖြစ်ပါသည်။ ပြည်တွင်း ပြည်ပ ပညာရှင်တို့၏ သုံးသပ်ချက်အရ ပြည်တွင်းကုမ္ပဏီတို့၏ အဓိကလိုအပ်ချက်တစ်ရပ်သည် ရင်းနှီးမြှုပ်နှံမှုဖြစ်ပါသည်။ ယခုအခါ အဆိုပါ လိုအပ်ချက်အား ဖြည့်ဆည်းပေးနိုင်မည့် အနေအထားကို ပြည်တွင်းကုမ္ပဏီတို့က ရရှိခံစားနိုင်တော့မည်ဖြစ်ပါသည်။ ဤကဲ့သို့ ရင်းနှီးမြှုပ်နှံကြမည့် နိုင်ငံခြားသားတို့သည် သူတို့၏ ရင်းနှီးမြှုပ်နှံမှုမှ အကျိုးအမြတ် ထိထိရောက်ရောက် ရရှိနိုင်ရေးအတွက် ပြည်တွင်းကုမ္ပဏီတို့က အသည်းအသန် လိုအပ်နေသော နည်းပညာသစ်တို့ကိုလည်း သယ်ဆောင်လာမည် ဖြစ်ပါသည်။ ထို့မျှမက ထုတ်လုပ်လိုက်သည့် ကုန်ပစ္စည်းတို့အတွက် ဈေးကွက်ရရှိစေရန်ကိုလည်း နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံမှုတို့က ပြည်တွင်းကုမ္ပဏီတို့နှင့် အားတက်သရော ပူးပေါင်းဆောင်ရွက်ကြမည် ဖြစ်ပါသည်။ ဤမြင်ကွင်းတစ်ရပ်လုံးသည် မြန်မာကုမ္ပဏီတို့က မျှော်လင့်နေသော မြင်ကွင်းဖြစ်သကဲ့သို့ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်က ဖော်ဆောင်ပေးမည့် မြင်ကွင်းလည်း ဖြစ်ပါသည်။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်၏ တခြားသောထူးခြားချက်မှာ အများပိုင်ကုမ္ပဏီတို့၌ နိုင်ငံခြားသား ရင်းနှီးမြှုပ်နှံသူတို့က ရှယ်ယာ ၃၅ ရာခိုင်နှုန်းအထိ ပိုင်ဆိုင်ခွင့်ရှိသကဲ့သို့ ၎င်းတို့ ပိုင်ဆိုင်သော ရှယ်ယာတို့ကို ရန်ကုန်စတော့ဈေးကွက်၌ ရောင်းချပိုင်ခွင့်လည်း ရရှိမည်ဖြစ်ပါသည်။ ဤအချက်က မြန်မာနိုင်ငံ၏ ပထမဦးဆုံးဖြစ်သကဲ့သို့ တစ်ခုတည်းလည်းဖြစ်သော ရန်ကုန်စတော့အိတ်ချိန်းကို ပိုမို ခိုင်မာအားကောင်းစေမည် ဖြစ်ပါသည်။ ဤကဲ့သို့သော ကောင်းခြင်းမင်္ဂလာတို့နှင့် ပြည့်စုံသော မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်ကို ကြိုဆိုဂုဏ်ပြုပါကြောင်း လေးစားစွာတင်ပြအပ်ပါသည်။ ။

## မြန်မာ့ရုပ်မြင်သံကြား ¦ ၁၉ -၁၂-၂၀၁၇ (အင်္ဂါနေ့)

နံနက်ပိုင်း

| | | |
|---|---|---|
| ၆း၀၀ | - | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | - | **Breakfast News** |
| ၉း၃၅ | - | မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ် |
| ၁၀း၃၀ | - | **ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ (၁၁)** |

ညပိုင်း

| | | |
|---|---|---|
| ၁၆း၃၅ | - | **ဒီဇင်ဘာလအတွက် လပတ်မိုးလေဝသ** |
| ၁၇း၃၀ | - | မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း |
| ၁၈း၃၅ | - | **ရွှေပြည်အမရ သာပေစွ** |
| ၁၉း၁၅ | - | နိုင်ငံခြားဇာတ်လမ်းတွဲ **"အစမ်းသပ်ခံအချစ်"** (အပိုင်း-၃) |
| ၁၉း၅၀ | - | CHOICE (အပိုင်း-၃၆) |
| ၂၀း၀၀ | - | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | - | ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) |

# သံအမတ်ကြီး (ငြိမ်း) ဒေါက်တာလှမောင် ဖောင်ဒေးရှင်းမှ ပညာသင်စရိတ် ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့နယ် အ.ထ.က (၅) ကန်နား ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဋ္ဌမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် နွမ်းပါး ကျောင်းသား ကျောင်းသူများကို တစ်သက်တာ ပညာသင်ထောက်ပံ့ငွေ ပေးအပ်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ ရက်က ပျဉ်းမနားမြို့ရှိ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြတ်ဆရာပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ ရာသက်ပန် နာယကကြီး သံအမတ်ကြီး (ငြိမ်း) ဒေါက်တာလှမောင်က အမှာစကား ပြောကြားသည်။

ထို့နောက် ကန်တော့ခံ ဆရာ ဆရာမကြီးများကို ကျောင်းသား ကျောင်းသူဟောင်းများက ပူဇော်ကန်တော့ခြင်းနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်ကန်တော့ကြပြီး နွမ်းပါးကျောင်းသား ကျောင်းသူ မူလတန်းအဆင့် သုံးဦး၊ အလယ်တန်းအဆင့် သုံးဦး၊ အထက်တန်းအဆင့် သုံးဦး စုစုပေါင်း ကိုးဦးတို့ကို တစ်သက်တာ ပညာသင်စရိတ်အဖြစ် ဒေါက်တာလှမောင် ဖောင်ဒေးရှင်းဉက္ကဋ္ဌ သံအမတ်ကြီး (ငြိမ်း) ဒေါက်တာလှမောင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းစိုးအောင်၊ မြို့နယ်အသင်း (ဌာနေ) နာယက ဦးလှမြင့်၊ အ.ထ.က (၅) ကန်နား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကော့နူးနှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် အ.ထ.က (၅) ကန်နားကျောင်းတွင် ငါးနှစ်ဆက်တိုက် တာဝန်ထမ်းဆောင်ခဲ့ကြသော အသက် ၆၀ မှ ၆၅ နှစ်အထိ ဆရာ ဆရာမကြီး ၃၄ ဦး၊ အသက် ၆၆ မှ ၇၁ နှစ်အထိ ၂၃ ဦး၊ အသက် ၇၀ နှင့်အထက် ၅၀ ဦး စုစုပေါင်း ၁၀၇ ဦးတို့ကို ပူဇော်ကန်တော့ခဲ့ကြကြောင်း သိရသည်။

**ရဲရဲ (ပျဉ်းမနား)**




# သာယာလှပသည့် ချောင်းသာ ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတွင် လည်ပတ်သူများဖြင့် စည်ကား

**ချောင်းသာ ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ချောင်းသာမြို့ရှိ ချောင်းသာ ပင်လယ်ကမ်းခြေသည် မြန်မာပြည်ရှိ အပန်းဖြေစခန်းများထဲတွင် ကျော်ကြားမှုရှိသော ပင်လယ်ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သည်။

ထိုကမ်းခြေဒေသသည် နယ်မြေအေးချမ်းခြင်း၊ ကမ်းခြေသာယာလှပခြင်း၊ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းတို့ကြောင့် အပန်းဖြေသူတို့ အကြိုက်အတွေ့ဆုံး ကမ်းခြေလည်းဖြစ်သည်။ ထို့အပြင် ပြည်တွင်း၊ ပြည်ပခရီးသွားများ အမြဲမပြတ် လာရောက်အပန်းဖြေရာ ဒေသဖြစ်သည့်အပြင် နိုင်ငံတော်အတွက် အခွန်ဘဏ္ဍာငွေများ ဖြည့်တင်းပေးနိုင်ပြီး ဒေသခံ ရွာသူ ရွာသားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရရှိနေသော ဒေသဖြစ်သည်။

ချောင်းသာကမ်းခြေတွင် အလု ကမ်းခြေမိုင်အရှည် နှစ်မိုင်ခန့်ရှိပြီး လာမည့် ၂၀၁၈ ခုနှစ်ဆိုလျှင် သက်တမ်း ၃၈ နှစ် ရှိတော့မည်ဖြစ်ကြောင်း သိရသည်။



ကမ်းခြေတွင် ယခုအခါ လိုင်စင်ရရှိပြီး ဟိုတယ်နှင့် တည်းခိုခန်း ၂၈ ခု ရှိသော်လည်း လိုင်စင်မရရှိသေးသည့် ဆောက်လုပ်ပြီး ဟိုတယ်နှင့် တည်းခိုခန်း ၂၈ ခန်းခန့်နှင့် ပေါင်းလျှင် ဟိုတယ်နှင့် တည်းခိုခန်းပေါင်း ၅၀ ကျော်ရှိသည်။ နှစ်စဉ် အောက်တိုဘာလမှ မေလအထိ အထူးစည်ကားလျက်ရှိသော ကမ်းခြေ အပန်းဖြေစခန်းတစ်ခုဖြစ်သည်။

ကမ်းခြေသာယာရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကော်မတီကို အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများ၊ ကမ်းခြေရှိ NGO အဖွဲ့များ၊ ဟိုတယ်နှင့် တည်းခိုခန်းပိုင်ရှင်များ ပါဝင်ဖွဲ့စည်းထားပြီး လာရောက်အပန်းဖြေ အနားယူလျက်ရှိသော ပြည်တွင်း၊ ပြည်ပခရီးသွားများ စိတ်အနှောင့်အယှက် မဖြစ်စေရေး၊ လုံခြုံရေး၊ ကျန်းမာရေးနှင့် ကမ်းခြေသာယာလှပရေးတို့အတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခရမ်း-စိုးမြင့်**

## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၁၈-၁၂-၂၀၁၇

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၆၂၆၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၁၆၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၅·၀ |
| ဥရောပ | တစ်ယူရို | ၁၆၁၆·၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၁၃·၇ |
| ထိုင်း | တစ်ဘတ် | ၄၁·၉ |
| အိန္ဒိယ | တစ်ရူပီး | ၂၁·၁ |
| တရုတ် | တစ်ယွမ် | ၂၀၆·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၅·၃ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| စာတည်းမှူး | - | ဝင်းရွှေ |
| စာတည်းမှူး | - | မြင့်ဆွေ(သတင်းထောက်ချုပ်) |
| စာတည်းများ | - | မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ) |
| အငယ်တန်းသတင်းထောက်များ | - | တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ် |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇) |

မြန်မာ့အလင်း mmalin.npt @ gmail.com, www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

*ရှေ့ဖုံးမှ*

**တက်ရောက်**

အခမ်းအနားသို့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌ ဦးမျိုးညွန့်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်း၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ KNU ကရင်အမျိုးသားအစည်းအရုံးမှ ကိုယ်စားလှယ်များ ကရင်မျိုးနွယ်စုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကရင်ရိုးရာ ကောက်ပဲသီးနှံများ စောင့်ရှောက်သော နတ်ငှက်(ဖိဘီးယော်) ပင့်ဖိတ်၍ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ဦးစောဗယ်လင်တိုင်း၊ ဦးစောတင်ဝင်း၊ ဦးစောထွန်းမြအောင်နှင့် မန်းထွန်းကြိုင်တို့က ဆောင်ရွက်ကြသည်။

**စည်းလုံးညီညွတ်ခြင်းရဲ့သင်္ကေတ**

ယင်းနောက် အခမ်းအနားသဘာပတိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက နှစ်သစ်ကူးမိန့်ခွန်းပြောကြားရာတွင် "ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံအသီးသီးမှာ မှီတင်းနေထိုင်ကြတဲ့ လူမျိုးများဟာ မိမိတို့ရဲ့နိုင်ငံ၊ လူမျိုး၊ ယဉ်ကျေးမှုများနှင့်အညီ နှစ်သစ်ကူးနေ့များကို ကျင်းပကြပါတယ်။ နှစ်သစ်ကူးနေ့ဆိုတာ နှစ်ဟောင်းတစ်နှစ်ကုန်ဆုံးပြီး နှစ်သစ်တစ်နှစ်အစပြုတဲ့နေ့ပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်အမျိုးသားများအနေနဲ့ မျိုးနွယ်စုများစွာရှိပြီး ပြောဆိုသည့်စကား၊ အသုံးပြုသည့် စာပေ၊ ကိုးကွယ်သည့်ဘာသာ၊ နေထိုင်ရာဒေသများ ကွဲပြားကြသော်လည်း စိတ်ဝမ်းကွဲပြားခြင်းမရှိကြဘဲ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးဖြင့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တစ်နိုင်ငံလုံးမှာ ကျင်းပခဲ့ကြတာ (၇၉)နှစ် ရှိခဲ့ပြီဖြစ်ပါတယ်။ ကျွန်တော်တို့ ကရင်အမျိုးသားများဟာ စိုက်ပျိုးရေးကို အဓိကထား လုပ်ကိုင်ကြတဲ့ လူမျိုးများဖြစ်လို့ မိမိတို့ရဲ့ စိုက်ပျိုးရေးလုပ်ငန်းမှ ကောက်ပဲသီးနှံများ ပေါ်ပေါက်ဖြစ်ထွန်းလာချိန်မှာ မိသားစုများ၊ ဆွေမျိုးသားချင်းများ ပြန်လည်ဆုံစည်းပြီး ကောက်သစ်စားပွဲများ ကျင်းပခဲ့ကြပါတယ်။ အဲဒီလို ကောက်သစ်စားပွဲများ ကျင်းပလေ့ရှိတဲ့ကာလကို ကရင်အမျိုးသားများရဲ့ နှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခဲ့ကြပါတယ်။ ဒါကြောင့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဟာ နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းတဲ့ အထိမ်းအမှတ်ဖြစ်သလို စည်းလုံးညီညွတ်ခြင်းရဲ့ သင်္ကေတလည်း ဖြစ်ပါတယ်။

**လူငယ်များရဲ့ကြိုးစားအားထုတ်မှု**

"ဒီကနေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို နေပြည်တော်မှ ကျင်းပခြင်းဟာ ဒုတိယအကြိမ် ကျင်းပခြင်းဖြစ်ပါတယ်၊ နေပြည်တော်မှာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ကျင်းပနိုင်ဖို့အတွက် ကရင်အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ညှိနှိုင်းတိုင်ပင်ဆွေးနွေးပြီး ကျင်းပရန်ဆုံးဖြတ်ခဲ့ကြပါတယ်။ ဒီလိုကျင်းပနိုင်ဖို့အတွက် ကရင်အမျိုးသား လူငယ်လွှတ်တော်ကိုယ်စားလှယ်များက တက်တက်ကြွကြွ ဆောင်ရွက်ခဲ့ကြပြီး နေပြည်တော်ရှိ ကရင်အမျိုးသားဝန်ထမ်းများ၊ ပြည်သူလူထုများကို စည်းရုံးခေါ်ယူဆောင်ရွက်ခဲ့ကြပါတယ်၊ ကရင်အမျိုးသားများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ခဲ့ကြတဲ့အတွက် အခုလို ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ခမ်းနားစွာ ကျင်းပနိုင်ခြင်းဖြစ်ပါတယ်။ ဒီလို ကျင်းပနိုင်ဖို့အတွက် ကျွန်တော်တို့ ကရင်အမျိုးသားများသာမက PUMA ENERGY ASIA SUM COMPANY ကလည်း ငွေအားဖြင့် ကူညီပံ့ပိုးခဲ့ပါတယ်။ PUMA ENERGY ASIA SUM COMPANY ဥက္ကဋ္ဌ ရှမ်းအမျိုးသား ကိုဝင်းကျော်ကိုလည်း ကျေးဇူးအထူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒါကြောင့် အခု ကျွန်တော်တို့ ကျင်းပတဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဟာ တိုင်းရင်းသားများ စည်းလုံးညီညွတ်မှုနဲ့ လူငယ်များရဲ့ ကြိုးစားအားထုတ်မှုကို ပေါ်လွင်ထင်ရှားစေပါတယ်။

**နိုင်ငံတော်အကျိုးစီးပွားဆောင်ရွက်**

ကရင်အမျိုးသားနှစ်သစ်ကူးနေ့များ ကျင်းပနိုင်ခြင်းဟာ ကရင်အမျိုးသားများ ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ ကြိုးစားဆောင်ရွက်ကြလို့ ကျင်းပနိုင်ခြင်းဖြစ်သလို ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်သတ်မှတ်နိုင်ဖို့ ကျွန်တော်တို့ရဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများဖြစ်ကြတဲ့ ပါလီမန်လွှတ်တော်အမတ်များရဲ့ညီညီညွတ်ညွတ် ကြိုးပမ်းအားထုတ်မှုကြောင့် သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက်နေ့ဟာ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အဖြစ် သတ်မှတ်ခံရလို့ ဆောင်ရွက်နိုင်ခြင်းလည်း ဖြစ်ပါတယ်။ အဲဒီလို ကရင်အမျိုးသားနေ့ကို တရားဝင်သတ်မှတ်ပြီးတဲ့နောက် ပထမဆုံး ကရင်အမျိုးသားနှစ်သစ်ကူးမိန့်ခွန်းကို ကရင်သက္ကရာဇ် ၂၆၇၈ သလေးထိုင်ခုတ်ဖို ပြာသိုလဆန်း ၁ ရက်၊ ၁၉၃၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှာ အသံလွှင့်ခဲ့ပါတယ်၊ အဲဒီမိန့်ခွန်းထဲမှာ "ကျွန်ုပ်တို့သည် ကရင်တစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင်း ညီညွတ်သောမြန်မာနိုင်ငံအဖြစ်သို့ ပါဝင်ဆောင်ရွက် ကြိုးပမ်းကြမည်။ ကျွန်ုပ်တို့ ကရင်အမျိုးသားခေါင်းဆောင်များအနေဖြင့် ကိုယ်ကျိုးမဖက်၊ မကြောက်မရွံ့ဘဲ လူမျိုးရေးနှင့် ဘာသာရေးအာဃာတ အလျှင်းကင်းစင်သော စိတ်ထားဖြင့် တိုင်းပြည်နိုင်ငံတော်အကျိုးစီးပွားကို ဆောင်ရွက်ကြမည်" ဟု ပါရှိပါတယ်။

**မလွဲမသွေလိုအပ်**

"ကျွန်တော်တို့ ဒီကနေ့ ကျင်းပနေတဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ တရားဝင် အသိအမှတ်ပြုသတ်မှတ်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ခဲ့ကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများအနေနဲ့ အမြော်အမြင်ကြီးစွာဖြင့် စည်းလုံးညီညွတ်တဲ့ မြန်မာနိုင်ငံတော်ကြီးကို ကျွန်တော်တို့ ကရင်အမျိုးသားများ စည်းလုံးညီညွတ်မှုနဲ့ ပါဝင်တည်ဆောက်လိုတဲ့ ဆန္ဒ၊ ကိုယ်ကျိုးမဖက်တဲ့စိတ်ထား၊ လူမျိုးဘာသာမခွဲခြားဘဲ အာဃာတကင်းစင်တဲ့ စိတ်ဓာတ်တို့နဲ့ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုတဲ့ဆန္ဒများ ရှိနေကြောင်းကို ဒီအသံလွှင့်မိန့်ခွန်းက အထင်အရှားဖော်ပြနေပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီနေ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို ကျင်းပခြင်းနှင့်အတူ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်သတ်မှတ်နိုင်အောင် ဆောင်ရွက်ပေးခဲ့ကြတဲ့ ကရင်အမျိုးသားခေါင်းဆောင်ကြီးများကို ဂုဏ်ပြုတဲ့အနေနဲ့ သူတို့ရဲ့အမြော်အမြင်ကြီးမားတဲ့ ဆန္ဒကို ဖြည့်ဆည်းပေးကြရမှာဖြစ်ပါတယ်။ ဒီလိုဖြည့်ဆည်းပေးကြမှသာ ကျွန်တော်တို့ ကျင်းပနေတဲ့ ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဟာ ပိုမိုဂုဏ်မြောက်တင့်တယ် ဝင့်ကြွားလာမှာပဲ ဖြစ်ပါတယ်။ ကျွန်တော်တို့ ခေါင်းဆောင်ကြီးများ မျှော်မှန်းထားတဲ့ ဖွံ့ဖြိုးတိုးတက်ပြီး စည်းလုံးညီညွတ်တဲ့ မြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်ဖို့ဆိုရင် ငြိမ်းချမ်းရေးရရှိရေးဟာ မလွဲမသွေလိုအပ်မှာ ဖြစ်ပါတယ်။ အခုအချိန်ဟာ ငြိမ်းချမ်းရေးရရှိဖို့အတွက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံကို ဖော်ဆောင်ဆောင်ရွက်နေတဲ့အချိန်ဖြစ်လို့ ကျွန်တော်တို့ ကရင်အမျိုးသားများအနေနဲ့လည်း ငြိမ်းချမ်းရေးရရှိအောင် တစ်ဖက်တစ်လမ်းက ဆောင်ရွက်ရင်း ကျွန်တော်တို့ ခေါင်းဆောင်ကြီးများရဲ့ဆန္ဒကို ဖြည့်ဆည်းပေးရမှာ ဖြစ်ပါတယ်။

"အားလုံးသိကြတဲ့အတိုင်း ကျွန်တော်တို့နိုင်ငံကို အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုနိုင်ငံဖြစ်လာအောင် ကြိုးစားဆောင်ရွက်နေချိန်မှာ ဖိနှိပ်မှုအဖုံဖုံ၊ စိန်ခေါ်မှုအမျိုးမျိုးကို ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ဒီအချိန်မှာ ကျွန်တော်တို့နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားများအားလုံးဟာ လူမျိုးစွဲ၊ ဘာသာစွဲ၊ ဂိုဏ်းဂဏစွဲမထားဘဲ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ချစ်ချစ်ခင်ခင်နဲ့ ဖိနှိပ်မှုများ၊ စိန်ခေါ်မှုများကို ပူးပေါင်းရင်ဆိုင်ဖြေရှင်းကြရမယ့် အချိန်ဖြစ်ပါတယ်၊ ဒါမှသာ ဖိနှိပ်စိန်ခေါ်မှုများကို တွန်းလှန်ဖြိုဖျက်နိုင်မှာဖြစ်လို့ ကျွန်တော်တို့ ကရင်အမျိုးသားများအနေနဲ့လည်း အမျိုးသားခေါင်းဆောင်ကြီးများရဲ့ဆန္ဒအတိုင်း စည်းလုံးညီညွတ်စွာဖြင့် အခြားတိုင်းရင်းသားများနဲ့အတူ ပူးပေါင်းဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

*စာမျက်နှာ ၄ သို့*




**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားတွင် နှစ်သစ်ကူးမိန့်ခွန်းပြောကြားစဉ်။** သတင်းစဉ်



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်လာသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** သတင်းစဉ်

*စာမျက်နှာ ၃ မှ*

**စည်းလုံးညီညွတ်စွာဆောင်ရွက်**

"နိဂုံးချုပ်အနေနဲ့ ကျွန်တော်တို့ ဒီကနေ့ကျင်းပတဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဟာ (၇၉)နှစ်မြောက်ရှိခဲ့ပြီး ရှေ့ဆက်လည်း ကျင်းပနေကြဦးမှာ ဖြစ်ပါတယ်။ အဲဒီလို ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကျင်းပတိုင်းမှာလည်း ကရင်အမျိုးသားနှစ်သစ်ကူးနေ့ ဂုဏ်ထည်ဝင့်ကြွားစေဖို့၊ ကျက်သရေမင်္ဂလာနဲ့ ပြည့်စုံစေဖို့အတွက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကို တရားဝင်အသိအမှတ်ပြုရရှိရေး ဆောင်ရွက်ပေးခဲ့ကြတဲ့ အမျိုးသားခေါင်းဆောင်ကြီးများကို ဂုဏ်ပြုကျေးဇူးဆပ်တဲ့အနေနဲ့ အမျိုးသားခေါင်းဆောင်ကြီးများရဲ့ ဆန္ဒဖြစ်တဲ့ စည်းလုံးညီညွတ်တဲ့ မြန်မာနိုင်ငံတော်ကြီး ပေါ်ပေါက်လာအောင် စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ပေးကြဖို့ တိုက်တွန်းနှိုးဆော်အပ်ပါတယ်"ဟု ပြောကြားသည်။

ထို့နောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ကရင်နှစ်သစ်ကူးမိန့်ခွန်း ပြောကြားရာတွင် "ဒီနေ့ကတော့ နှစ်ဟောင်းကုန်ပြီး နှစ်သစ်ကို ကောင်းကျိုးချမ်းသာကောင်းခြင်းမင်္ဂလာအပြည့်နဲ့ ပျော်ရွှင်ကြည်နူးစွာ ကျင်းပဆင်နွှဲကြတဲ့ ကရင်နှစ် ၂၇၅၇ ခုနှစ် ပြာသိုလဆန်း ၁ ရက်နေ့ ဖြစ်ပါတယ်။

"နှစ်သစ်ကူးကာလကောက်သစ်စားပွဲမှာ မိသားစုဝင်တွေ ပြန်လည်တွေ့ဆုံကြတယ်၊ နှစ်သစ်အတွက် ဆုမွန်ကောင်းတွေ တောင်းကြတယ်၊ စားကောင်းသောက်ဖွယ်တွေနဲ့ တည်ခင်းဧည့်ခံကြတယ်၊ ပြောရရင် ပေါင်းစည်းခြင်း၊ ပျော်ရွှင်ခြင်း၊




ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားတွင် ကရင်ရိုးရာဒုံးအကဖြင့် ကပြဖျော်ဖြေစဉ်။ သတင်းစဉ်

စည်းလုံးခြင်း၊ အနာဂတ်အတွက် ကောင်းမွန်စွာ မျှော်လင့်ခြင်းတွေနဲ့ ပြည့်စုံနေတဲ့ ကောက်သစ်စားပွဲ နှစ်သစ်ကူးအခါသမယဆိုရင်လည်း မမှားပါဘူး။

**စိန်ခေါ်မှုတွေ ကျော်လွှား**

"ဒီကနေ့ကာလမှာ ကျွန်မတို့ပြည်ထောင်စုကြီးမှာ မှီတင်းနေထိုင်ကြတဲ့ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားပြည်သူအားလုံးဟာ ခက်ခဲကြမ်းတမ်းတဲ့ နိုင်ငံရေး၊ စီးပွားရေးအစရှိတဲ့ စိန်ခေါ်မှုတွေကို လက်ချင်းတွဲပြီး ကျော်လွှားအောင်မြင်နိုင်ဖို့ ရင်ဆိုင်နေရတဲ့ အချိန်ကာလလည်းဖြစ်ပါတယ်။ ဘယ်လိုအခက်အခဲ၊ ဘယ်လိုစိန်ခေါ်မှုမျိုးကိုမဆို ရင်ဆိုင်ကျော်လွှားရာမှာ ကျွန်မတို့ ပြည်သူတွေ၊ ကျွန်မတို့ တိုင်းရင်းသားတွေရဲ့ အင်အား၊ စည်းလုံးမှုတွေနဲ့ အစဉ်အမြဲအောင်မြင်ရမယ်လို့ ယုံကြည်ခံယူထားပါတယ်။

"ကျွန်မတို့နိုင်ငံရဲ့ အတိတ်သမိုင်းကြောင်း တစ်လျှောက်လုံး ပြန်ကြည့်လိုက်ရင် ခက်ခဲကြမ်းတမ်းတဲ့အချိန်တွေကို ကျွန်မတို့ နိုင်ငံသူ နိုင်ငံသား တိုင်းရင်းသားတွေရဲ့ စည်းလုံးညီညွတ်မှုနဲ့ ဖြတ်သန်းကျော်လွှားနိုင်ခဲ့တဲ့ သမိုင်းအစဉ်အလာကောင်းတွေ တွေ့နိုင်ပါတယ်။ ငြိမ်းချမ်းရေးခရီးလမ်းကို ဖြတ်သန်းလျှောက်လှမ်းကြရာမှာလည်း Karen Model ကရင်မော်ဒယ်ဆိုပြီး ပြောစမှတ်တွင်ရအောင် လက်တွေ့ကျကျ ဦးဆောင်ပြခဲ့တာတွေလည်း အထင်အရှားပဲဖြစ်ပါတယ်။ အခုဆိုရင် ကရင်ပြည်နယ် ဒေါနတောင်တန်းမြေမှာ အောင်ပွဲခံတဲ့ ဖားစည်သံတွေ လွှင့်ပျံ့နေခဲ့ပါပြီ။ သေနတ်သံတွေတိတ်ဆိတ်ပြီး ငြိမ်းချမ်းခြင်းရဲ့မေတ္တာတေးသံတွေ၊ စာသင်ကျောင်းက စာအံသံတွေနဲ့ ခေါင်းလောင်းသံတွေ လွှင့်ပျံ့လာခဲ့ပါပြီ။ ကရင်တိုင်းရင်းသားတွေနဲ့ ကရင်မြေမှာ ငြိမ်းချမ်းခြင်းရဲ့ အသီးအပွင့်တွေ တဖြည်းဖြည်းချင်း ဝေဆာလာခဲ့ပါပြီ။ တချို့မငြိမ်းချမ်းသေးတဲ့ ဒေသတွေဆီက ပြည်သူတွေဟာ ဝမ်းသာအားရ အားကျစွာနဲ့ ငေးမျှော်ကြည့်ခြင်းကို ခံယူနေရပါပြီ။

**ပုံဖော်တည်ဆောက်**

"ကရင်ပြည်နယ်နဲ့ ကရင်တိုင်းရင်းသားတွေအတွက်သာမက ကမ္ဘာတစ်ဝန်းကို အကြောင်းအမျိုးမျိုးနဲ့ ရောက်ရှိနေကြတဲ့ ကရင်တိုင်းရင်းသားတွေအားလုံးအတွက် ကရင့်မျှော်လင့်ချက်တွေဟာလည်း ပိုမိုဝင်းလက်တောက်ပပြီး လှပလာခဲ့ပါပြီ။ ကရင်ပြည်နယ်ဟာ ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာလှပခြင်းတွေကိုသာမက ကြီးမားတဲ့ မျှော်လင့်ချက်အလင်းရောင်တွေကို ထွန်းလင်းတောက်ပနေခဲ့ပါပြီ။ အခုလို နှစ်သစ်ကူး၊ အခွင့်အခါထူးတဲ့ အချိန်ကာလမျိုးမှာ အနာဂတ်မျိုးဆက်သစ်တွေအတွက် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာကောင်းလှတဲ့ အနာဂတ်တစ်ခုကို ပုံဖော်တည်ဆောက်နေတဲ့ ကရင်ပြည်နယ်အတွက် အထူးပဲ ဝမ်းမြောက်ဂုဏ်ယူမိကြောင်း ပြောကြားလိုပါတယ်။

"ကျွန်မတို့ ကရင်တိုင်းရင်းသားတွေဟာ ရိုးသားတယ်၊ သစ္စာရှိတယ်၊ ရှင်းရှင်းတွေးပြီး ပြတ်ပြတ်သားသား လုပ်ကိုင်တတ်ကြတဲ့ ရှေးကဘိုးဘွားဘီဘင်တွေရဲ့ လက်ဆင့်ကမ်းအမွေကို မပျောက်ပျက်အောင် ထိန်းသိမ်းလာခဲ့တာဟာလည်း ဒီကနေ့ဆိုရင် ၂၇၅၇ နှစ် ပြည့်မြောက်ခဲ့ပါပြီ။ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်း၊ ဂုဏ်ယူဖွယ်ရာ ယဉ်ကျေးမှုအမွေအနှစ်၊ ကောင်းမွန်တဲ့ ဓလေ့ထုံးစံအစဉ်အလာတွေကို သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းဆောင်ရွက်နိုင်ဖို့ ကြိုးစားသွားကြမယ်ဆိုတာကို သံသယဖြစ်ဖွယ်ရာ မဟုတ်ပါဘူး။



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားတွင် နှစ်သစ်ကူးမိန့်ခွန်း ပြောကြားစဉ်။** သတင်းစဉ်

"ကရင်တိုင်းရင်းသားများ ကတဲ့အခါမှာ မြူးမြူးကြွကြွ၊ ကမ္ဘာမြေကြီးမှာ ဆွဲအားမရှိတော့သလို ပေါ့ပါးစွာလွင့်နေတဲ့ သဏ္ဌာန်ဆောင်ပါတယ်၊ စိတ်ရဲ့ ရွှင်လန်းမှုကို ကိုယ်အမူအရာနဲ့ ပြလိုက်တာပါပဲ။ သီဆိုတဲ့ သီချင်းတွေကလည်း ပျော်ရွှင်သံအတိနဲ့၊ ကရင်တိုင်းရင်းသားတွေ သီဆိုကခုန်တာကြည့်ရတဲ့အခါမှာ ကျွန်မတို့ ပြည်ထောင်စုသားအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းတို့နဲ့ ပြည့်စုံဖို့ ကြိုးစားနိုင်မယ့် အင်အားတွေနဲ့ ပြည့်လာရပါတယ်။ ပြည်ထောင်စုသားအားလုံး စည်းစည်းလုံးလုံးနဲ့ ဖွံ့ဖြိုးသာယာတဲ့ တိုင်းပြည်ကြီးမှာ အေးချမ်းတည်ငြိမ်စွာ နေထိုင်နိုင်ကြဖို့အတွက် ဇွဲ၊ လုံ့လ၊ ဝီရိယနဲ့ တက်ကြွစွာ ဆောင်ရွက်နိုင်ဖို့ တွန်းအားတွေ ဖြစ်ရပါမယ်။

**ခိုင်ခိုင်မာမာလက်တွဲ**

"ယနေ့အချိန်အခါမှာ ကရင်တိုင်းရင်းသားတွေအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သတ္တိရှိရှိ၊ ရဲရဲရင့်ရင့်နဲ့ ပူးပေါင်းပါဝင် လျှောက်လှမ်းနေတာကိုလည်း ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ တွေ့မြင်ကြရပါတယ်။ အဲ့ဒီအတွက်လည်း ကရင်ခေါင်းဆောင်များ၊ ကရင်တိုင်းရင်းသားများ၊ ငြိမ်းချမ်းရေးအကျိုးဆောင်များအားလုံးကို ပြည်ထောင်စုကြီးရဲ့ ကိုယ်စားကျေးဇူးဥပကာရ အထူးပင်တင်ရှိပါကြောင်း ဒီကနေ့လို အခွင့်အခါသင့်ခိုက်မှာ လေးလေးနက်နက် ပြောကြားလိုပါတယ်။ ဆက်လက်ပြီးလည်း ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်တဲ့ ခရီးလမ်းမှာ ကျွန်မတို့နဲ့အတူ ခိုင်ခိုင်မာမာ လက်တွဲပြီး လျှောက်လှမ်းပေးကြဖို့လည်း အလေးအနက် တိုက်တွန်းပြောကြားလိုပါတယ်။

**ထိန်းသိမ်းစောင့်ရှောက်**

"နိဂုံးချုပ်အနေနဲ့ ဒီကနေ့ကျရောက်တဲ့ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ကစပြီး ပြည်ထောင်စုငြိမ်းချမ်းရေးကို စံနမူနာကောင်းများဖြင့် ဆက်လက်ဖော်ဆောင်ပေးနိုင်ကြပါစေ၊ ကရင်တိုင်းရင်းသား တစ်မျိုးသားလုံး မေတ္တာတရား၊ ပေါင်းစည်းညီညွတ်မှုများနဲ့ ကရင်ပြည်နယ်ကြီး အရှိန်အဟုန်နဲ့ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင် စွမ်းဆောင်နိုင်ကြပါစေ၊ ကရင်တိုင်းရင်းသားတွေရဲ့ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံ အမွေအနှစ်တွေ၊ မြတ်နိုးဂုဏ်ယူဖွယ်ရာ ဝိသေသလက္ခဏာတွေကို ဆက်လက်ပြီး ထိန်းသိမ်းစောင့်ရှောက်နိုင်ကြပါစေ၊ တက်ရောက်လာကြသူအားလုံး ဘဝရဲ့ ကောက်သစ်စားပွဲအားလုံးမှာ ဝဝလင်လင် ကောင်းကောင်းမွန်မွန် စားသုံးနိုင်ကြပါစေကြောင်း၊ ဘေးရန်အပေါင်း ကင်းဝေးကြပါစေ၊ ပြည်ထောင်စုသားအားလုံး ကရင်တိုင်းရင်းသားများရဲ့ ချစ်မြတ်နိုးဖွယ်ရာ အကများလို ပေါ့ပါးရွှင်လန်းတဲ့ နှလုံးသားပိုင်ရှင်များ ဖြစ်ကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သလိုက်ပါတယ်။

**မှတ်သားစရာတွေ အများကြီးရှိ**

"အခုလို ပွဲတော်ကို ကြည့်နေတဲ့အခါမှာ ကျွန်မကို ကရင်တိုင်းရင်းသား တစ်ဦးတစ်ယောက်က လာပြီးရှင်းပြပါတယ်။ နတ်ငှက်ပေါ့၊ နတ်ငှက်ကို ပသရတဲ့အကြောင်းက ကရင်တိုင်းရင်းသားများဟာ လယ်တွေဘာတွေစိုက်တဲ့အခါ ငှက်တွေက စပါးသီးတွေကို လာစားတဲ့အခါကျတော့ အန္တရာယ်လည်းဖြစ်တယ်၊ တစ်ဖက်ကလည်း အန္တရာယ်ဖြစ်တဲ့ ခရုတွေကို စားပေးတဲ့အခါကျတော့ ကောင်းကျိုးလည်းပေးတယ်။ ဒါကြောင့် နှစ်ဖက်နှစ်လမ်း စဉ်းစားရတယ်ဆိုပြီးတော့ ပြောပါတယ်။ ငှက်ပျောသီးတွေကို သစ်ပင်တွေပေါ်မှာ ချိတ်ထားတာတို့၊ ငှက်တွေက စပါးစေ့တွေကိုစားဖို့ ငှက်ပျောသီးတွေကိုစားဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့၊ အဲဒီတော့ ကျွန်မစိတ်ထဲမှာ ဖြစ်မိပါတယ်။ ဘယ်အရာမဆို ကောင်းတဲ့ဘက်နဲ့ ဆိုးတဲ့ဘက်ရှိပါတယ်။ ငှက်တွေဟာ ခရုတွေကို စားလို့ အကျိုးပြုသလို စပါးစေ့တွေကို စားတယ်ဆိုလို့ရှိရင် အကျိုးယုတ်စေပါတယ်။ ဒါပေမယ့် အကျိုးပြုတဲ့ဘက်က ပိုပြီးတော့အားသန်ပြီး အကျိုးယုတ်တဲ့ဘက်က လျော့သွားအောင်လို့ နည်းအမျိုးမျိုးနဲ့ ကျွန်မတို့ရဲ့ ဉာဏ်ပညာသုံးပြီး လုပ်နိုင်ပါတယ်ဆိုတဲ့ သင်ခန်းစာကိုပေးရာလည်း ရောက်ပါတယ်လို့ ကျွန်မစိတ်ထဲမှာ ဖြစ်ပေါ်ရပါတယ်၊ ဒ့ါကြောင့်မို့ ဒီနှစ် ကရင်အမျိုးသားများရဲ့နှစ်သစ်ကူးနေ့မှာဆိုလို့ရှိရင် သင်ယူစရာ၊ မှတ်သားစရာတွေ အများကြီးရှိပါတယ်လို့ ထပ်လောင်းပြောကြားလိုပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံ ရိုက်သည်။

ထို့နောက် KNU ကရင်အမျိုးသားအစည်းအရုံးမှ ကိုယ်စားလှယ် ဗိုလ်မှူးကြီး ကော်ကစာစောနေစိုးက KNU ကရင် အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

**ဖတ်ကြား**

ယင်းနောက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာအားကာမိုး(ခ) နော်ခရစ္စထွန်းက ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား ဖြစ်ပေါ်လာပုံစာတမ်းကို ဗမာဘာသာဖြင့် လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နော်ဆူဇန်နာလှလှစိုးက စကောကရင်ဘာသာဖြင့် လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ကရင်ရိုးရာဒုံးအကဖြင့် ကပြဖျော်ဖြေကြပြီး အခမ်းအနားကို အောဟူ့အောဟောင်သီချင်းဖြင့် သီဆိုရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**

# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် မုဒုံမြို့၌ စည်ကားစွာကျင်းပ

**မုဒုံ ဒီဇင်ဘာ ၁၈**

၂၇၅၇ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ကျင်းပရေးကော်မတီ(မုဒုံ)က ကြီးမှူးကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကို မုဒုံမြို့ မြို့မ (၄) ရပ်ကွက်၌ ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီက အလံတင်အခမ်းအနားဖြင့် စတင်ကျင်းပခဲ့သည်။

အခမ်းအနားကို နံနက် ၇ နာရီတွင် စတင်ဖွင့်လှစ်ပြီး ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်ကျင်းပရေး ကော်မတီက ကြီးမှူး၍ သဘာပတိအဖြစ် ဦးစောစိုးမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပေးပို့သော သဝဏ်လွှာကို ဦးစောစိန်သောင်းက ဖတ်ကြားပြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအောင်မြင့်ခိုင် ပေးပို့သော သဝဏ်လွှာကို ဦးစောမြင့်ဦးက ဖတ်ကြားကာ ကရင်အမျိုးသားနေ့ ဖြစ်ပေါ်လာပုံအကြောင်းကို နန်းအေးမြင့်ကြည်က ရှင်းလင်းဆွေးနွေးခဲ့သည်။

နှစ်သစ်ကူးပွဲတော်တွင် ကရင်ရိုးရာယဉ်ကျေးမှုနှင့် တေးဂီတပဒေသာဖျော်ဖြေရေး၊ ဒုံးယိမ်းအက တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**မုဒုံ-မောင်မောင်**



# မြန်မာ-တရုတ် တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် လေးစားယုံကြည် ချစ်ကြည်မှုများဖြင့် ဆောင်ရွက်နေမှုအခြေအနေ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့နံနက်ပိုင်းတွင် တရုတ်ပြည်သူ့လွတ်မြောက်ရေး တပ်မတော်၊ တောင်ပိုင်း စစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်၏ ဒုတိယဌာနချုပ်မှူးနှင့် ပူးတွဲ စစ်ဦးစီးဌာနအကြီးအကဲ Lieutenant General Chen Zhaohai ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**အထူးအလေးထား ဆောင်ရွက်**

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံ ဘက်စုံမဟာဗျူဟာ မိတ်ဖက်ဆက်ဆံရေးအဖြစ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ နှစ်နိုင်ငံတပ်မတော်အကြီးအကဲများ၏ တွေ့ဆုံဆွေးနွေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံ နယ်စပ်ပြဿနာများတွင် အစိုးရချင်း၊ တပ်မတော်ချင်း ချစ်ကြည်ရင်းနှီးပွင့်လင်းစွာ ပူးပေါင်း ဖြေရှင်းဆောင်ရွက်သွားမည့်အခြေအနေ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား အပြန်အလှန် လေးစားမှု၊ ယုံကြည်မှု၊ ချစ်ကြည်မှုများဖြင့် ဆက်ဆံဆောင်ရွက်နေမှုအခြေအနေ၊ မြန်မာ့တပ်မတော်၏ အိမ်နီးချင်းနိုင်ငံ တပ်မတော်များနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ကောင်းမွန်စေရေးအတွက် အထူးအလေးထား ဆောင်ရွက်နေမှု အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အပြန်အလှန်ဆွေးနွေးကြသည်။ **သတင်းစဉ်**



**ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် နှစ်နိုင်ငံတပ်မတော်အရာရှိကြီးများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။**




# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ တရုတ်နိုင်ငံအစိုးရက အမေရိကန်ဒေါ်လာ ငါးသိန်း ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်အား ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနသို့ လာရောက်တွေ့ဆုံသည်။

**အားပေးထောက်ခံ**

တွေ့ဆုံစဉ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) တွင် လက်မှတ်ရေးထိုးပြီးသော တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ရှစ်ဖွဲ့နှင့်အတူ ဆောင်ရွက်လျက်ရှိသည့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအဆင့်ဆင့်၏ လက်ရှိဆောင်ရွက်လျက်ရှိသော အခြေအနေများနှင့် NCA လက်မှတ်မရေးထိုးရသေးသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပါဝင် လက်မှတ်ရေးထိုးရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြပြီး တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆက်လက်အားပေးထောက်ခံလျက်ရှိကြောင်း ပြောကြားသည်။

**ပံ့ပိုးကူညီမှု**

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အစိုးရက တရုတ်-မြန်မာ ချစ်ကြည်ရေးကို ရှေးရှုလျက် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီအား ပံ့ပိုးကူညီမှုအဖြစ် အမေရိကန်ဒေါ်လာ ငါးသိန်းကို အာရှရေးရာအထူးကိုယ်စားလှယ်က ပေးအပ်လှူဒါန်းရာ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံပြီး (ဓာတ်ပုံ) ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာ့အသံချစ်သူများအဖွဲ့ Radio Fan Club အဖွဲ့ဝင်များ တွေ့ဆုံပွဲ ထားဝယ်မြို့၌ ကျင်းပမည်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားသည် ပြည်သူကိုမျက်နှာမူသည့် အစီအစဉ်ကောင်းများ ထုတ်လုပ်ရာတွင် ဒေသအလိုက် ပြည်သူများ၏ အသံများရရှိရေး၊ သောတရှင် ပြည်သူများထံမှ ရင်းနှီးပွင့်လင်းသော ဝေဖန်အကြံပြုချက်များရရှိပြီး လိုအပ်သလို ပြုပြင်ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ လေလှိုင်းပေါ်တွင် အသံဖြင့် ကျွမ်းဝင်ပြီးဖြစ်သော အစီအစဉ်တင်ဆက်သူများနှင့် သောတရှင်များ တိုက်ရိုက်တွေ့ဆုံရင်းနှီးခွင့်ရရှိခြင်းဖြင့် မြန်မာ့အသံအပေါ် ချစ်ခင်နွေးထွေးမှုနှင့် ယုံကြည်မှုပိုမိုရှင်သန်ခိုင်မာစေရေး၊ လူမှုကွန်ရက်နှင့်အခြားသတင်းရင်းမြစ်များမှရရှိလာသည့် သတင်းအချက်အလက်များ ဟုတ်၊ မဟုတ်၊ မှန်၊ မမှန် အတည်ပြုပေးနိုင်ရေးနှင့် မြန်မာ့အသံချစ်သူအဖွဲ့ဝင်များအား မြန်မာ့အသံ၏ သောတရှင်များအဖြစ်မှ မြန်မာ့အသံ၏ သတင်းထောက်များအဖြစ်သို့ စည်းရုံးဖော်ဆောင်ရေးဟူသော ရည်ရွယ်ချက်များဖြင့် မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club)အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၇ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါအခမ်းအနားများတွင် မြန်မာ့အသံ၏ လုပ်ငန်းဆောင်ရွက်မှု မှတ်တမ်းတင်ဗီဒီယိုပြသခြင်း၊ မြန်မာ့အသံအစီအစဉ်တင်ဆက်သူများက မိတ်ဆက်ခြင်းနှင့် တေးသီချင်းများဖြင့် ဖျော်ဖြေခြင်း၊ အမှတ်တရလက်ဆောင်များ ပေးအပ်ခြင်းတို့ပါဝင်မည်ဖြစ်ရာ ထားဝယ်ခရိုင်အတွင်းရှိ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များ အပါအဝင် အခြားနီးစပ်ရာဒေသများမှ မြန်မာ့အသံချစ်သူအဖွဲ့ဝင်များလည်း အခမ်းအနားသို့ အခမဲ့တက်ရောက်နိုင်ပြီး တက်ရောက်လိုသူများအနေဖြင့် ဖုန်း-၀၆၇-၇၉၂၁၅၊ ၀၉-၄၂၆၉၇၉၆၄၇ နှင့် ၀၉-၄၂၆၉၇၉၆၄၈ တို့သို့ ဆက်သွယ်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နောက်ဆုံးထား၍ အခမဲ့စာရင်းပေးသွင်းကြရမည်ဖြစ်သည်။ မြန်မာ့အသံချစ်သူအဖွဲ့သို့ ဝင်ရောက်လိုသည့် သောတရှင်များလည်း အဆိုပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်၍ အဖွဲ့ဝင်သစ်အဖြစ် အခမဲ့ဝင်ရောက်နိုင်ပြီး အခမ်းအနားတက်ရောက်ရန် စာရင်းပေးသွင်းနိုင်ကြသည်။

အခမ်းအနားတွင် Co-Sponsor အဖြစ် ပါဝင်ကူညီပံ့ပိုးလိုသည့် လုပ်ငန်းရှင်များအနေဖြင့် ဖုန်း-၀၆၇-၇၉၃၇၄ သို့ ဆက်သွယ်စုံစမ်းနိုင်ကြသည်။

အလားတူ မြန်မာ့အသံချစ်သူများအဖွဲ့ (Radio Fan Club) အဖွဲ့ဝင်များ တွေ့ဆုံပွဲအခမ်းအနားကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့၌ ကျင်းပသွားရန် စီစဉ်လျက်ရှိသည်။

**မြန်မာ့အလင်း**

# ၂၀၁၇ ခုနှစ် နှစ်လယ် မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့ ကျောက်စိမ်းအတွဲပေါင်း ၈၇၉ တွဲ ထပ်မံရောင်းချနိုင်ခဲ့




**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲ သတ္တမနေ့တွင် ကျောက်စိမ်းအတွဲပေါင်း ၈၇၉ တွဲကို စုစုပေါင်း တန်ဖိုး ယူရိုငွေ ၇၈ ဒသမ ၂၈၃ သန်းဖြင့် ရတနာကုန်သည်များထံ ထပ်မံရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

ပြပွဲသတ္တမနေ့ကို ယနေ့ နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက် ကျင်းပခဲ့ပြီး **(အပေါ်ပုံ)** အခြေခံဈေး ယူရိုငွေ ၄၀၀၀ နှင့်အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲများနှင့် အခြေခံဈေး ယူရိုငွေ ၁၀၀၀ နှင့် အထက် တန်ဖိုးသတ်မှတ်ထားသည့် ကျောက်စိမ်းအတွဲ အတွဲအမှတ် ၂၃၀၁ မှ ၃၄၅၀ အထိ စုစုပေါင်း ၁၁၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲပေါင်း ၈၇၉ တွဲကို စုစုပေါင်းတန်ဖိုး ယူရိုငွေ ၇၈ ဒသမ ၂၈၃ သန်းဖြင့် ပြည်တွင်းပြည်ပ ရတနာကုန်သည်များက ဝယ်ယူခဲ့ကြခြင်းဖြစ်သည်။

ယနေ့အထိ ကျောက်မျက်အတွဲစုစုပေါင်း ၁၉၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချပေးခဲ့ရာ ကျောက်မျက်အတွဲ ၃၂ ကို ယူရိုငွေ ၀ ဒသမ ၇၆၇ သန်းဖြင့် လည်းကောင်း၊ ကျောက်စိမ်းအတွဲစုစုပေါင်း ၃၄၅၀ တွဲကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပြသရောင်းချပေးခဲ့ရာ ကျောက်စိမ်းအတွဲ ၂၆၅၉ တွဲကို ယူရိုငွေ ၁၆၅ ဒသမ ၃၂၃ သန်းဖြင့် လည်းကောင်း ဝယ်ယူခဲ့ကြောင်း သိရသည်။

ယနေ့ပြပွဲသို့ ပြည်တွင်းပြည်ပရတနာကုန်သည် စုစုပေါင်း ၄၄၂၀ ဦး တက်ရောက်ကြပြီး ကျောက်စိမ်း၊ ကျောက်မျက် တန်ဖိုးမြင့်အချောထည်ပစ္စည်းများနှင့် ကျောက်စိမ်းအတွဲများကို စိတ်ကြိုက်ကြည့်ရှုလေ့လာ ဝယ်ယူခဲ့ကြသည်။

၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို ဒီဇင်ဘာ ၂၁ ရက် အထိ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၃၄၅၁ မှ ၄၆၀၀ ထိလည်းကောင်း၊ ဒီဇင်ဘာ ၂၀ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၄၆၀၁ မှ ၅၇၅၀ ထိ လည်းကောင်း၊ ဒီဇင်ဘာ ၂၁ ရက်တွင် ကျောက်စိမ်းအတွဲအမှတ် ၅၇၅၁ မှ ၆၆၈၅ ထိ လည်းကောင်း ကျောက်စိမ်းအတွဲများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

**သတင်းစဉ်**

# ချောင်းသာကမ်းခြေသို့ အလွယ်တကူ သွားလာနိုင်သော ဧရာဝတီတိုင်းက ဥတိုတံတား

မောင်တင်လှိုင် (ဟိုတယ်/ခရီး)

ဥတိုတံတားရှိရာ ဥတိုကျေးရွာသို့ စာရေးသူရောက်ရှိခဲ့သည်။ ဥတိုကျေးရွာသည် ရွှေသောင်ယံမြို့နယ်၌ တည်ရှိသည်။ အိမ်ခြေ ၁၂၄ အိမ်၊ လူဦးရေ ၅၄၉ ဦးရှိပြီး မူလတန်းပညာကို သင်ယူနေသည့် ကျောင်းသား ကျောင်းသူ ၁၀၃ ဦးရှိသည်။ ကျေးရွာသူ ကျေးရွာသားများသည် ရိုးသား၍ ရေလုပ်ငန်းများကို အသက်မွေးဝမ်းကျောင်းပြုကြသည်။

ဥတိုတံတားကြောင့် ပုသိမ်-ချောင်းသာ ၃၆ မိုင်ခရီးကို အလွယ်တကူ သွားလာနိုင်ကြမည်ဖြစ်သည်။

**အချိန်ကုန် လူပင်ပန်း ဖြစ်ခဲ့ရ**

ပုသိမ်-ရွှေပြာ-ချောင်းသာလမ်းသည် ၁၉၆၅ ခုနှစ်မှစ၍ အမှတ် (၉၀၄) တပ်မတော်အင်ဂျင်နီယာတပ် (ဂျီအီး) မှ စတင်ဆောင်ရွက်ခဲ့ပြီး ၁၉၇၄ ခုနှစ် ဧပြီလတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင်လမ်းအဖြစ် လွှဲပြောင်းပေးခဲ့သည်။ ဥတိုတံတားမရှိခင်ချိန်က ပုသိမ်မှ ချောင်းသာသို့ စက်လှေ (သို့မဟုတ်) သင်္ဘောဖြင့် သွားရပြီး ရွှေပြာမှ တစ်ဆင့် ဆိပ်ကြီးကျေးရွာသို့ လမ်းကြမ်းအား ကားဖြင့်လည်းကောင်း၊ စက်လှေဖြင့်လည်းကောင်း ချောင်းသာသို့ သွားရောက်ခဲ့ရာ တစ်နေကုန် သွားရသည့်အတွက် အချိန်ကုန် လူပင်ပန်းခြင်း ဖြစ်ခဲ့ရသည်။

**၅၆ စင်းမြောက်တံတား**

ဥတိုတံတားသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ် ရွှေပြာ-ချောင်းသာလမ်းပေါ်ရှိ ဥတိုချောင်းကို ဖြတ်သန်းဆောက်လုပ်ထားသည့် တံတားဖြစ်သည်။ အလျားပေ ၉၆၀၊ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိသည့် နှစ်လမ်းသွားဖြစ်ပြီး ငွေကျပ် ၂ ဒသမ ၇ ဘီလီယံ ကုန်ကျခဲ့သည့် နှစ်လွှာတစ်ထပ် ဘေလီတံတားဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီးအတွင်း ၅၆ စင်းမြောက် တံတားကြီးဖြစ်သည်။

၁၉၈၅ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနက ဥတိုတံတားသစ်သား Pile များဖြင့် တည်ဆောက်ပေးခဲ့ပြီး ရွှေပြာမှ ချောင်းသာသို့ကားဖြင့် သွားလာခဲ့ရသည်။ တံတားမှာ ပင်လယ်ရေငန်ထိတွေ့မှုကြောင့် သစ်သားတံတားတိုင်များ ဒီပိုးစားလာခြင်းကြောင့် ၁၉၉၇ ခုနှစ်တွင် မူလသစ်သားတံတားကို ဖျက်သိမ်းပြီး အောက်ခြေတွင် သံကူကွန်ကရစ်တံတားတိုင်များကို နှစ်လမ်းသွား သံကူကွန်ကရစ်တိုင်များအဖြစ် ဆောင်ရွက်ပေးပြီး ယာဉ်သွားလမ်းကို နှစ်လွှာတစ်ထပ်ဘေလီ တစ်လမ်းသွားအဖြစ် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**အချိန်တိုအတွင်း သွားရောက်နိုင်ခဲ့**

ပုသိမ်တံတားမရှိခင် ရွှေမြင်တင်မှ တစ်ဖက်ကမ်း



သန်လျက်စွန်းကို ဇက်ရေယာဉ်ဖြင့် ကူးပြီး သန်လျက်စွန်းမှ တစ်ဆင့် ချောင်းသာသို့ သွားခဲ့ရသည်။ နောက်ပိုင်းတွင် ပုသိမ်တံတား၊ ကျောက်ချောင်းတံတားနှင့် ပုသိမ်တံတားအနောက်ဘက် ချဉ်းကပ်လမ်းများ တည်ဆောက်ပေးနိုင်သဖြင့် ပုသိမ်မှ ချောင်းသာသို့အချိန်တိုတိုအတွင်း သွားရောက်နိုင်ခဲ့သည်။

ယခင်က ၁၂ ပေအကျယ်သာရှိသည့်အတွက် မျက်နှာချင်းဆိုင် ယာဉ်များတွေ့ရှိပါက ကားတစ်စီးနှင့် တစ်စီး ရပ်ပြီး ရှောင်သွားရသည့်အတွက် အခက်အခဲများနှင့် ရင်ဆိုင်ခဲ့ရသည်။

ဥတိုတံတား နှစ်လမ်းသွားနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်း တည်ဆောက်နိုင်ခဲ့သည့်အတွက် ဒေသမှာရှိကြသည့် ကျေးရွာအုပ်စုများမှ ပြည်သူများ သွားရေးလာရေး လွယ်ကူပြီး လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှု အကျိုးစီးပွားကို သိသိသာသာ တိုးတက်ခံစားကြရတော့မည်ဖြစ်သည်။

> “ချောင်းသာကမ်းခြေ အပန်းဖြေစခန်းကို နိုင်ငံတစ်ဝန်း သာမက ပြည်ပခရီးသွားများပါ အထူးစိတ်ဝင်စားခဲ့ရာ ယခုကဲ့သို့ လမ်းတံတားများ ဖွင့်လှစ်နိုင်ခြင်းအတွက် ရခိုင်ပြည်နယ် ကန်သာယာနှင့် ငပလီအပန်းဖြေစခန်းအထိ ဆက်နွှယ်ထိစပ်ခြင်းကို အလွယ်တကူ သွားရောက်နိုင်”

**လမ်းကွန်ရက်များ သွယ်တန်းယှက်ဖြာလျက်ရှိ**

ဧရာဝတီတိုင်းဒေသကြီးသည် အနောက်ရိုးမတောင်တန်းကြီးနှင့် ဧရာဝတီမြစ်ကြီးအကြားအလယ်တွင် ငဝန်မြစ် (ခ) ဒါးကမြစ်ဝှမ်းတို့ဖြင့် တည်ရှိနေသည်။ ဧရာဝတီမြစ်ကြီးနှင့် စခဲ့ရာမှ တောင်ဘက်စွန်းသို့ အရောက်တွင် မြစ်ပေါက် ၉၃ အထိ ကျယ်ဝန်းလာပြီး တောင်မြောက်လမ်းမကြီးများ အနေဖြင့် မော်တင်စွန်း၊ ငရုတ်ကောင်း၊ ပုသိမ် (ငွေဆောင်-ချောင်းသာ) ရေကြည်/ရေနံ့သာ (ဂွ)၊ လေးမျက်နှာ (ပန်းတောကြီး)၊ အင်္ဂပူ (ကွင်းကောက်)၊ မြန်အောင်၊ ကြံမင်း၊ ဘက်ရဲ၊ ဥသျှစ်ပင်တို့ကို ဖြတ်သန်းသည့် ပုသိမ်၊ မုံရွာ၊ ရေဦးမြို့လမ်း၊ ထိပ်စွန်း-လပွတ္တာ-မြောင်းမြ-အိမ်မဲ-ကျောင်းကုန်း-ကျုံပျော်- ဟင်္သာတ-အင်္ဂပူ- မြန်အောင်- ကြံခင်းလမ်း- ပြင်စလူ-ကွင်းပေါက်- သစ်ပုတ်- မအူပင်-ညောင်တုန်း- ဓနုဖြူ ဇလွန်-ဟင်္သာတလမ်းများ- ပုသိမ်- ချောင်းသာ- ငွေဆောင်လမ်း စသည်ဖြင့် လမ်းကွန်ရက်များ သွယ်တန်းယှက်ဖြာလျက် တည်ရှိကြောင်း တွေ့ရှိရမည်ဖြစ်သည်။

**လိုအပ်ချက်များ ပြည့်စုံလာ**

မြစ်ချောင်းပေါများ၍ လမ်းပန်းဆက်သွယ်မှု ခက်ခဲသဖြင့် ဒေသဖွံ့ဖြိုးရေး နှောင့်နှေးခဲ့ကြသည်။ ဒေသတစ်ခု၏ ဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်ရေးသည် အဓိကအကျဆုံးနှင့် အလိုအပ်ဆုံးဖြစ်ပြီး လမ်းပန်းဆက်သွယ်မှုကောင်းမွန်ခြင်းသည် ဖွံ့ဖြိုးတိုးတက်ခြင်း၏ အခြေခံအဖြစ် ခံယူပြီး ဆောင်ရွက်ပေးခဲ့သည်။ အခြေခံကောင်းများကို ဖြည့်ဆည်းပေးနိုင်မှုကြောင့် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးလိုအပ်ချက်များ ပြည့်စုံဖွံ့ဖြိုးလာသည်ကို တွေ့မြင်ခဲ့ရသည်။

ဥတိုတံတားနှင့် ကတ္တရာလမ်းသစ်ကြောင့် နိုင်ငံတစ်ဝန်းရှိ ပြည်သူ ပြည်သားအပေါင်း ခရီးသွားလုပ်ငန်းနှင့် ကမ်းခြေဒေသ အပန်းဖြေမှုကို အထူးအားပေးရာ ရောက်စေခဲ့သည်။

**ငပလီအပန်းဖြေစခန်းအထိ အလွယ်တကူ သွားရောက်နိုင်**

ချောင်းသာကမ်းခြေအပန်းဖြေစခန်းကို နိုင်ငံတစ်ဝန်း သာမက ပြည်ပခရီးသွားများပါ အထူးစိတ်ဝင်စားခဲ့ရာ ယခုကဲ့သို့ လမ်းတံတားများ ဖွင့်လှစ်နိုင်ခြင်းအတွက် ရခိုင်ပြည်နယ် ကန်သာယာနှင့် ငပလီအပန်းဖြေစခန်းအထိ ဆက်နွှယ်ထိစပ်ခြင်းကို အလွယ်တကူ သွားရောက်နိုင်ပေသည်။ ဥတိုတံတားကြီးကို နှစ်လမ်းသွား အဆင့်မြှင့်တင်တည်ဆောက်ထားပြီး လမ်းပိုင်းကိုလည်း ကတ္တရာလမ်း အဆင့်မြှင့်တင်ပေးခဲ့နိုင်ခြင်းကြောင့် ပြည်သူများ ဝမ်းသာလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရသည်။ ဆန်စပါး၊ ပဲ၊ ဆားနှင့် ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ခဲ့ကြမည်ဖြစ်သည့်အတွက် စီးပွားရေးကောင်းမွန်လာစေသော ဆောင်ရွက်ချက်ပင်ဖြစ်သည်။

ဥတိုတံတား နှစ်လမ်းသွားနှင့် ၁၈ ပေအကျယ် ကတ္တရာလမ်းတည်ဆောက်ပေးနိုင်ခဲ့သည်။ ရေလယ်တိုင်များ၏ အုတ်မြစ်ခုံများကို Grouting Cement များဖြင့် အားဖြည့်ဆောင်ရွက်ခြင်းတို့ ပြုလုပ်ပြီး တံတားအပေါ်ထည်အပိုင်းကို သုံးလွှာတစ်ထပ် ဘေလီဖြင့် ကြမ်းခင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကာ ရေလမ်းကင်းလွတ်အကျယ် ၈၄ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ခုနစ်ပေ၊ ချဉ်းကပ်လမ်း အပါအဝင် တံတားအရှည်ပေ ၉၆၀ ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေ နှစ်လမ်းသွားတံတားဖြစ်သည်။ ယာဉ်နှင့် ကုန်တစ်စီးချင်းခံနိုင်ဝန်မှာ တန် ၃၀ ဖြစ်သည်။ ဒေသခံပြည်သူများအနေဖြင့် လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး စသည့်လုပ်ငန်းများ သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ဒေသခံတိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းရုံးမှုကိုလည်း ပိုမိုတိုးတက်ရရှိစေသော တံတားဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ဒေသခံ မဟုတ်သည့် ဝန်ထမ်းများအတွက် ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ဆောက်လုပ်လျက်ရှိ

**ကျီခါး ဒီဇင်ဘာ ၁၈**

ချင်းပြည်နယ် ဖလမ်းခရိုင် ကျီခါးမြို့ပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၇- ၂၀၁၈ ဘဏ္ဍာရေးအတွင်း လေးခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာ တစ်လုံးအား ကျီခါးမြို့ အမှတ် ၂ ရပ်ကွက်အတွင်း ဆောက်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဝန်ထမ်းအိမ်ရာအဆောက်အအုံကို အောက်တိုဘာ ၁၀ ရက်မှ စတင်ဆောင်ရွက်လျက် ၂၀၁၈ ခုနှစ် မတ်လကုန်ပြီးစီးမည်ဖြစ်ကြောင်း၊ ယခုအခါ လုပ်ငန်း၏ ၃၀ ရာခိုင်နှုန်းခန့် ပြီးစီးသွားပြီဖြစ်ပြီး ခွင့်ပြုရန်ပုံငွေမှာ ငွေကျပ် ၂၁၅ ဒသမ ၀၀ သန်းဖြစ်ကြောင်း လုပ်ငန်းရှင်များထံမှ သိရသည်။



ကျီခါးမြို့ကို အစိုးရရုံးစိုက်ရာမြို့အဖြစ် ၂၀၀၂ ခုနှစ်က ဖွဲ့စည်းထားပြီး မြို့ပေါ်တွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ စာတိုက်နှင့် ကြေးနန်းဌာန၊ ရဲစခန်း စသောဌာနများအပါအဝင် အစိုးရဌာနများစွာဖြင့် ရုံးစိုက်ထားကြောင်း၊ ယင်းဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပြီးစီးသွားပါက အဓိကအားဖြင့် ဒေသခံမဟုတ်သော အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လာရောက် တာဝန်ထမ်းဆောင်သည့် အစိုးရဝန်ထမ်းများအတွက် များစွာ အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ယင်းမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများမှာ ဒေသခံဝန်ထမ်းများအပြင် ကလေးမြို့၊ ဂန့်ဂေါမြို့၊ ရန်ကုန်မြို့နှင့် ပလက်ဝ စသောမြို့များမှ လာရောက် တာဝန်ထမ်းဆောင်ကြကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးကျင်ဇာခမ်ထံမှ သိရသည်။

နေစု (ချင်းရိုးမ)

## ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး သီပေါ၌ အစုလိုက်ထိုးနှံ

**သီပေါ ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ကျန်းမာရေးဦးစီးဌာနက ကြီးမှူး၍ ကလေးသူငယ်များအားဂျပန်ဦးနှောက်ရောင်ရောဂါ အစုလိုက်ကာကွယ်ဆေးထိုးနှံခြင်းကို ဒီဇင်ဘာ ၁၆ ရက်က တောင်မြို့ရပ်ကွက် ၂၅၀၀ ဘုန်းတော်ကြီးကျောင်း ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ တောင်မြို့ရပ်ကွက်အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ဂျပန်ဦးနှောက်ရောင်ရောဂါသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများနှင့် အနောက်ပစိဖိတ်ဒေသ ၂၄ နိုင်ငံတွင် နှစ်စဉ်ဖြစ်ပွားလေ့ရှိကြောင်း၊ ယင်းရောဂါသည် ခြင်မှတစ်ဆင့် ကူးစက်ခြင်းဖြစ်ရာ ဦးနှောက်နှင့်အာရုံကြောစနစ်တို့ကို ထိခိုက်နိုင်ခြင်းကြောင့် နောက်ဆက်တွဲဆိုးကျိုးများ ဖြစ်ပွားနိုင်ကြောင်း စသည်ဖြင့် ပညာပေး ဟောပြောသည်။ ဆက်လက်၍ ကျန်းမာရေးဝန်ထမ်းများက ရပ်ကွက်အတွင်းရှိ အသက်ကိုးလမှ ၁၅ နှစ်အထိ ကလေးများအား ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေး ထိုးနှံပေးခဲ့သည်။

ဂျပန်ဦးနှောက်ရောင်ရောဂါကာကွယ်ဆေး အစုလိုက်ထိုးနှံခြင်းကို ဒီဇင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ရပ်ကွက်အတွင်း ကျန်ရှိသည့် ကလေးသူငယ်များနှင့် အခြေခံပညာကျောင်းမှ ကလေးသူငယ်များအား ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စိုင်း (သီပေါ)

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ သင်ကြားရေးဆိုင်ရာများနှင့် တရုတ်တိဘက်ယဉ်ကျေးမှုဆိုင်ရာ ကိစ္စများဆွေးနွေး

ရန်ကုန် ဒီဇင်ဘာ ၁၈

**နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ်ဆရာတော်တို့အား တရုတ်ပြည်သူ့သမ္မတနိုင်ငံ တရုတ်တိဘက် သုတေသနဌာန အကြီးအကဲ မစ္စတာကျန်းယွင် ဦးဆောင်သည့် တိဘက်ယဉ်ကျေးမှုဖလှယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် လာရောက်တွေ့ဆုံ ဖူးမြော်ကြသည်။**

တရုတ်တိဘက် သုတေသနဌာန အကြီးအကဲ ဦးဆောင်သည့် တိဘက်ယဉ်ကျေးမှုဖလှယ်ရေး ကိုယ်စားလှယ်အဖွဲ့သည် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓ သာသနာပြုတက္ကသိုလ် ဗဟိုဆောင်ဧည့်ခန်း၌ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသ အမှူးပြုသော ဌာနမှူး၊ ကထိကဆရာတော်များအား ဖူးမြော်တွေ့ဆုံပြီး အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့် တရုတ်တိဘက်ယဉ်ကျေးမှုဆိုင်ရာကိစ္စများကို အပြန်အလှန် ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာဓမ္မသဘင်၌ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင် မင်းကျောင်းဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများအား ဖူးမြော်တွေ့ဆုံကြရာ အကျိုးတော်ဆောင် ဆရာတော်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ သာသနာတော်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားရေးအတွက် ဆောင်ရွက်နေမှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ထေရဝါဒ ဗုဒ္ဓသာသနာပြုလုပ်ငန်းများ၊ ပရိယတ္တိစာပေ ကျမ်းဂန်များ သင်ကြားပေးနေမှုနှင့် ပရိပတ္တိတရားရိပ်သာများ တည်ထောင်ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းမြွက်ကြားသည်။

**သတင်းစဉ်**




# နိုင်ငံတစ်ဝန်း ကရင်နှစ်သစ်ကူးပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပ



ဘားအံမြို့၌ ကျင်းပသည့် ကရင်ရိုးရာ နှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် ကရင်အမျိုးသား အလံအား အလေးပြုကြစဉ်။

## ဘားအံ

ကရင်နှစ်သစ်ကူးနေ့ကို ကရင်တိုင်းရင်းသားများ နေထိုင်ရာဒေသများ၌ နှစ်စဉ်နှစ်တိုင်း ကျင်းပသည့်အပြင် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အတူတကွ ပြန်လည်ဆုံစည်း၍ ကရင်ရိုးရာကောက်သစ်စားပွဲနှင့် စပါးစောင့်နတ် ဖီးဘူးယော် ပူဇော်ပွဲတို့ကိုလည်း ကျင်းပရာ ယခုနှစ် ကရင်နှစ်သစ်ကူး ပွဲတော်ကို ဘားအံမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ကရင်နှစ်သစ်ကူးနေ့ အလံတင် အခမ်းအနားကို ဘားအံမြို့သီရိကွင်း၌ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပရာ ကျွဲချို မှုတ်၍ ဖားစည်တီးကာ ကရင်ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ကရင်အမျိုးသားအလံတော်ကို လွှင့်တင်ပေးကာ တက်ရောက်လာသူများက အလေးပြုကြသည်။

နံနက် ၇ နာရီတွင် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်က ကရင်နှစ်သစ်ကူးနေ့ မိန့်ခွန်းကို ပြောကြားကာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်းက လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းမှ ပေးပို့သော သဝဏ်လွှာကို သဘာပတိ ဦးစောအေးမြက လည်းကောင်း ဖတ်ကြားကြသည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံအကျဉ်းကို သူနာပြုသင်တန်းသူလေးများက ဖတ်ကြားကြပြီး ခေတ္တပြည်နယ်ဝန်ကြီးချုပ် ဦးသန်းနိုင်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများက ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံအထင်ကရ သက်ကြီး ကရင်အဘိုး အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ကြကာ ကရင်ဘာသာဖြင့် စည်းလုံးခြင်းသည် အင်အားဟု အဓိပ္ပာယ်ရသော (အောဟုအောဟောင်သီချင်း ဖြင့်) စုပေါင်းသီဆို၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ကရင်ရိုးရာ ကောက်သစ်စားပွဲနှင့် ဖီးဘူးယော်ပူဇော်ပွဲကို ဆက်လက်ကျင်းပရာ ကရင်လူမျိုးတို့၏ ရှေးခေတ်ဓလေ့ထုံးတမ်းအစဉ်အလာများနှင့်အညီ ကျင်းပခဲ့သည်။ ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရွှင်ပွဲများကို ထည့်သွင်းကျင်းပရာ တိုင်းရင်းသားပြည်သူများ ပျော်ရွှင်စွာကစားခဲ့ကြပြီး ညပိုင်းတွင် ဒုံးအကဖျော်ဖြေပွဲများ၊ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ တိုင်းရင်းသားအကအလှပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## သံတောင်ကြီး

ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို ကရင်ပြည်နယ် သံတောင်ကြီးတွင် ဒီဇင်ဘာ ၁၈ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

အခမ်းအနားကို နံနက် ၅ နာရီခွဲက ကရင်နှစ်သစ်ကူးတောင်၌ ကျင်းပပြီး ရှေးဦးစွာ ကရင်အမျိုးသားအလံအား လွှင့်တင်ပြီး အလေးပြုခဲ့ကြသည်။ ဆက်လက်၍ ဘုရင့်နောင် တပ်နယ်မှူး ဗိုလ်မှူးချုပ်လှမင်းက နှစ်သစ်ကူး မင်္ဂလာနှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်ထံမှ ပေးပို့သော သဝဏ်လွှာကို ဒုတိယ မြို့နယ် အုပ်ချုပ်ရေးမှူး ဦးနေသွေးက လည်းကောင်း၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံမှ ပေးပို့သော သဝဏ်လွှာ၊ KNU ဥက္ကဋ္ဌ စောမူတူးစေးဖိုးက ပေးပို့သော သဝဏ်လွှာ၊ KNUတပ်မဟာ (၂)မှ ပေးပို့သော သဝဏ်လွှာတို့ကို တာဝန်ရှိသူများက ဖတ်ကြားကြပြီး နှစ်သစ်ကူး ဒေသနာတရားအတွက် မြန်မာနိုင်ငံ ကက်သလစ်အသင်းတော် အတွင်းရေးမှူး ဖာသာမိုးလွင်က ဟောကြားခဲ့သည်။

နှစ်သစ်ကူးအခမ်းအနား အပြီးတွင် ကရင်နှစ်သစ်ကူးနေ့အထိမ်းအမှတ် ဘွဲ့လူမျိုးများ၏ ရိုးရာနှစ်သစ်ကူးနေ့တွင် ပြုလုပ်မြဲဖြစ်သော တံခွန်တိုင်အဖိုနှင့် တံခွန်တိုင်အမ နှစ်တိုင်တို့ကို အတူတကွစိုက်ထူခဲ့ကြကာ ကရင်အမျိုးသားသီချင်းအား သီဆိုကြပြီး မင်္ဂလာနှစ်သစ် နံနက်စာ လက်ဆုံစားခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လှိုင်ကော်

ကယားပြည်နယ်လုံးဆိုင်ရာ ၂၇၅၇ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်အား ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီခွဲက လှိုင်ကော်မြို့ ထေးသမရပ်ကွက် မောဒူးဒီးဘိုး ဟိုးကေထိုးဘိုးကွင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အမှာစကားပြောကြားပြီး ကျင်းပရေးကော်မတီနာယက ဆရာမ ဖောဖကြီးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။ ဆက်လက်ပြီး ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(လှိုင်ကော်) ဒေသကွပ်ကဲရေးမှူးနှင့် ကရင်နီပရိုတောကလယ်စေးမှ နှစ်သစ်ကူး နှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အတွက်ပေးပို့လာသော သဝဏ်လွှာများအား ကိုယ်စားလှယ်များက ဖတ်ကြားကာ ကျင်းပရေးကော်မတီဝင် ဆရာစောတောက ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။ ယင်းနောက် တာဝန်ရှိသူများက နှစ်သစ်ကူး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ဖီးယူးယော်နတ်ဆရာ ဒေါက်တာစောဌေးမြင့်၊ ဖီးဘူးယော်ဒကာ စောခေါ်ဖလိုး မိသားစု၊ ဖီးဘူးယော်အဖွဲ့၊ နော်ချယ်ထူးနှင့်အဖွဲ့တို့မှ ကရင်ရိုးရာ စပါးနတ် ပူဇော်ခြင်းများ ဆောင်ရွက်ခဲ့ပြီး ကရင်အမျိုးသားစည်းလုံးရေးသီချင်း သီဆိုခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ရန်ကုန်

သလေ၊ ထိုင်ခုတ်ဖို၊ ပြာသိုလဆန်း ၁ ရက်သည် ကရင်တိုင်းရင်းသားတစ်မျိုးသားလုံး၏ နှစ်သစ်မင်္ဂလာနေ့မြတ်ဖြစ်သည်နှင့်အညီ ကရင်နှစ်သစ်ကူးပွဲတော်ကို အနောက်ပိုင်းခရိုင် အလုံမြို့နယ် ကရင်ခြံရပ်ကွက်ရှိ အထက ၁ ဘောလုံးကွင်းတွင် ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

၂၇၅၇ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် အလံတော် အခမ်းအနားနှင့်အတူ ဟောပြောပွဲကျင်းပခြင်း၊ ပညာရေးထူးချွန် ကျောင်းသား၊ ကျောင်းသူတို့ကို ဆုပေးခြင်း၊ သက်ကြီးပူဇော်ပွဲနှင့် ဩဝါဒခံယူခြင်း၊ ဒုံးအကများဖြင့် ဆင်နွှဲကြသည်။ ဆက်လက်၍ ပျော်ပွဲရွှင်ပွဲများကို ကျင်းပရာ ဘော်လီဘောပွဲ၊ စားပွဲတင်တင်းနစ်၊ ကလေး၊ လူငယ် အပျော်တန်းလက်ဝှေ့ပွဲနှင့် အခြား အားကစားပွဲများကို ကျင်းပပြီး ညနေ ၆ နာရီတွင် ရိုးရာအက၊ စတိတ်ရှိုးနှင့် ဒုံးအကတို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တွင် ရိုးရာအသုံးအဆောင်ပစ္စည်းများနှင့် နှစ်ပေါင်း ၆၀ ကျော်က ရိုးရာဂျပ်ခုပ် အဝတ်အထည်တို့ကိုလည်း ပြသထားပြီး နှစ်သစ်ကူးဖြစ်ပေါ်လာပုံ၊ ကရင်တိုင်းရင်းသားများ ဆင်းသက်လာပုံနှင့် ကရင်တိုင်းရင်းသားခေါင်းဆောင်ပုံတို့ကို ပြသထားကာ ကရင်နှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

## မန္တလေး

၂၇၅၇ ခုနှစ် ကရင်နှစ်သစ်ကူးပွဲတော်ကို မန္တလေးမြို့၌ ယနေ့နံနက်၇နာရီက မဟာမုနိဘုရားကြီး ၄၅ တာ အနောက်ဘက်ရှိ သာသနာ့ ၂၅၀၀ ရတနာဗိမာန်တော်၌ စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် နိုင်ငံတော် အလံနှင့် ကရင်အမျိုးသားအလံအား အလေးပြုကြပြီးနောက် နံနက် ၅ နာရီခွဲတွင် ဆရာတော် သံဃာတော် အပါး ၁၀၀ အား အရုဏ်ဆွမ်း မုန့်ဟင်းခါးဆွမ်း ဆက်ကပ်၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ ဆရာတော်ကြီးထံမှ ရေစက်ချတရားနာယူကြပြီး အမျှပေးဝေ ကုသိုလ်ပြုခဲ့ကြသည်။

ဆက်လက်၍ ကရင်အမျိုးသားသီချင်းကို သံပြိုင်သီဆို၍ အခမ်းအနားစတင်ပြီး ပွဲတော်ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစောခင်စိန်က ကရင်နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် ကရင်နှစ်ကူးပွဲတော် ကျင်းပရေးဗဟိုကော်မတီ (မဟာရန်ကုန်)မှပေးပို့သည့် သဝဏ်လွှာများအား ဖတ်ကြားကြသည်။ ဆက်လက်၍ ဦးစောဘရိုက်က ကရင်တစ်မျိုးသားလုံးအား ကိုယ်စားပြုသည့် ဖားစည်အကြောင်းကို ပြောကြားပြီး ၂၀၁၆-၂၀၁၇ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းခြောက်ဘာသာ ဂုဏ်ထူးရှင် နန်းထက်ထက်ဇင်နှင့်ဂုဏ်ထူးရှင်များအား ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြ သည်။

အလားတူ မန္တလေးမြို့ အောင်တော်မူရပ်ရှိ ကရင်နှစ်ခြင်း ခရစ်ယာန်အသင်းတော်၌ ကရင်နှစ်သစ်ကူးပွဲတော် ဆုတောင်းပွဲအခမ်းအနား ကျင်းပရာ ကရင်တိုင်းရင်းသားတို့၏ ရိုးရာအသုံးအဆောင်များ၊ တိုင်းရင်းသားရိုးရာ အထိမ်းအမှတ် အမှတ်တရပစ္စည်း အရောင်းဆိုင်များဖြင့် အထူးစည်ကားကြောင်းသိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



လှိုင်ကော်မြို့၌ ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက ကျင်းပသည့် ကရင်နှစ်သစ်ကူးပွဲတော်အခမ်းအနားတွင် ကရင်ရိုးရာ စပါးနတ်ပူဇော်ကြစဉ်။




၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အခမ်းအနားတက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❍ *ကျော်ဖုံးမှ*

သွားလာခြင်းသည် လူတစ်ဦးချင်းအတွက် စွန့်စားမှုတစ်ရပ်ဖြစ်လာကြောင်း၊ လက်ရှိတွင် တစ်ကမ္ဘာလုံးဆိုင်ရာဖြစ်စဉ်များ၊ နိုင်ငံများအကြား ပိုမိုဆက်သွယ်လာခြင်းများ၊ ပို့ဆောင်ဆက်သွယ်ရေး တိုးတက်လာခြင်းများ၊ လူသားများ၏ ပဋိပက္ခများ၊ ရာသီဥတု ပြောင်းလဲလာခြင်းများစသည့် အကြောင်းများကြောင့် တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့လိုသည့် ပြောင်းနိုင်စွမ်းရှိသည့် လူဦးရေတိုးတက်များပြားလာသည်ကို မြင်ရကြောင်း။

**စိန်ခေါ်မှုများဖြစ်လာ**

အာရှဒေသနှင့် ပစိဖိတ်ဒေသများသည် နိုင်ငံတွင်းနှင့် အခြားနိုင်ငံများသို့ ရွှေ့ပြောင်းသွားလာမှုမြင့်မားသည့် ဒေသကြီးများဖြစ်ကြောင်း၊ ရွှေ့ပြောင်းသွားလာခြင်း၏ အကြောင်းတရားသည် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှု ရရှိနိုင်ရန်ဖြစ်ကြောင်း၊ ထိုအချိန်တွင် မြို့ပြများတွင် လူဦးရေထူထပ်လာပြီး မတူကွဲပြားသည့် ယဉ်ကျေးမှုများနှင့် လူမှုအဖွဲ့အစည်းသဟဇာတဖြစ်ရေးများသည် စိန်ခေါ်မှုများဖြစ်လာကြောင်း။

**သိသာစွာမြင့်မား**

အာဆီယံဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားအရေအတွက် ၆ ဒသမ ၅ သန်းရှိပြီး မလေးရှား၊ စင်ကာပူနှင့် ထိုင်းနိုင်ငံတို့သည် ဒေသတွင်းအဓိက ရွှေ့ပြောင်းသွားလာကြသည့် နေရာများဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ဒေသတွင်းရွှေ့ပြောင်းသွားလာခြင်းသည် သိသာစွာမြင့်မားလာပြီး အထောက်အထားမဲ့သည့်အပြင် ကျွမ်းကျင်မှုအားနည်းသည့် အာဆီယံရွှေ့ပြောင်းအလုပ်သမားများသည် စီးပွားရေးအခွင့်အလမ်း ရှာဖွေရေးအတွက် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် အိမ်တွင်း အထောက်အကူလုပ်ငန်းများတွင် အများဆုံးလုပ်ကိုင်နေကြကြောင်း ကမ္ဘာ့ဘဏ်၏ ၂၀၁၇ ခုနှစ် အောက်တိုဘာတွင် ထုတ်ပြန်ထားသည့် အစီရင်ခံစာအရ သိရှိရပါကြောင်း။

ရွှေ့ပြောင်းလုပ်သားများ၏ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အဓိကလိုအပ်နေပြီး ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်လာစေရန် သက်ဆိုင်ရာဝန်ကြီးဌာနများသာမက ပုဂ္ဂလိကအခန်းကဏ္ဍနှင့် ပြည်သူလူထုကိုယ်တိုင် ပူးပေါင်းဆောင်ရွက်မှုသည် အထူးအရေးကြီးကြောင်း။ ထို့ပြင် အလုပ်သမားများ၏ ကျွမ်းကျင်မှုအပေါ် ပြည်တွင်းသာမက ပြည်ပတွင်ပါ အသိအမှတ်ပြုစေရေး ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အသိအမှတ်ပြုရေးနှင့်စပ်လျဉ်းသည့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ ပေါ်ထွက်လာစေရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ မိမိတို့ နိုင်ငံတွင် ဝန်ကြီးဌာန အသီးသီးက ဖွင့်လှစ်နေသည့် သင်တန်းကျောင်းများမှ ကျွမ်းကျင်သင်တန်းသားများ မွေးထုတ်ပေးခြင်းကို ပိုမိုတိုးမြှင့်ဆောင်ရွက်ပေးရန် လိုအပ်နေပြီး ပြောင်းလဲနေသည့် အလုပ်သမားဈေးကွက်နှင့်အညီ ဖြစ်စေရန် ဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း။



ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများအတွက် ကူညီပေးလျက်ရှိသော အဖွဲ့အစည်းများမှ တာဝန်ရှိသူတစ်ဦးထံ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။ ဟိန်းထက်ဇော်(မြန်မာ့အလင်း)

**အလေးထားရန်လိုအပ်**

ထိုသို့လုပ်ဆောင်ပေးမှသာ အလုပ်သမားများသည် ဒေသတွင်းနိုင်ငံများ အပါအဝင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားဈေးကွက်သို့ ထိုးဖောက်နိုင်မည်ဖြစ်ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များ ရရှိလာမည်ဖြစ်ပါကြောင်း၊ တစ်ပြိုင်နက်တည်းမှာပင် ရွှေ့ပြောင်းအလုပ်သမားများအား လူမှုအကာအကွယ်ပေးနိုင်ရန်လည်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အရေးကိစ္စကို ဦးစားပေးရန်လိုအပ်ပြီး ရွှေ့ပြောင်းသွားလာရာတွင် အထိခိုက်ခံရဆုံးသူများသည် အမျိုးသမီးများနှင့် ကလေးများပင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေရေးဆွဲရာတွင်ဖြစ်စေ၊ စီမံချက်ရေးဆွဲရာတွင်ဖြစ်စေ အလေးထားရန် လိုအပ်ပါကြောင်း။

**အာဆီယံသဘော တူညီချက်**

ရွှေ့ပြောင်း အလုပ်သမားများနှင့် စပ်လျဉ်း၍ ဒေသတွင်းနိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၀၉ ခုနှစ်တွင် စတင်ရေးဆွဲခဲ့သည့် ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာအာဆီယံသဘောတူညီချက်ကို ယခုနှစ်နိုဝင်ဘာတွင် ဖိလစ်ပိုင်၌ ကျင်းပသည့် (၃၁)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်လက်မှတ်ရေးထိုးခဲ့ကြောင်း၊ အာဆီယံဒေသတွင်း ရွှေ့ပြောင်းအလုပ်သမားများ၏ ကိစ္စရပ်များကို အလေးထားကာအာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် မူဘောင်တစ်ရပ်ရည်ရွယ်၍ အာဆီယံသဘောတူညီချက်ကို အတည်ပြုခဲ့ခြင်းဖြစ်ပါကြောင်း၊ ဒေသတွင်းရွှေ့ပြောင်းအလုပ်သမားများ လူမှုရေး ကာကွယ်စောင့်ရှောက်မှု၊ တရားမျှတမှု၊ လူသားဆန်မှုနှင့် မျှတစွာဆက်ဆံခြင်းရရှိနိုင်မှု၊ ကျန်းမာရေးစောင့်ရှောက်မှုများ ရရှိစေနိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ကတိကဝတ်များ ပိုမိုခိုင်မာလာစေရန် ထင်ဟပ်သည့် လုပ်ဆောင်မှုဖြစ်ပါကြောင်း။

**အပြုသဘောဆောင်**

ထို့ပြင် ဘေးကင်းလုံခြုံပြီး စနစ်ကျသည့် တရားဝင်ရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်းသည့် ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ကို ၂၀၁၈ ခုနှစ်တွင် အတည်ပြုချမှတ်နိုင်ရေးအတွက် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဘေးကင်းလုံခြုံပြီး တရားဝင် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းအတွက် အထောက်အပံ့ဖြစ်စေမည့် အကြောင်းအရာအချက်အလက်များနှင့် အပြုသဘောဆောင်သည့် အကြံပြုချက်များ ထွက်ပေါ်စေရေး၊ သဘောတူညီချက်တွင် မြန်မာနိုင်ငံ၏ သဘောထားမှတ်ချက်များ ထည့်သွင်းနိုင်ရေးအတွက် အမျိုးသားအဆင့် အလုပ်ရုံဆွေးနွေးပွဲကို နိုဝင်ဘာလတွင် ကျင်းပခဲ့ပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သည့် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ပြီး ကောင်းမွန်သည့်အကြံပြုချက်များ ရရှိထားခြင်းကြောင့် သဘောတူညီချက် အတည်ပြုချမှတ်နိုင်ရေးအတွက် ဦးဆောင်ပါဝင်ဆွေးနွေးလျက်ရှိသည့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ယင်းအကြံပြုချက်များကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်ပါကြောင်း။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများသည် နိုင်ငံ၏ GDP အတွက် အရေးပါသည့် အရင်းအမြစ်များဖြစ်ကြောင်း၊ မိသားစုလွှဲငွေများကို လုံခြုံစိတ်ချရသည့် လမ်းကြောင်းများမှ လျင်မြန်ချောမွေ့စွာ လွှဲပြောင်းပေးနိုင်ရန်အတွက် ယခုထက် ပိုအားစိုက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းအလုပ်သမားများသည် မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံနှစ်နိုင်ငံစလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အကူပြုသူများ ဖြစ်ခြင်းကြောင့် လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရန်နှင့် ၎င်းတို့၏ အခွင့်အရေးများ အပြည့်အဝခံစားနိုင်ရေး၊ အကာအကွယ်ပေးရေးနှင့် ပြီးပြည့်စုံသည့် လူ့ဘောင်တစ်ရပ်တည်ဆောက်နိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပါကြောင်း ဒုတိယသမ္မတက ပြောကြားသည်။

ထို့နောက် ရွှေ့ပြောင်းအလုပ်သမားများ၏ ဖြစ်ရပ်မှန်များကို ရိုက်ကူးတင်ဆက်ထားသည့် ဗီဒီယိုဖိုင်ကို ပြသသည်။

ယင်းနောက် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နည်းပညာတိုးတက်လာသည်နှင့်အမျှ ရွှေ့ပြောင်းသွားလာခြင်းနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ရရှိနိုင်မှုလွယ်ကူလာပြီး ဖွံ့ဖြိုးဆဲနိုင်ငံများမှ ဖွံ့ဖြိုးပြီးနိုင်ငံများသို့ သွားလာကြရာတွင်



ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission မစ္စတာ အာခီယိုနာခါရာမာ သဝဏ်လွှာဖတ်ကြားစဉ်။ သတင်းစဉ်

မြန်မာနိုင်ငံလည်း ပါဝင်ပါကြောင်း၊ ဝန်ကြီးဌာနမှ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လာသည့် မြန်မာအလုပ်သမားများ၏ ကျွမ်းကျင်မှု၊ အတတ်ပညာနှင့် အတွေ့အကြုံများကို ထိရောက်စွာ ပြန်လည်အသုံးချနိုင်ရေးအတွက် ရည်မှန်းချက်များ ချမှတ်ဆောင်ရွက်နေကြောင်း၊ ရည်မှန်းချက်များပြည့်မီရန် ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာဥပဒေအရ အစိုးရပြည်ပအလုပ်အကိုင်အေဂျင်စီတစ်ခုအပါအဝင် ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီ ၂၆၁ ခုမှ ထိုင်းနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ဂျပန်နိုင်ငံ၊ အရှေ့အလယ်ပိုင်းနိုင်ငံအချို့နှင့် အခြားနိုင်ငံများသို့ စနစ်တကျစေလွှတ်ပေးနေကြောင်း၊ ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေကိုလည်း ခေတ်စနစ်နှင့်အညီ လိုက်လျောညီထွေပြီး အပြည်ပြည်ဆိုင်ရာစံနှုန်းများနှင့်ကိုက်ညီစေရန် ပြင်ဆင်ရေးဆွဲနေကြောင်း ပြောကြားသည်။

**မွေးထုတ်နိုင်ခဲ့**

ထို့ပြင် မြန်မာ-ထိုင်းနှစ်နိုင်ငံအကြား အလုပ်သမားများခန့်ထားခြင်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် အထောက်အထားမဲ့ မြန်မာရွှေ့ပြောင်းအလုပ်သမားများကို တရားဝင်ဖြစ်လာစေရန်အတွက် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်၊ ယာယီနိုင်ငံကူးလက်မှတ်၊ သာမန်နိုင်ငံကူးလက်မှတ်နှင့် ပြည်ပအလုပ်အကိုင် သက်သေခံကတ်ပြားများ ထုတ်ပေးလျက်ရှိသည်မှာ ၂၀၀၉ ခုနှစ်မှ ၂၀၁၇ ခုနှစ် နိုဝင်ဘာလကုန်အထိ ၂ ဒသမ ၄ သန်းကျော် ထုတ်ပေးပြီးဖြစ်ပါကြောင်း၊ ရွှေ့ပြောင်းသွားလာမှုစီမံခန့်ခွဲရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်းစီမံကိန်း(၂၀၁၈-၂၀၂၂)ကိုလည်း နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်းများ၊ ဆက်စပ်ဝန်ကြီးဌာနများနှင့် ပူးပေါင်းရေးဆွဲလျက်ရှိကြောင်း၊ လုပ်သားထုကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်စေရေးအတွက်လည်း ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း ငါးကျောင်း ဖွင့်လှစ်ကာ အလုပ်အကိုင်အတွက် သင်တန်းများပို့ချပေးနေကြောင်း၊ လုပ်သားဈေးကွက်လိုအပ်ချက်အရ ဦးစားပေးအလုပ်အကိုင် ၂၅ မျိုးအတွက် ကျွမ်းကျင်မှုစံများ သတ်မှတ်ရေးဆွဲစစ်ဆေးအကဲဖြတ်ကာ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာကျွမ်းကျင်မှု အသိအမှတ်ပြုလက်မှတ်များကို ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း လူဦးရေ ၂၆၉၀ မွေးထုတ်နိုင်ခဲ့ပါကြောင်း ပြည်ထောင်စုဝန်ကြီးက အခမ်းအနားအတွင်း ထည့်သွင်းပြောကြားသည်။

ဝန်ကြီးဌာနအနေဖြင့် လုံခြုံစိတ်ချရသည့်ရွှေ့ပြောင်းသွားလာမှုဖြစ်စေရေးအတွက် မှန်ကန်သည့် သတင်းအချက်အလက်များ ပေးအပ်နိုင်ရေး၊ အလုပ်သမားများ၏ အရေးကိစ္စများကို ကူညီဖြေရှင်းနိုင်ရေး၊ ပုံမှန်ရွှေ့ပြောင်းသွားလာရေးဖြစ်လာစေရေးနှင့် ပုံမှန်မဟုတ်သည့် ရွှေ့ပြောင်းသွားလာခြင်းမှ ကြုံတွေ့နိုင်သည့် အခက်အခဲများကို ပညာပေးရန် IOM နှင့် ILO တို့နှင့် ပူးပေါင်းကာ

*စာမျက်နှာ ၉ သို့*

❏ **ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရွှေ့ပြောင်းအလုပ်သမားများ၏ မိသားစုလွှဲပို့ငွေများသည် နိုင်ငံ၏ GDP အတွက် အရေးပါသည့် အရင်းအမြစ်များဖြစ်**

❏ **မိသားစုလွှဲငွေများကို လုံခြုံစိတ်ချရသည့် လမ်းကြောင်းများမှ လျင်မြန်ချောမွေ့စွာ လွှဲပြောင်းပေးနိုင်ရန်အတွက် ယခုထက် ပိုအားစိုက်ဆောင်ရွက်သွားရမည်**

# ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင် အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်ရှိ အပူစွမ်းအင်သုံးစက်ရုံ၏ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု လေ့လာ



**နေပြည်တော် ဒီဇင်ဘာ ၁၈**

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်နိုင်ရေး ဆွေးနွေးမှုများပြုလုပ်ရန်နှင့် အိန္ဒိယနိုင်ငံ လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍဆိုင်ရာ လုပ်ငန်းများကို လေ့လာရန်အတွက် အိန္ဒိယနိုင်ငံ Petroleum and Natural Gas ဝန်ကြီး၏ဖိတ်ကြားချက်အရ အိန္ဒိယနိုင်ငံတွင် ရောက်ရှိနေသော ဆောက်လုပ်ရေးဝန်ကြီးဌာနနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်နှင့်အဖွဲ့သည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်သောင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းက အိန္ဒိယနိုင်ငံ ဂူဂျာရတ်ပြည်နယ်ရှိ Adani Power Limited မှ Operator အဖြစ်ဆောင်ရွက်နေသော ၄၆၂၀ မဂ္ဂါဝပ်တပ်ဆင်အင်အားရှိ အပူစွမ်းအင်သုံး Mundra Power Plant သို့ ရောက်ရှိသည်။ စက်ရုံတွင် တာဝန်ရှိသူများက စက်ရုံလည်ပတ်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်ရုံအတွင်း လှည့်လည်၍ လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများ၊ Control Room နှင့် သင်တန်းခန်းမတို့ကို လေ့လာခဲ့သည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် AP and SEZ မှ Operator အဖြစ် ဆောင်ရွက်နေသော Coal Offloading Terminal သို့လည်းကောင်း၊ Container Terminal သို့လည်းကောင်း သွားရောက်၍ လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုလေ့လာသည်။ **(ယာပုံ)**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Utter Pradash ပြည်နယ်ရှိ Power Grid Corporation မှ Operator အဖြစ်ဆောင်ရွက်နေသော Agra HVDC Substation သို့ သွားရောက်လေ့လာခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာစာအဖွဲ့ဝင်ဆရာကြီးများနှင့်ဘာသာစကားပညာရှင်ကြီးများ၏ ပညာဗဟုသုတ အမွေလက်ဆင့်ကမ်းမျှဝေခြင်းနှင့် မြန်မာစာမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၁၈

**မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့် ဘာသာစကားပညာရှင်ကြီးများ၏ တန်ဖိုးမဖြတ်နိုင်သော အတွေ့အကြုံ ပညာဗဟုသုတအမွေများကို လက်ဆင့်ကမ်း မျှဝေပေးရာတွင် ယူတတ်ရင်ရတယ်ဆိုသည့် စကားနှင့်အညီ ရအောင်ယူရန်နှင့် ရရှိသောပညာဗဟုသုတအမွေများကို မိမိတပည့် အနာဂတ်မျိုးဆက်သစ် ကျောင်းသား လူငယ်များကို သင်ကြားရာတွင် ပြန်လည်အသုံးချသွားကြရန် ယနေ့ ညနေ ၃ နာရီက တက္ကသိုလ်စိန်ရတုခန်းမ၌ ကျင်းပသည့် "မြန်မာစာအဖွဲ့ဝင် ဆရာကြီးများနှင့် ဘာသာစကားပညာရှင်ကြီးများ၏ ပညာဗဟုသုတအမွေ လက်ဆင့်ကမ်းမျှဝေခြင်းနှင့် မြန်မာစာမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲ" တွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်း ကြီးက မြန်မာစာဆရာ ဆရာမများကို မှာကြားသည်။**

### ပြောကြား

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မြန်မာစာပေနှင့် မြန်မာဘာသာစကား ခက်ခဲနက်နဲမှုများကို ရှင်းလင်းဖြေရှင်းပေးမည့် မြန်မာစာပညာရှင် ဆရာကြီးများ၏ အဆိုအမိန့်များကို လိုက်နာမှတ်သားပြီး ပညာအမွေရယူခြင်းဖြင့် စာပေနှင့် လူမျိုး၏ အကျိုးစီးပွားကိုဖော်ဆောင်ရန်၊ စာပေမြင့်မှ လူမျိုးတင့်မည်၊ စာပေပျောက်လျှင် လူမျိုးပျောက်မည် ဆိုသည့် စကားနှင့်အညီ နိုင်ငံချစ်စိတ်ဖြင့် နိုင်ငံတော်ကြီး အဓွန့်ရှည်စွာ တည်တံ့ခိုင်မြဲရေး၊ တိုင်းရင်းသားလူမျိုးများ ကမ္ဘာတည်သရွေ့တည်ရှိ နိုင်ရေးအတွက် မြန်မာစာပေနှင့် တိုင်းရင်း သားစာပေကို မြတ်နိုးစွာ ထိန်းသိမ်း မြှင့်တင်ကြစေလိုကြောင်း၊ Language Teaching and Language Testing ပညာရပ်သည်လည်း မြန်မာစာ၊ အင်္ဂလိပ် စာ အစရှိသည့် ဘာသာစကားသင် ဆရာ၊ ဆရာမများ၏ သင်ကြားရေးနှင့် စစ်ဆေး အကဲဖြတ်ရေး အရည်အသွေးများကို မြှင့်တင်ပေးနိုင်မည်ဖြစ်သည့် အတွက် အလေးအနက်ထား လေ့လာမှတ်သားပြီး လက်တွေ့ သင်ကြားရေး နယ်ပယ်တွင် အသုံးချသွားကြရန် လိုအပ်ပါကြောင်း၊ စာနယ်ဇင်းနှင့် ရုပ်သံမီဒီယာများမှ တက်ရောက်လာကြသည့် တာဝန်ရှိသူများအနေဖြင့်လည်း မိမိတို့တတ်ကျွမ်းသည့် မြန်မာစာအရည်အသွေးကိုမြှင့်တင်လျက် မြန်မာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကူညီပေးကြစေလိုကြောင်း၊ မြန်မာစာအဖွဲ့အနေဖြင့် မြန်မာ-အင်္ဂလိပ်-မြန်မာအဘိဓာန်ကို ဝေါဟာရစုံလင်စွာဖြင့် ထုတ်ဝေရန် ပြုစုလျက်ရှိကြောင်းနှင့် ခေတ်ပေါ်ဝေါဟာရအဘိဓာန် ပြုစု လျက်ရှိကြောင်း သိရှိရသဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာဝေါဟာရ Lexical Database ကိုလည်း ပြီးမြောက်အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားကြစေလိုကြောင်းဖြင့် ပြောကြားသည်။



ဆက်လက်၍ မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ဇော်မြင့်က အခမ်းအနားတက်ရောက်သူစာရင်းနှင့် အခမ်းအနား အစီအစဉ်များကို အသေးစိတ် ရှင်းလင်းတင်ပြသည်။

### တက်ရောက်

အဆိုပါအခမ်းအနားသို့ ပညာရေးဝန်ကြီးဌာနရှိ ဝိဇ္ဇာသိပ္ပံတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာတက္ကသိုလ်နှင့် ပညာရေးကောလိပ်များမှ မြန်မာစာပါမောက္ခ(ဌာနမှူး)၊ ဆရာ ဆရာမများ၊ သတင်းစာနှင့် စာနယ်ဇင်း မီဒီယာများ၊ ရုပ်မြင်သံကြားနှင့် FM ရေဒီယိုများမှ အယ်ဒီတာချုပ်များ၊ အယ်ဒီတာများ၊ မြန်မာနိုင်ငံ တိုင်းရင်းသား ဘာသာစကားဦးစီးဌာနမှ မြန်မာစာတည်းမှူးချုပ်ဦးစီးသော စာပေဝန်ထမ်းများ၊ မြန်မာစာအဖွဲ့ အဖွဲ့ဝင် ဆရာကြီး၊ ဆရာမကြီးများ၊ ဘာသာစကားပညာရှင်ဆရာကြီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ဆက်လက်ကျင်းပ သွားမည်

အခမ်းအနားကိုအပိုင်း (၃)ပိုင်းခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၉ ရက်နှင့် ၂၀ ရက် နံနက်ပိုင်းတွင် မြန်မာစာအဖွဲ့ဝင် ဆရာကြီးများ၏ ပညာဗဟုသုတအမွေလက်ဆင့်ကမ်းမျှဝေခြင်း အစီအစဉ်အဖြစ် မြန်မာစာအဖွဲ့ဝင်များဖြစ်သည့် ဒေါက်တာမြင့်ကြည်၊ ဒေါက်တာထွန်းတင့်၊ ဒေါက်တာခင်အေးနှင့် ဒေါက်တာအောင်မြင့်ဦးတို့က စကားဝိုင်းဆွေးနွေးပွဲကို "စာလုံးပေါင်းသတ်ပုံနှင့် အနက်အဓိပ္ပာယ်"၊ "မြန်မာစာသင်ကြားရေး"၊ "အပြောဘာသာစကား၊ အပြော စကားပြေ၊ အပြောသဒ္ဒါ" ခေါင်းစဉ်များ ဖြင့် ဆွေးနွေးသွားမည် ဖြစ်သည်။ နေ့လယ်ပိုင်းများတွင် မြန်မာ-အင်္ဂလိပ် အဘိဓာန်တည်းဖြတ်ရေးကော်မတီဥက္ကဋ္ဌ ဆရာကြီးဦးသီဟက Language Teaching and Language Testing ပညာရပ်ကို သင်ကြားဆွေးနွေးသွားမည် ဖြစ်သည်။ ဒီဇင်ဘာ ၂၁ ရက်တွင် မြန်မာစာအဖွဲ့ဝင်များနှင့် ပညာရေးဝန်ကြီးဌာန ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ မြန်မာစာပါမောက္ခ၊ ဌာနမှူး၊ ဆရာ ဆရာမများ၏ မြန်မာစာမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေးပွဲကို ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

*စာမျက်နှာ ၈ မှ*

မြို့နယ် ၁၂ မြို့နယ်ရှိ အလုပ်အကိုင်နှင့် အလုပ်သမား ရှာဖွေရေးရုံးများတွင် Migrant Resource Center (MRC) များဖွင့်လှစ်ကာ ဝန်ဆောင်မှုပေးနေကြောင်း သိရသည်။

### ပေါ်ပေါက်လာပြီဖြစ်

ထို့ပြင် ရွှေ့ပြောင်းအလုပ်သမားများ ပြည်တွင်းသို့ ပြန်လည်ရောက်ရှိလာသည့်အခါ လုပ်ကိုင်ခဲ့ရသည့် လုပ်ငန်းအလိုက် ကျွမ်းကျင်မှုအပေါ် မူတည်ကာ အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖန်တီးနိုင်ရန် ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံတို့နှင့် ပူးပေါင်း၍ Happy Return Programme နှင့် Job Matching Event အစီအစဉ်များကို စတင် ဆောင်ရွက်ပေးနေသဖြင့် ပြည်တော်ပြန် မြန်မာနိုင်ငံသားရွှေ့ပြောင်းအလုပ်သမားများအတွက် အခွင့်အရေးများ ပေါ်ပေါက်လာပြီဖြစ်ကြောင်း သိရသည်။

ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်နှင့် မြှင့်တင်ရန် အာဆီယံသဘောတူညီချက်ကို ယခုနှစ်နိုဝင်ဘာလက ဖိလစ်ပိုင်၌ ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံ့ခေါင်းဆောင်များက လက်မှတ်ရေးထိုးခဲ့သည့်အပြင် ASEAN Compendium on Migrant Workers' Education and Safe Migration Programme ကိုအတည်ပြုနိုင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံသည်လည်း အာဆီယံရွှေ့ပြောင်းအလုပ်သမားများနှင့် စပ်လျဉ်း၍ အလွယ်တကူလေ့လာနိုင်တော့မည်ဖြစ်သည်။

"လုပ်သားဈေးကွက်ကွာဟချက်ရှိခြင်း၊ တရားဝင်လမ်းကြောင်းဖြင့် သွားလာမှုနည်းပါးခြင်း၊ တရားမဝင်ဈေးကွက်အတွင်း အလုပ်လုပ်ကိုင်ခွင့်ပေးခြင်းစတာတွေဟာ ပုံမှန်မဟုတ်တဲ့ ရွှေ့ပြောင်းသွားလာသူတွေအတွက် မက်လုံးတွေဖြစ်ပါတယ်၊ ဒါကြောင့် ပုံမှန်မဟုတ်တဲ့ ရွှေ့ပြောင်းသွားလာခြင်းတွေကို ပပျောက်စေဖို့ အလုပ်သမားစေလွှတ်တဲ့နိုင်ငံနဲ့ အလုပ်သမားလက်ခံတဲ့ နိုင်ငံတွေသာမက နှစ်နိုင်ငံ အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီတွေ၊ နိုင်ငံတကာ အဖွဲ့အစည်းတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းတွေ ပူးပေါင်းဆောင်ရွက်ဖို့လိုပါတယ်" ဟု အခမ်းအနားအတွင်း ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

### ကူညီဆောင်ရွက်မှ အောင်မြင်မည်

ရွှေ့ပြောင်း သွားလာခြင်းဖြင့် မိသားစုစီးပွားရေး ပြေလည်စေခြင်း၊ လူနေမှုအဆင့်အတန်း မြင့်မားလာခြင်း၊ ကလေးများအား ပညာသင်ကြားပေးနိုင်ခြင်း စသည့် ကောင်းကျိုးများ ခံစားရရှိနိုင်သကဲ့သို့ တရားမျှတမှုမရှိသော၊ အန္တရာယ်ရှိသော မမျှော်မှန်းနိုင်သည့် ဆိုးကျိုးများကိုလည်း ခံစားရတတ်ကြောင်း၊ ရွှေ့ပြောင်းသွားလာသူ အမျိုးသမီးများနှင့် ကလေးငယ်များသည်လည်း ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်း၊ အလွဲသုံးစားပြုခြင်းနှင့် လူကုန်ကူးခံရခြင်း စသည့် အန္တရာယ်များကိုလည်း ကြုံတွေ့ရနိုင်ခြင်းကြောင့် အစိုးရအပြင် အခြားသော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအသိုင်းအဝိုင်းများမှ စုပေါင်းကာ အကာအကွယ်ပေးကြရန်၊ စာနာမှုနှင့် စောင့်ရှောက်မှုပေးကြရန်၊ သက်ဆိုင်ရာနိုင်ငံများ၏ဥပဒေများနှင့်အညီ ခံစားနိုင်ကြရန် ကူညီဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက သုံးသပ်ပြသည်။

### ပညာရေးထောက်ပံ့ငွေပေးအပ်

အဆိုပါ အခမ်းအနားအတွင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်နှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ ညွှန်ကြားရေးမှူးချုပ်တို့ ပေးပို့သည့် သဝဏ်လွှာများကို ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း၏ Chief of Mission တာဝန်ယူထားရသူ မစ္စတာအာခီယိုနာခါရာမာက ဖတ်ကြားသည်။ ထို့နောက် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုဝင်များ၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် အထွေထွေအရေးကိစ္စရပ်များတွင် ကူညီပေးလျက်ရှိသော ပညာရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးဖောင်ဒေးရှင်း၊ မြန်မာပြည်သားများအရေး ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့၊ ဗန်ကောက်အခြေစိုက် မြန်မာရွှေ့ပြောင်းအလုပ်သမားများကွန်ရက်နှင့် ရွှေ့ပြောင်းအလုပ်သမား အခွင့်အရေးကွန်ရက်တို့မှ တာဝန်ရှိသူများထံသို့ ဂုဏ်ပြုမှတ်တမ်းနှင့် ရွှေ့ပြောင်းအလုပ်သမားများ၏ ကလေးများအတွက် ပညာရေးထောက်ပံ့ငွေ ဘတ် ၁၅၀၀ ခန့်စီ ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းဓာတ်ပုံရိုက်ကြ သည်။

ယခုနှစ်အတွက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများ၏ ဆောင်ပုဒ်ဖြစ်သည့် "ရွှေ့ပြောင်းများစွာ ဤကမ္ဘာ ဘေးရန်ကင်းအောင် လုပ်ဆောင်ပါ" နှင့်အညီ ရွှေ့ပြောင်းသွားလာသူများအားလုံး လုံခြုံစိတ်ချစွာ ရွှေ့ပြောင်းသွားလာနိုင်ရေးအတွက် အစိုးရများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး အားလုံးဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သင့်ပြီး အလုပ်သမားများအနေဖြင့် လုပ်ငန်းခွင်တွင် သက်ဆိုင်ရာနိုင်ငံ၏ အလုပ်သမားဥပဒေများနှင့်အညီ ရသင့်ရထိုက်သည့် အလုပ်သမားအခွင့်အရေးများ ရရှိနိုင်ရန်နှင့် ကျန်းမာပျော်ရွှင်စွာလုပ်ကိုင်နိုင်ရန် ဆုမွန်ကောင်းတောင်းကြောင်း ပြည်ထောင်စုဝန်ကြီးကပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့်အတူတကွ ခန်းမတွင်း ခင်းကျင်းပြသထားသည့် ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအသီးသီးမှ လုပ်ဆောင်ချက် မှတ်တမ်းများကို ကြည့်ရှုကြကြောင်း သိရှိရသည်။

**ခင်ရတနာ(မြန်မာ့အလင်း)**

# ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မောင်တောဒေသတွင်ဖောက်လုပ်နေသောလမ်းများ ကြည့်ရှုစစ်ဆေး

မောင်တော ဒီဇင်ဘာ ၁၈

**ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက မောင်တောဒေသတွင် ဖောက်လုပ်လျက်ရှိသော လမ်းများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။** (ယာပုံ)



ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် အင်ူမော်အနီး Asia World Foundationက တာဝန်ယူဆောင်ရွက်နေသော အင်ူမော်-မောင်တောလမ်း (၄၉ မိုင် ၆ ဖာလုံ)လမ်းပိုင်း ဖောက်လုပ်နေသည့် လုပ်ငန်းခွင်သို့ရောက်ရှိပြီး အင်ူမော်-မောင်တော လမ်းပိုင်းတွင် ယာဉ်ယန္တရားကြီးများဖြင့် လုပ်ငန်းစတင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုသည်။

**လွယ်ကူချောမွေ့လာမည်**

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့သည့် ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း-အောင်ဇေယျ-အင်ူမော် လမ်းပိုင်း ဖောက်လုပ်ပြီးစီးမှု အခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ ယင်းလမ်းပိုင်းမှာ မြေသားလမ်းဖြစ်ပြီး အကွာအဝေး ၄၆ မိုင် ၅ ဖာလုံရှိကာ ယင်းကျေးလက်လမ်းကို ဖောက်လုပ်ပေးနိုင်သဖြင့် ရသေ့တောင်မြို့နယ် မေယုတောင် အရှေ့ဘက်ခြမ်းကျေးရွာများ သွားလာမှု လွယ်ကူချောမွေ့လာမည် ဖြစ်ကြောင်း သိရသည်။

**တောင်ကျော်လမ်း ဖောက်လုပ်**

ယင်းနောက် လမ်းဦးစီးဌာန လမ်းအထူး ၁၇ က တာဝန်ယူ ဖောက်လုပ်လျက်ရှိသည့် ကျောက်ပန္တု-အင်းဒင်-စေတီပြင်တောင် တောင်ကျော်လမ်း ဖောက်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

**အဓိကဆက်စပ်ပေးနိုင်**

အဆိုပါလမ်းသည် အရှည် ၁၀ မိုင် ၇ ဖာလုံရှိပြီး ရသေ့တောင်မြို့နယ် စေတီပြင်နှင့် မောင်တောမြို့နယ် ကျောက်ပန္တုတို့အကြား ဆက်သွယ်ထားကာ ၎င်းလမ်းသည် မေယုတောင် အရှေ့ဘက်ခြမ်း ကျေးရွာများနှင့် အနောက်ဘက်ခြမ်းဒေသ ကျေးရွာများအား အဓိကဆက်စပ်ပေးနိုင်မည့် လမ်းမကြီးဖြစ်လာမည်ဖြစ်သည်။

**မြင့်မောင်၊ ဇေယျာ**
**ဓာတ်ပုံ-နေဝင်းထွန်း**




အင်ူမော်-မောင်တော လမ်းပိုင်းတွင် ယာဉ်ယန္တရားကြီးများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# ပျောက်ကွယ်လုနီးပါးဖြစ်နေသော ရခိုင်ရိုးရာ ကျင်ပစ်နည်းပေါင်းစုံ သရုပ်ပြပွဲ စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဒီဇင်ဘာ ၁၈**

ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ရခိုင်ရိုးရာ ကျင်ပစ်နည်းပေါင်းစုံ သရုပ်ပြပွဲကို AKYAB Co.,Ltd နှင့် ရခိုင်ရိုးရာ ကျင်ချစ်သူများက ဒီဇင်ဘာ ၁၇ ရက်မှ ၁၈ ရက်အထိ စစ်တွေမြို့ အားကစားခန်းမ၌ ကျင်းပခဲ့ပြီး (**အောက်ပုံ**) သမိုင်းဝင်မှတ်တမ်း ရိုက်ကူးမှုကိုပါ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သရုပ်ပြပွဲတွင် ရခိုင်ပြည်နယ်မှ ကျင်သန် ဦးမောင်ထွန်းလှ၊ ဦးမောင်စိန်လှ၊ ဦးဘုမောင်လှတို့က ကျင်ပစ်နည်းရှစ်ကွက်ကို သရုပ်ပြသ၍မှတ်တမ်းများ ရိုက်ကူးကြသည်။ ကျင်ပစ်နည်းပြကွက်များအား နိုင်ငံတကာက သိရှိစေရန်အတွက် online ပေါ်သို့ လည်းကောင်း၊ ရခိုင်မျိုးဆက်သစ်လူငယ်များ သိရှိစေရန်အတွက် လည်းကောင်း မှတ်တမ်းတင် ရိုက်ကူးခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ရခိုင်ရိုးရာကျင်ကို စိတ်ဝင်စားလာစေရန်နှင့် ရခိုင်မျိုးဆက်သစ် လူငယ်များ သိရှိနားလည်လာစေရန်အတွက် ရခိုင်ရိုးရာ ကျင်သင်တန်းတစ်ခုကိုလည်း ဖွင့်လှစ်နိုင်ရန် စီစဉ်နေကြောင်း AKYAB Co.,Ltd မှ CEO ခိုင်ဆန်းအောင်က ပြောကြားသည်။

"ရခိုင်ရိုးရာကျင်ကိုင်ပွဲက အခုဆို ပျောက်ကွယ်လုဖြစ်နေပါပြီ၊ မပျောက်ကွယ်ရအောင်၊ မျိုးဆက်သစ်လူငယ်တွေ သိအောင်၊ သင်တန်းတွေ ဖွင့်ရမယ်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ရမယ်၊ ဒါမှ လူတွေစိတ်ဝင်စားပြီး ရိုးရာကို ထိန်းသိမ်းနိုင်မယ်၊ စိတ်ဓာတ်တွေလည်း တက်ကြွလာမယ်" ဟု ရခိုင်ပြည်နယ် ကျင်ကော်မတီဝင် ကျင်သန်ကြီး ဦးမောင်ထွန်းလှက ပြောသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**



# ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ဟောပြောပွဲ စစ်တွေမြို့၌ ကျင်းပ



**စစ်တွေ ဒီဇင်ဘာ ၁၈**

၂၇၅၇ နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ဟောပြောပွဲအခမ်းအနားကို ယနေ့ နံနက် ၆ နာရီက စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပသည်။ (**အပေါ်ပုံ**)

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် ကရင်အမျိုးသား ခေါင်းဆောင်နှစ်ဦးက သဘာပတိအဖြစ် နေရာယူကြပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံနှင့် ကရင်တိုင်းရင်းသားအလံတို့ကို တက်ရောက်လာကြသူများက အလေးပြုကြသည်။ ထို့နောက် ရခိုင်ပြည်နယ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ စောဒဲနေက ကရင်နှစ်သစ်ကူးနေ့ နှုတ်ခွန်းဆက်စကား ပြောကြားပြီး ရခိုင်ပြည်နယ်ဝန်ကြီးချုပ်ထံမှ ပေးပို့သည့် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် မိန့်ခွန်းအား ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဖုန်းတင့်က ဖတ်ကြားသည်။ ဆက်လက်၍ ကျောင်းသား ကျောင်းသူလေးများက ရခိုင်တိုင်းရင်းသားရိုးရာအက၊ မြို တိုင်းရင်းသားရိုးရာအက၊ ကရင် ဝါးထောက်အကများဖြင့် ဖြေဖျော်ကြပြီး တိုင်းရင်းသားများ စုပေါင်းကာ မေတ္တာစက်ဝိုင်းသီချင်းဖြင့် သီဆိုဖြေဖျော်ကြသည်။ ယင်းနောက် ချင်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးပုန်ဘွေ က ကရင်အမျိုးသား နှစ်ကူးအကြို နှုတ်ခွန်းဆက်စကား ပြောကြားပြီး စစ်တွေတက္ကသိုလ် သချာဌာနမှ တွဲဖက်ပါမောက္ခ ဒေါ်နော်ဘလုဆဲ က ကရင်နှစ်သစ်ကူး ဖြစ်ပေါ်လာပုံကို ရှင်းလင်းပြောကြားသည်။

**စိတ်ဓာတ်ရေးရာ မြှင့်တင်ပေး**

"ဒီရခိုင်ပြည်နယ်မှာ ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေက နည်းပါတယ်၊ ဒီနေ့ကတော့ မြန်မာနိုင်ငံမှာရှိတဲ့ ကရင်လူမျိုး တစ်မျိုးသားလုံးက အထူးအလေးထားတဲ့ နှစ်သစ်ကူးနေ့ဖြစ်တဲ့အတွက်ကြောင့် ဒီမှာရှိတဲ့ ကျွန်တော်တို့ ကရင်လူမျိုးတွေလည်း စည်းရုံးစုစည်းပြီးတော့ ဒီနေ့ထူးနေ့မြတ်ကို စစ်တွေမြို့မှာ ကျင်းပတာ ဖြစ်ပါတယ်၊ ဒီနှစ်ကတော့ ရခိုင်ပြည်နယ်အစိုးရကလည်း နှစ်သစ်ကူးပွဲတော် ကျင်းပဖို့အတွက် ထောက်ပံ့ပေးတယ်၊ အခုဆိုရင် ပွဲတော်ကိုလည်း တက်ရောက် အားပေးကြပါတယ်၊ ဒီနှစ်သစ်ကူးနေ့က နှစ်ရှစ်ဆယ်မြောက်ဖြစ်ပြီးတော့ စစ်တွေမှာ ကျင်းပလာခဲ့တာဟာ ရှစ်နှစ်မြောက်ရှိပါပြီ၊ ကရင်လူမျိုးတွေရှိတဲ့ နေရာတွေမှာ ကရင်ရဲ့စိတ်ဓာတ်၊ ကရင်ရဲ့ ခံယူချက်၊ ကရင်ရဲ့ ထုံးတမ်းစဉ်လာ၊ ဘာသာစကား ရှိနေဖို့အတွက် ကရင်လူမျိုးတွေအနေနဲ့ ဒီနှစ်သစ်ကူးပွဲတော်ကို ပြုလုပ်ကြဖို့လည်း တိုက်တွန်းလိုပါတယ်၊ ဒီလိုပွဲတွေ လုပ်ပေးခြင်းအားဖြင့် ဒီရခိုင်ပြည်နယ်မှာ ရှိနေတဲ့ ရှားပါးတဲ့ ကရင်လူမျိုးတွေဟာ စည်းလုံးညီညွတ်မှုရှိပြီး စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးသလိုဖြစ်လိမ့်မယ်လို့ ထင်မြင်မိတယ်" ဟု ရခိုင်ပြည်နယ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ စောဒဲနေက ပြောသည်။

အဆိုပါ အခမ်းအနားသို့ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျောက်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမြသန်း၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရခိုင်တိုင်းရင်းသားများနှင့် မျိုးနွယ်စုဝင်များ၊ ကရင်တိုင်းရင်းသားများနှင့် မိသားစုဝင်များ တက်ရောက်ကြကြောင်း သိရသည်။ **တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်သတင်းများ

## တောင်ကုတ်မြို့နယ် သုံးထပ်ဈေးဆောက်လုပ်ရန် စည်ပင်သာယာရေးဝန်ကြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ

**တောင်ကုတ် ဒီဇင်ဘာ ၁၈**

တောင်ကုတ်မြို့ မြို့မ စည်ပင်သာယာ သုံးထပ်ဈေးသစ် ဆောက်လုပ်နိုင်ရေး အတွက် တွေ့ဆုံပွဲကို မြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၁၈ ရက်က ကျင်းပသည်။



အခမ်းအနားသို့ ပြည်နယ် စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမေမြင့်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦး၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အရပ်ဘက် လူမှုအသင်းအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် ဈေးသူ ဈေးသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးက သုံးထပ်ဈေး ဆောက်လုပ်မည့် အခြေအနေများနှင့် ပတ်သက်၍ အမှာစကားပြောကြားပြီး တက်ရောက်လာသူ ဒေသခံပြည်သူများ၊ ဈေးသူ ဈေးသားများ၏ တင်ပြဆွေးနွေးချက်များအပေါ် ပြန်လည်ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်၌ အမည်မသိ ရုပ်အလောင်းများတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အင်းဒင်ကျေးရွာ သုသာန်၌ လူများသတ်ဖြတ်မြှုပ်နှံထားကြောင်း အမည်မဖော်လိုသူတစ်ဦး၏ သတင်းပေးပို့ တိုင်ကြားမှုအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စုံစမ်းစစ်ဆေးခဲ့ရာ အဆိုပါ သုသာန်၌ အမည်မသိ ရုပ်အလောင်းများ ရှာဖွေတွေ့ရှိခဲ့ပြီး ဖြစ်စဉ်မှန် ပေါ်ပေါက်နိုင်ရေးအတွက် အသေးစိတ်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါ ထုတ်ပြန်ချက်တွင် ဩဂုတ် ၂၅ ရက်မှစ၍ ဘူးသီးတောင်၊ မောင်တောဒေသ၌ ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုကြောင့် တည်ငြိမ်အေးချမ်းမှု ပျက်ပြားခဲ့သဖြင့် နယ်မြေဒေသ ပြန်လည်တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ထိန်းသိမ်းဆောင်ရွက်ခဲ့ရကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိတွေ့တိုက်ခိုက်မှုစည်းမျဉ်းများ (Rules of Engagement)နှင့်အညီ ဆောင်ရွက်သွားရန်နှင့် ချိုးဖောက်မှုရှိပါက ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း အောက်ခြေအဆင့်ထိ အသိပေးညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း။

ရုပ်အလောင်းများ ရှာဖွေတွေ့ရှိခဲ့မှုနှင့်ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် တစ်စုံတစ်ရာ ပါဝင်ပတ်သက်ခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါက တရားဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**သတင်းစဉ်**

## ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အင်းစိန် အာလိန်ငါးဆင့် မဟာဆေးဝက်ပါဘုရားဝင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ကရင်အမျိုးသားတို့၏ နှစ်သစ်ကူးပွဲတော်ကို ရန်ကုန်မြို့ အင်းစိန်မြို့နယ် လမ်းသစ်လမ်းတစ်လျှောက်နှင့် အာလိန်ငါးဆင့် မဟာဆေးဝက်ပါဘုရားဝင်းတို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်ကို တွေ့ရသည်။ **(ယာပုံ)**



**ဆုချီးမြှင့်ပွဲ ကျင်းပမည်**

အာလိန်ငါးဆင့် မဟာဆေးဝက်ပါဘုရားဝင်းအတွင်း ကျင်းပလျက်ရှိသော ဒုံးယိမ်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ပြိုင်ပွဲဝင် ဒုံးယိမ်းအဖွဲ့များအား ဒီဇင်ဘာ ၁၉ ရက်တွင် ဆုချီးမြှင့်ပွဲ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို အင်းစိန်မြို့နယ် မီးရထားအားကစားကွင်းတွင် လက်ဝှေ့ပြိုင်ပွဲကို လည်းကောင်း၊ မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ MCC ခန်းမတွင် ဖျော်ဖြေရေးပွဲများကို လည်းကောင်း တစ်ပြိုင်တည်း ကျင်းပလျက်ရှိကြောင်း သိရသည်။

**ပါဝင်ဆင်နွှဲ**

နှစ် ၈၀ ပြည့်မြောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူး ပွဲတော်အကြောင်းနှင့်ပတ်သက်၍ "ကရင်လူမျိုးတွေဟာ အရင်တုန်းက တောင်ယာဘူးရိုး စိုက်ပျိုးစားသောက်ရာကနေ ဒီလို နှစ်သစ်ပေါ်ဦး ပေါ်ဖျား ကောက်သစ်စားပွဲကို ကြီးကျယ်စွာ ကျင်းပကြတယ်၊ မိမိတို့ လုပ်ကိုင်ရရှိတဲ့ အသီးအနှံတွေကို ကိုယ်တိုင်မစားမီ လူကြီးမိဘတွေကို ပူဇော်ကန်တော့တယ်၊ မိတ်သင်္ဂဟတွေကိုလည်း ဦးစားပေး ကျွေးမွေးတဲ့ ပွဲတော်တစ်ခုကို စုပေါင်းကျင်းပကြတာပါ၊ နှစ်သစ်အခါမှ အမြဲလုပ်နေတော့ ဒီနေ့ကိုပဲ ကရင်အမျိုးသားတို့ရဲ့ နှစ်သစ်ကူးဆိုပြီး ကျွန်တော်တို့ ပြောင်းလဲလုပ်ဆောင်ခြင်း ဖြစ်ပါတယ်" ဟု ပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ (ရန်ကုန်) ပါမောက္ခ မန်းရွှေပြည်အေးက ပြောသည်။ အင်းစိန်မြို့နယ် လမ်းသစ်လမ်းတစ်လျှောက်တွင် စားသောက်ဆိုင်များ၊ လူသုံးကုန်ပစ္စည်းဆိုင်များ၊ ကရင်အမျိုးသားဝတ်စုံ အရောင်းဆိုင်များစသော အမျိုးအစားစုံ ဆိုင်ခန်းများနှင့် ကရင်လူမျိုးသာမက အခြားသော တိုင်းရင်းသား လူမျိုးများကလည်း ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်ကို ပါဝင်ဆင်နွှဲ လျက်ရှိသည်ကို တွေ့ရသည်။

**ထင်ပေါ်ဝင်း၊ မြင့်သန်းကြည်**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

## ကျောက်စိမ်းတွဲအမှတ် ၂၄၃၉ ဈေးအမြင့်ဆုံးဖြင့် ရောင်းချရ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမ၌ ပြုလုပ်နေသော ၂၀၁၇ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ဒီဇင်ဘာ ၁၈ ရက် နံနက်က ရောင်းချရသော ကျောက်စိမ်းအတွဲများအား ထုတ်ပြန်ကြေညာရာ Lot. No. 2439 အလေးချိန် 4 Kgm ရှိသော ကျောက်စိမ်းအတွဲ**(ယာပုံ)** ကြမ်းခင်းဈေး ယူရိုငွေ ၁၈၀၀၀၀ (ငွေကျပ် တစ်သိန်းရှစ်သောင်း)ကို ယူရိုငွေ ၂၆၁၈၈၈၉ (ငွေကျပ် နှစ်သန်းခြောက်သိန်းတစ်သောင်းရှစ်ထောင်ကျော်)ဈေးအမြင့်ဆုံး အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချရကြောင်း သိရသည်။

**ခွန်(ဝင်းပ)**





(၃၂) ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဒီဇင်ဘာ ၁၁ ရက်မှ ၁၇ ရက်အထိ ကျင်းပခဲ့ရာ မြန်မာ့ပိုက်ကျော်ခြင်းအဖွဲ့ အမျိုးသားနှစ်ယောက်တွဲ၊ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ငွေတစ်ခုစီ ရရှိကြပြီး ဒီဇင်ဘာ ၁၈ ရက်က ပြန်လည်ရောက်ရှိလာရာ အာရှခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံပိုက်ကျော်ခြင်း အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးစိုးနိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးချိုတူးနှင့် တာဝန်ရှိသူများက ကြိုဆိုကြစဉ်။

တင်စိုး(မြန်မာ့အလင်း)

## လယ်ဝေးမြို့ သီရိရတနာမြို့မဈေး၌ မီးငြိမ်းသတ်မှု သရုပ်ပြ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ပွင့်လင်းရာသီရောက်ရှိပြီဖြစ်သောကြောင့် နေပြည်တော် လယ်ဝေးမြို့နယ် သီရိရတနာမြို့မဈေး၌ မီးလောင်မှုမဖြစ်ပွားစေရန် အသိပညာပေးဟောပြောခြင်းနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြသခြင်းကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးမျိုးကျော်ကျော်က မီးသုံးစွဲမှုနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး နေပြည်တော်မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ဆွေဝင်းက မီးဘေးလုံခြုံရေးအတွက် ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးဝင်းနိုင်ဦး၊ ဈေးတာဝန်ခံ ဦးသိန်းဇော်၊ ဈေးမိဈေးဖများ၊ ဈေးသူဈေးသားများအား မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်မှု လက်တွေ့သရုပ်သပြခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**မင်းမင်းလတ်(ရှုပဗေဒ)**



# တရားမဝင်သစ်များ တင်ဆောင်လာသော စက်လှေလေးစင်း ဖမ်းဆီးရမိ

**ဟိုင်းကြီးကျွန်း ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ဇီးချိုင်ကျေးရွာအုပ်စု ဇီးချိုင်ကျေးရွာအနီးရှိ ပင်လယ်ပြင်တွင် ဒီဇင်ဘာ ၁၇ ရက် မွန်းလွဲပိုင်းက တရားမဝင်သစ်များ တင်ဆောင်လာသော စက်လှေလေးစင်းအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့် စက်လှေများမှာ ဖောင်တိုးကျေးရွာနေ ဦးသိန်းလွင်၊ ဦးအုန်းကျင်လေး၊ ဦးမြင့်အေး၏သင်္ဘောနှင့် သမ္ဘာန်ကျေးရွာမှ ဦးအောင်အောင်တို့ စက်လှေများဖြစ်ကြောင်း၊ စက်လှေပေါ်လိုက်ပါလာသည့် လုပ်သားစုစုပေါင်း ၂၀ ရှိကြောင်း သိရှိရသည်။ ဖောင်တိုးကျေးရွာမှ စက်လှေများမှာ နံနက် ၁၀ နာရီခန့်က သစ်များတင်ဆောင်၍ စတင်ထွက်ခွာလာကြရာ ဇီးချိုင်ကျေးရွာအနီးရှိ ပင်လယ်ပြင်တွင် ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်းနှင့် စက်လှေတစ်စင်းပေါ်တွင် အနည်းဆုံး သစ် ခြောက်တန်ခန့် တင်ဆောင်သွားကြောင်း ဖောင်တိုးကျေးရွာ ဒေသခံတစ်ဦးထံမှ သိရသည်။

ဖမ်းဆီးရမိသစ်များအား သက်ဆိုင်ရာသို့ လွှဲပြောင်း ပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး စက်လှေပေါ်ပါ လုပ်သား ၂၀ ကို ဟိုင်းကြီးကျွန်း နယ်မြေရဲစခန်း၌ စစ်ဆေးဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း (ဟိုင်းကြီးကျွန်း)**



# တရားမဝင် ပြေးဆွဲနေသောယာဉ် တိုက်မှုကြောင့် ယာဉ်မောင်းအပါအဝင် လေးဦးသေဆုံး၊ ရှစ်ဦးဒဏ်ရာရ

**ရန်ကုန် ဒီဇင်ဘာ ၁၈**

ရန်ကုန်မြို့ရှိ လှိုင်သာယာမြို့နယ် ဘီအိုစီအဝိုင်းနှင့် တိုးချဲ့မှတ်တိုင်ကြား ရန်ကုန်-ပုသိမ် ကားလမ်းပေါ်တွင် ယနေ့နံနက် ၂ နာရီ မိနစ် ၂၀ က အောက်ဆိုက်ပြေးဆွဲနေသော လိုက်ထရပ်ယာဉ်က တစ်ဖက်ယာဉ်ကြောရှိ ကင်တာယာဉ်ကို တိုက်မိသောကြောင့် ယာဉ်မောင်းနှင့်အတူ ခရီးသည်လေးဦး သေဆုံးပြီး ရှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ယနေ့နံနက်လင်းအားကြီးချိန် ရန်ကုန်-ပုသိမ်လမ်းမကြီးပေါ်တွင် ဘုရင့်နောင်တံတားဘက်မှ ဘီအိုစီအဝိုင်းဘက်သို့ မောင်းနှင်လာသော ယာဉ်မောင်း ကျော်မျိုးထွန်း၏ 8M/---- လိုက်ထရပ်ယာဉ်မှာ တိုးချဲ့မှတ်တိုင်အလွန်တွင် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိခဲ့ပြီး သက်ပိုင်ဦး မောင်းနှင်လာသော ကင်တာ 5A/----ကို အရှိန်ဖြင့်တိုက်မိရာ လိုက်ထရပ်ယာဉ်ပေါ်တွင် လိုက်ပါလာသော ကျော်မျိုးထွန်း(ယာဉ်မောင်း)၊ မွန်မွန်မြင့်နှင့် (၅၀ နှစ်) ခန့်ရှိ သီလရှင်တစ်ဦး၊ (၂၈ နှစ်)ခန့်ရှိ အမျိုးသားတစ်ဦးတို့မှာ နေရာတွင်ပင် သေဆုံးခဲ့ကာ မျိုးမင်းထွန်း၊ မျိုးဝင်းထွန်း၊ သက်စိုး၊ ထွန်းထွန်းမြင့်၊ နေလင်းထွန်း၊ ဆောင်းနှင်းဝေ၊ ယဉ်ယဉ်ရွှေနှင့် အသက်ခြောက်နှစ်ခန့်ရှိ မိန်းကလေးတစ်ဦး(သတိမေ့နေဆဲ)တို့ ဒဏ်ရာများရရှိခဲ့ရာ ကျန်ရှိနေသူတို့အား ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသလျက်ရှိသည်။

အဆိုပါယာဉ်တိုက်မှုအား သောင်ကြီးနယ်မြေရဲစခန်းမှ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**၁၆၄**

# ရွှေဘိုမြို့တွင် ဆိုင်ကယ်ခိုးသူများအား CCTV မှတ်တမ်းအကူအညီဖြင့် ဖမ်းဆီးရမိ

**ရွှေဘို ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့တွင် CCTV မှတ်တမ်းပါ ဓာတ်ပုံများနှင့် နယ်မြေအတွင်း စုံစမ်းစစ်ဆေးခဲ့ရာ ဆိုင်ကယ်ခိုးသူများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

**စုံစမ်းစစ်ဆေး**

ဖြစ်စဉ်မှာ ဒီဇင်ဘာ ၁၅ ရက် ည ၈ နာရီက ရွှေဘိုမြို့ အမှတ် ၅ ရပ်ကွက် မင်းရပ်ရှိ SBO ဂိမ်းဆိုင်ရှေ့တွင် ရပ်ထားသည့် စကူပီဆိုင်ကယ်အား ခိုးယူသွားသောသူများအား ရွှေဘိုမြို့မ ရဲစခန်းမှူး ဒုရဲမှူးမြင့်မောင် ဦးစီးသော တပ်ဖွဲ့ဝင်များက CCTV မှတ်တမ်းဓာတ်ပုံများမှတစ်ဆင့် စုံစမ်းစစ်ဆေးခဲ့ရာ အမှတ် ၁၀ ရပ်ကွက် တပ်မြို့တောင် ရွှေဘိုမြို့နေသူများဖြစ်သည့် တိုးနိုင်ဝင်း (ခ) နီးတူးနှင့် ရဲလင်းထိုက်(ခ) ဖိုးလပြည့်တို့ဖြစ်ကြောင်း သိရှိခဲ့ရသည်။

ထို့ကြောင့် ဒီဇင်ဘာ ၁၇ ရက် ည ၉ နာရီ မိနစ် ၄၀ က ရဲလင်းထိုက်(ခ) ဖိုးလပြည့်အား အမှတ် ၄ ရပ်ကွက်ရှိ အအေးဆိုင်တွင် Click ဆိုင်ကယ်တစ်စီးနှင့်အတူ တွေ့ရှိရသဖြင့် ရဲစခန်းသို့ ခေါ်ယူစစ်ဆေးခဲ့သည်။ စစ်ဆေးပေါ်ပေါက်ချက်အရ ၎င်းနှင့်အတူ တိုးနိုင်ဝင်း(ခ)နီးတူး၊ ဘုန်းမြင့်ကြွယ်(ခ) ဘိုဘို အမှတ် ၁၀ ရပ်ကွက် တပ်မြို့တောင် ရွှေဘိုမြို့နေသူတို့နှင့်အတူ ခိုးယူခဲ့ပြီး မုံရွာမြို့နေသူ ရဲလင်းထွန်းဆိုသူ၏ Click ဆိုင်ကယ်နှင့် ငွေကျပ် တစ်သိန်းငါးသောင်း အလိုက်ယူ၍ လဲလှယ်ခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

**အမှုဖွင့် အရေးယူ**

ထို့နောက် တိုးနိုင်ဝင်း(ခ) နီးတူးနှင့် ဘုန်းမြင့်ကြွယ်(ခ) ဘိုဘိုတို့နှစ်ဦးအား ဖမ်းဆီးရမိခဲ့ပြီး ရွှေဘိုမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်နေယုမောင် ဦးဆောင်သော တပ်ဖွဲ့ဝင်များက မုံရွာသို့ သွားရောက်၍ သက်သေခံ စကူပီဆိုင်ကယ်နှင့် အခြားခိုးမှုမှ သက်သေခံ Click ဆိုင်ကယ်တို့အား သိမ်းဆည်းရမိခဲ့၍ ပြစ်မှုကျူးလွန်သူများအား ရွှေဘိုမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

**မိုးသောက်(ရွှေဘို)**

# ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း၌ ကျောက်စိမ်းတုံးများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးဖမ်းမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်မှ စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ဒီဇင်ဘာ ၁၇ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် အစီး ၈၆၀၊ သွင်းကုန် ၉၅၇ စီး ၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန်အစီး ၅၀ ၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



တရားဝင် စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်အပိုင်းအစ အရွယ်စုံ။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သောကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၁၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ၁၂ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၆၇ ဒသမ ၁၀၅ သန်းခန့်၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆ ဒသမ ၈၀၂ သန်းခန့် စုစုပေါင်းတားဆီးမှု ၂၁ မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃ ဒသမ ၉၀၇ သန်းခန့်အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဒီဇင်ဘာ ၁၆ ရက်က မူဆယ်သို့ သွားရောက်မည့် Mini Cooper ယာဉ်တစ်စီး၊ Toyota Crown ယာဉ်တစ်စီးတို့အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်မောင်းထိုင်ခုံ၏နောက်ရှိ Sound Box အောက်တွင် အံဝှက်ပြုလုပ်၍ လည်းကောင်း၊ ခရီးသည်ထိုင်ခုံအောက်နှင့် ယာဉ်၏နောက်ပိုင်းတွင် အံဝှက်ပြုလုပ်၍ လည်းကောင်း သိုဝှက်သယ်ဆောင်လာသော တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ကျောက်စိမ်းဟု ယူဆရသော ကျောက်အပိုင်းအစအရွယ်စုံ ၁၀၇၃ တုံး၊ ၉၀၇ ကီလိုဂရမ်နှင့် ပစ္စည်းသယ်ဆောင်လာသည့် ယာဉ်နှစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂ ဒသမ ၈၅၀ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပုသိမ်ကြီးမြို့နယ်တွင် ငွေကျပ်သိန်း ၂၄၀၀ ကျော် တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၈**

မူးယစ်တပ်ဖွဲ့စု(၁၇)မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၁၇ ရက် နံနက် ၄ နာရီခွဲက ပုသိမ်ကြီးမြို့နယ် ၁၆ မိုင် ကျောက်ချောစစ်ဆေးရေးစခန်းတွင် ခရီးသည်တင် မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် မနှင်းဝေလှိုင်(ခ) မဂျာဒင်၏ ဆာလာအိတ်နှစ်အိတ်အတွင်းမှ ဘိန်းဖြူဆပ်ပြာခွက် ၁၉၈ ခွက်(ဘိန်းဖြူ အလေးချိန် ၂ ဒသမ ၈၇၁ ကီလို)နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ တို့ကိုလည်းကောင်း ၊ အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်တပ်ဖွဲ့စု(၂၅)တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ရေယားကျေးရွာအနီးတွင် မောင်လွင် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ ဘိန်းစိမ်း ၁၀ ထုပ်( ဘိန်းစိမ်း အလေးချိန် ၁၄ ကီလို ) ကို လည်းကောင်း၊ အလားတူ ည ၉ နာရီက ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် ခရီးသည်တင်မှန်လုံယာဉ်ကိုရှာဖွေရာ ခရီးသည် ချစ်မောင်၏လွယ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**




မနှင်းဝေလှိုင်(ခ)မဂျာဒင်အား ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# ရန်ကုန်-မန္တလေး အမြန်လမ်း၌ ယာဉ်မောင်းအိပ်ငိုက်၍ ယာဉ်တစ်စီး တိမ်းမှောက်ကာ ကိုးဦးဒဏ်ရာရ

**ဒိုက်ဦး ဒီဇင်ဘာ ၁၈**

ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ဥသျှစ်ကုန်းအပိုင် ရန်ကုန်-မန္တလေး အမြန်လမ်းပေါ်တွင် ယာဉ်မောင်းအိပ်ငိုက်၍ အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားပေါ်သို့ ရောက်ရှိ တိမ်းမှောက်မှု ဒီဇင်ဘာ ၁၈ ရက် နံနက် ၆ နာရီ မိနစ် ၄၀ က ဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒိုက်ဦးမြို့နယ် ဥသျှစ်ကုန်းအပိုင် ရန်ကုန်-မန္တလေးအမြန်လမ်းတွင် နေပြည်တော်မှ ရန်ကုန်သို့ ယာဉ်မောင်း ကျော်ဇင် လှိုင်မြို့နယ်နေသူ မောင်းနှင်လာသော ယာဉ်အမှတ် 3p/---- Light Truck ယာဉ်သည် မိုင်တိုင်အမှတ် (၆၄/၀ နှင့် ၆၄/၁ )အကြားတွင် ယာဉ်မောင်းမှာ အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးမြေသားပေါ်သို့ ရောက်ရှိတိမ်းမှောက်သွားပြီး ယာဉ်ပေါ် ပါလာသူ အမျိုးသား ကိုးဦး၊ အမျိုးသမီး ၁၄ ဦးအနက် အမျိုးသားနှစ်ဦး၊ အမျိုးသမီး ခုနစ်ဦးမှာ (မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့ပြီး မြို့ချောင်းတိုက်နယ်ဆေးရုံသို့ပို့ဆောင်၍ ပြင်ပလူနာအဖြစ် ဆေးကုသခံယူလျက်ရှိသည်။

သို့ဖြစ်၍ ယာဉ်မဆင်မခြင်မောင်းနှင်သည့် ယာဉ်မောင်းကျော်ဇင်အား ဥသျှစ်ကုန်းအမြန်လမ်းမကြီး ရဲစခန်းမှ အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်အောင်လှိုင်(ညောင်လေးပင်)**

# အမြန်လမ်း၌ ယာဉ်တစ်စီး နောက်ဘီးပေါက်၍ အရှိန်မထိန်းနိုင်ဘဲ ချောက်ထဲထိုးကျ တိမ်းမှောက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ သီးကုန်းအမြန်လမ်းအပိုင်း မိုင်တိုင်အမှတ် (၂၈၃/ ၄ နှင့်၂၈၃/၅) အကြား နေပြည်တော်ဘက်သို့ ယာဉ်မောင်း ထွန်းဦးမောင်းနှင်လာသော StarX မော်တော်ယာဉ်မှာ ယနေ့မွန်းတည့် ၁၂ နာရီက ဝဲဘက်နောက်ဘီးပေါက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကျွန်းကျော်တက်ကာ ချောက်ထဲထိုးကျ တိမ်းမှောက်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်တွင် ယာဉ်မောင်းပါ အမျိုးသား သုံးဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်း ၁၁ ဦးအနက် အမျိုးသားတစ်ဦး၊ အမျိုးသမီး ရှစ်ဦး ပေါင်းကိုးဦး ဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရှိသူများအား တပ်ဖွဲ့ပိုင်ယာဉ်ဖြင့် မိတ္ထီလာဆေးရုံသို့ ပို့ဆောင်ပေးခဲ့ရသည်။ သို့ဖြစ်၍ ယာဉ်အား မဆင်မခြင် မောင်းနှင်သည့် ယာဉ်မောင်းအား သက်ဆိုင်ရာက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မင်းမြတ်ဦး(နေပြည်တော်)**

# ပါကစ္စတန်ဘုရားရှိခိုးကျောင်း တိုက်ခိုက်မှုတွင် ရှစ်ဦးသေဆုံးပြီး ၄၄ ဦးဒဏ်ရာရ

**အစ္စလာမ်မာဘတ် ဒီဇင်ဘာ ၁၈**

ပါကစ္စတန်အနောက်တောင်ပိုင်း ကွက်တာပြည်နယ်မြို့တော်တွင် တနင်္ဂနွေနေ့ကဖြစ်ပွားခဲ့သည့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တိုက်ခိုက်ခံရမှုအတွင်း သေဆုံးသူ ရှစ်ဦးရှိခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၄၄ ဦးအထိရှိခဲ့ကြောင်း ဆေးရုံသတင်းရင်းမြစ်များက ဆင်ဟွာသို့ ပြောကြားခဲ့သည်။

သေဆုံးသူများနှင့် ဒဏ်ရာရရှိသူ အရေအတွက်ကို ပြည်သူ့ဆေးရုံမှ ပြောရေးဆိုခွင့်ရှိသူ ဝါဆင်ဘစ်က ဖုန်းဖြင့်ဆက်သွယ်၍ ပြောကြားခဲ့သည်။

ထိခိုက်ဒဏ်ရာရရှိခဲ့သူများအနက် ကိုးဦးမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိရာ သေဆုံးသူအရေအတွက် ထပ်မံမြင့်တက်လာနိုင်ဖွယ်ရာရှိနေကြောင်း ဒေသခံများက ဆိုသည်။ ဘုရားရှိခိုးကျောင်းတိုက်ခိုက်မှုအတွင်း ပေါက်ကွဲပစ္စည်း ၁၀ မှ ၁၅ ကီလိုဂရမ်အထိ အသုံးပြုခဲ့ကြောင်း သိရသည်။

ဘာလူချီစတန်ပြည်နယ် မြို့တော်ကွက်တာရှိ ဇာဂွန်းလမ်းပေါ်တွင်တည်ရှိသည့် ဘုရားရှိခိုးကျောင်းကို အကြမ်းဖက်သမား လေးဦးပါဝင်သည့် အဖွဲ့တစ်ဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း ဘာလူချီစတန်အနောက်တောင်ပိုင်းပြည်နယ်ရှိ ပြည်ထဲရေးဝန်ကြီး ဆာဖရက် ဘတ်တီက ပြောသည်။

အသေခံဗုံးခွဲတိုက်ခိုက်သူတစ်ဦးမှာ ၎င်း၏ ပေါက်ကွဲပစ္စည်းများကို ဖောက်ခွဲခြင်းမပြုမီ ဘုရားရှိခိုး ကျောင်းဝင်ပေါက်တွင် စောင့်ကြပ်နေသည့် ရဲများက အသေပစ်သတ်ခဲ့သည်။

ဒုတိယမြောက် ဗုံးခွဲသူမှာ ရဲတပ်ဖွဲ့၏ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီးနောက်တွင် ဘုရားရှိခိုးကျောင်းအပြင်ဘက်သို့ ထွက်သွားခဲ့သည်။

ထို့နောက်တွင် အကြမ်းဖက်တိုက်ခိုက်သူ တစ်ဦးတစ်ယောက်မျှ ဘုရားရှိခိုးကျောင်း အဆောက်အအုံဥပစာအတွင်းသို့ ဝင်ရောက်နိုင်ခြင်းမရှိတော့ကြောင်း သိရသည်။

ရဲများက သေနတ်ဖြင့်ပြန်လည်ပစ်ခတ်ခဲ့ပြီးနောက်တွင် အကြမ်းဖက်သမားများအနက် နှစ်ဦးသည် အခင်းဖြစ်ပွားသည့်နေရာမှ ထွက်ပြေးရန် ကြိုးစားခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောသည်။ ရဲတပ်ဖွဲ့ဝင်များသည် ဘုရားရှိခိုးကျောင်းကို ရှင်းလင်းရေး လုပ်ဆောင်ခဲ့ကြပြီး အနီးတစ်ဝိုက်ဧရိယာများကိုလည်း နယ်မြေရှင်းလင်းသည့် စစ်ဆင်ရေး လုပ်ဆောင်ခဲ့သည်။

တိုက်ခိုက်မှုဖြစ်ပွားချိန်တွင် ဘုရားရှိခိုးကျောင်းအတွင်း၌ ဆုတောင်းဝတ်ပြုနေကြသူလူ ၅၀၀ ခန့်ရှိကြောင်း သိရသည်။ မြို့တွင်းရှိ ဆေးရုံများအားလုံးတို့တွင် အရေးပေါ်အခြေအနေ တစ်ရပ်ကို ထုတ်ပြန်ကြေညာခဲ့သည်။

ယင်းတိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ကယ်ဆယ်ရေးအဖွဲ့များ၊ လုံခြုံရေးအင်အားစုများနှင့် ရဲတပ်ဖွဲ့တို့သည် အခင်းဖြစ်ပွားရာသို့ ချက်ချင်းရောက်ရှိလာခဲ့ကြပြီး သေဆုံးသူအလောင်းများကို သယ်ဆောင်ရွှေ့ပြောင်းကာ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ပို့ဆောင်ခဲ့ကြောင်း သိရသည်။ ကွက်တာ၌ အဆင့်မြင့်လုံခြုံရေး သတိပေးချက်ကိုလည်း ထုတ်ပြန်ခဲ့သည်။

လုံခြုံရေးအဖွဲ့ဝင်များကသာ အချိန်နှင့်တစ်ပြေးညီ တုံ့ပြန်ဆောင်ရွက်ခဲ့ခြင်းမရှိပါက သေဆုံးသူအရေအတွက်မှာ ယခုထက်ပင်ပိုမိုမြင့်တက်နိုင်သည်ဖြစ်ရာ စစ်ဆင်ရေးအောင်မြင်ခဲ့သည်ဟုဆိုရမည်ဖြစ်ကြောင်း ထောက်လှမ်းရေးအဖွဲ့ဒုတိယအကြီးအကဲ အဗ္ဗဒူရာဇက်က ပြောကြားခဲ့သည်။ တိုက်ခိုက်မှုကို မည်သည့် အဖွဲ့က လုပ်ဆောင်ခဲ့ကြောင်း မသိရှိရသေးပေ။

**ဆင်ဟွာ**



အခင်းဖြစ်ပွားခဲ့သည့် ဘုရားရှိခိုးကျောင်း အပြင်ဘက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို တွေ့ရစဉ်

# ဆော်ဒီ ဦးဆောင်သည့် လေကြောင်းတိုက်ခိုက်မှုအတွင်း အမျိုးသမီး ၁၀ ဦး သေဆုံး

**ဆာနား ဒီဇင်ဘာ ၁၈**

ယီမင်နိုင်ငံအလယ်ပိုင်း မာရစ်ပြည်နယ်တွင် တနင်္ဂနွေနေ့က ဆော်ဒီအာရေဗျဦးဆောင်သည့်မဟာမိတ် လေကြောင်းတိုက်ခိုက်မှုကြောင့် အမျိုးသမီး ၁၀ ဦး သေဆုံးသွားခဲ့ကြောင်း ပြည်နယ်လုံခြုံရေး အာဏာပိုင်များနှင့် ဆေးအဖွဲ့တို့က ပြောကြားခဲ့သည်။

အမျိုးသမီးများအား တင်ဆောင်လာသည့်ဘတ်စ်ကားသည် မင်္ဂလာဆောင်အခမ်းအနားတစ်ခုမှ ပြန်လာချိန်တွင် လေကြောင်းတိုက်ခိုက်မှုခံခဲ့ရပြီး အမျိုးသမီး ၁၀ ဦးသေဆုံးသွားခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ကားမောင်းသူ အမျိုးသားမှာလည်း ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည့်အတွက် အသက်အန္တရာယ်စိုးရိမ်ရကြောင်း မာရစ်ဆေးရုံရှိအာဏာပိုင်များက ပြောသည်။

လေကြောင်း တိုက်ခိုက်မှုသည် ယီမင်မြို့တော်ဆာနား အရှေ့မြောက်ပိုင်းမှ ၁၇၀ ကီလိုမီတာအကွာခန့်ရှိ ရှီးယိုက်ဟူသီသူပုန်များ ထိန်းချုပ်ထားသည့် ဟာရစ်အယ်လ် ကာရာမစ်ရှ်ဒေသ ဧရိယာတွင် သွားနေသည့်ဘတ်စ်ကားကို ထိမှန်ခဲ့ခြင်းဖြစ်သည်။

ပြီးခဲ့သည့်ဗုဒ္ဓဟူးနေ့ကလည်း ဟူသီတို့ ထိန်းချုပ်ထားသည့်ဆာနားရှိ ရဲတပ်ဖွဲ့လေ့ကျင့်ရေးစခန်းအတွင်းရှိ အကျဉ်းထောင်ကို ဆော်ဒီ ဦးဆောင်မဟာမိတ်များက လေကြောင်းတိုက်ခိုက်မှု ခုနစ်ကြိမ်ပြုလုပ်ခဲ့သည်။

ယင်းတိုက်ခိုက်မှုတွင် အကျဉ်းသား ၃၁ ဦးသေဆုံး သွားခဲ့ပြီး ၅၉ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း ဟူသီထိန်းချုပ်ထားသည့်ဆာနားရှိ ဆာဘာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်။

ဆော်ဒီဦးဆောင်သည့် မဟာမိတ်များသည် အီရန်တို့မဟာမိတ်ပြုထားသည့် ဟူသီသူပုန်များကို ဆုတ်ခွာသွားစေရန်နှင့် ဟူသီသူပုန်များကနှင်ထုတ်ခဲ့သည့် ယီမင်သမ္မတဟောင်း အဗ္ဗဒူရာဘူလ် မန်ဆောဟာဒီကို အကူအညီပေးရန် ၂၀၁၅ ခုနှစ် မတ်လမှစတင်ကာ ယီမင်ပဋိပက္ခအတွင်း ကြားဝင်စွက်ဖက်ခဲ့သည်။

စစ်ပွဲကြောင့် ယီမင်ပြည်သူ ၁၀၀၀၀ ကျော် သေဆုံးခဲ့ပြီး လူသုံးသန်းကျော် အိုးအိမ်မဲ့ခဲ့ကာ ကမ္ဘာ့အဆိုးရွားဆုံး လူသားချင်း စာနာထောက်ထားမှု အကျပ်အတည်းများကို ပေါ်ပေါက်လာစေခဲ့သည်။

**ဆင်ဟွာ**



တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်း

## သုံးနိုင်ငံအစည်းအဝေးနှောင့်နှေးခဲ့လျှင် ဂျပန်ဝန်ကြီးချုပ်နှင့် တွေ့ဆုံရန် တောင်ကိုရီးယားသမ္မတ ဂျပန်သို့သွားရောက်မည်

**ဆိုးလ် ဒီဇင်ဘာ ၁၈**

တောင်ကိုရီးယားသမ္မတ မွန်ဂျယ်အင်းသည် အကယ်၍ ဂျပန်၊ တောင်ကိုရီးယားနှင့် တရုတ် သုံးနိုင်ငံထိပ်သီး အစည်းအဝေးကျင်းပမှုနှောင့်နှေးခဲ့လျှင် လာမည့်မေလထဲတွင် ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ရန်အတွက် ဂျပန်သို့သွားရောက်မည်ဖြစ်ကြောင်း တောင်ကိုရီးယားအကြီးတန်းအာဏာပိုင်တစ်ဦးက ပြောကြားခဲ့သည်။

တရုတ်ဝန်ကြီးချုပ် လီခေ့ချင်းသည် ဆွေးနွေးပွဲများနှင့်ပတ်သက်၍ ကောင်းမွန်သည့် သဘောထားကိုဖော်ပြနေသည်ဖြစ်ရာ တောင်ကိုရီးယားအစိုးရသည် သုံးနိုင်ငံထိပ်သီးအစည်းအဝေးမကြာမီ ကျင်းပနိုင်ရန် စောင့်မျှော်လျက်ရှိကြောင်း တောင်ကိုရီးယားအကြီးတန်းအာဏာပိုင်က ပြောကြားသည်။

အကယ်၍ လီ၏အစီအစဉ်များသည် သုံးနိုင်ငံထိပ်သီးအစည်းအဝေးပွဲကို နှောင့်နှေးကြန့်ကြာစေခဲ့ပါက မွန်သည်အာဘေးနှင့် ဆွေးနွေးရန် ဂျပန်သို့သွားရောက်ခြင်းကို ထည့်သွင်းစဉ်းစားထားကြောင်း ၎င်းက ပြောကြားခဲ့သည်။

တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီး ကန်ကျောင်ဝါသည်လည်း လာမည့်အင်္ဂါနေ့တွင် ဂျပန်သို့နှစ်ရက်ကြာ အလည်အပတ်သွားရောက်မည်ဖြစ်သည်။ မကြာသေးမီက တရုတ်နိုင်ငံသို့ သွားရောက်ခဲ့သည့်ခရီးစဉ်အတွင်း မွန်က ၁၉၃၇ ခုနှစ် နန်ကျင်းလူသတ်ပွဲဖြစ်ရပ်အကြောင်းကို ရည်ညွှန်းခဲ့ပြီး တောင်ကိုရီးယားနှင့် တရုတ်တို့သည် ဂျပန်နိုင်ငံအပါအဝင် တူညီသည့်သမိုင်းကြောင်းဆိုင်ရာရပ်တည်မှုများ ရှိခဲ့ကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# ရဟတ်ယာဉ် မတော်တဆဖြစ်ခဲ့သည့်အတွက် အမေရိကန်တပ်မတော်တောင်းပန်

**ဝါရှင်တန် ဒီဇင်ဘာ ၁၈**

အမေရိကန်တပ်မတော်မှ အကြီးတန်း အာဏာပိုင်တစ်ဦးသည် ဂျပန်နိုင်ငံ တောင်ပိုင်းအိုကီနာဝါစီရင်စုရှိ မူလတန်းကျောင်း တစ်ကျောင်းပေါ်သို့ အမေရိကန် တပ်မတော်ရဟတ်ယာဉ် တစ်စင်း၏ မတော်တဆဖြစ်ခဲ့မှုအတွက် တောင်းပန်ခဲ့ကြောင်း သိရသည်။

CH-53 ရဟတ်ယာဉ်မှ ပြတင်းတံခါးတစ်ချပ်သည် ဗုဒ္ဓဟူးနေ့က ဂီနိုဝမ်မြို့ရှိ မူလတန်းကျောင်းဝင်းထဲသို့ ကျရောက် ခဲ့သည်။ ၈ ကီလိုဂရမ် အလေးချိန်ရှိသည့် ပြတင်းတံခါးသည် ကျောင်းသားကျောင်းသူများ လေ့ကျင့်သင်ကြားနေသည့်နေရာမှ ၁၀မီတာအကွာတွင် ကျရောက်ခဲ့သည်။




အမေရိကန်မရိန်းတပ်ဖွဲ့အကြီးအကဲ ဒါရင်ကလာကီသည် တနင်္လာနေ့တွင် အဆိုပါမူလတန်းကျောင်းသို့ သွားရောက်ခဲ့ပြီး ကျောင်းအုပ်ကြီးနှင့် တွေ့ဆုံခဲ့သည်။ မိနစ်လေးဆယ်ကြာ တံခါးပိတ်ဆွေးနွေးမှုတွင် ပါဝင်ခဲ့သည့် ပညာရေးအဖွဲ့ အာဏာပိုင်တစ်ဦးက ကလာကီသည် ကျောင်းမှလူများအား အကြီးအကျယ်ပူပန်သောက ရောက်စေခဲ့သည့်အတွက် ဝမ်းနည်းပူဆွေးကြောင်းကို ဖော်ပြတောင်းပန်ခဲ့သည်ဟု ပြောကြားခဲ့သည်။

ကျောင်းအုပ်ဆရာမကြီးက ကလေးငယ်များ၏လုံခြုံရေးကို နှုတ်မှုစကားလုံးများဖော်ပြမှုဖြင့် မလုံလောက်ကြောင်းနှင့် ၎င်းတို့ကျောင်းပေါ်တွင် မည်သည့်လေယာဉ်မျှ ပျံသန်းတော့မည်မဟုတ်ကြောင်းဖော်ပြသည့် စာရွက်စာတမ်းအထောက်အထားတစ်ခု ပေးအပ်ရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

## နိုင်ငံတကာ သတင်းတိုထွာ

### ချီလီ၌ မြေပြိုမှုကြောင့် လူငါးဦး သေဆုံး

**ချီလီ ဒီဇင်ဘာ ၁၈**

ချီလီတောင်ပိုင်းရှိ ကျေးရွာတစ်ရွာတွင် မြေပြိုမှုကြောင့် လူငါးဦးထက်မနည်း သေဆုံးခဲ့ပြီး ၁၅ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

မြေပြိုမှုသည် ချီလီမြို့တော် ဆန်တီယာဂိုတောင်ပိုင်းမှ ၁၂၀၀ ကီလိုမီတာအကွာ ဗီလာစန်တာလူစီယာတွင် စနေနေ့နံနက်ပိုင်းက ဖြစ်ပွားခဲ့ကြောင်း သိရသည်။ မြေပြိုမှုကြောင့် ကျောင်းတစ်ကျောင်းနှင့် နေအိမ်များပျက်စီးသွားခဲ့သည်။

ချီလီသမ္မတ မီချယ်လီဘက်ခ်ီလက်သည် မြေပြိုမှုကြောင့် ထိခိုက်ခံစားရသည့် ပြည်သူများအတွက် အကူအညီအထောက်အပံ့များရနိုင်သမျှ ပေးအပ်ကြရန် အလေးအနက် ပြောကြားခဲ့သည်။ မြေပြိုမှုဖြစ်ပွားသည့်နေရာကို သဘာဝဘေးအန္တရာယ်ဇုန်အဖြစ် သတ်မှတ်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မြေပြိုမှုဖြစ်ပွားသည့် ကျေးရွာတွင် လွန်ခဲ့သည့်ရက်က စံချိန်တင်မိုးရေချိန် အမှတ်အထိ ရွာသွန်းခဲ့ကြောင်း ချီလီမီဒီယာက ပြောကြားသည်။

ကယ်ဆယ်ရေးလုပ်သားများသည် လမ်းများပိတ်ဆို့သွားပြီးနောက် သောင်တင်ကျန်ရစ်နေသည့် ဒေသခံများထံသို့ ရောက်အောင် ကြိုးစားနေကြကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

### အာဖဂန်စုံစမ်းရေးအဖွဲ့က သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီး

**ကဘူးလ် ဒီဇင်ဘာ ၁၈**

အာဖဂန်ထောက်လှမ်းရေး အေဂျင်စီမှ တာဝန်ရှိသူများသည် တစ်ရက်တာအတွင်း စစ်သွေးကြွဟု သံသယရှိသူ ၁၀ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း အာဖဂန်၏ အဓိက ထောက်လှမ်းရေးအေဂျင်စီဖြစ်သည့် အမျိုးသားလုံခြုံရေးဆိုင်ရာ ဒါရိုက်တာအဖွဲ့ (NDS) က တနင်္ဂနွေနေ့တွင် ပြောကြားခဲ့သည်။

စစ်သွေးကြွဟု သံသယရှိသူများကို အာဖဂန်တစ်လွှားတွင် ပြီးခဲ့သည့် ၂၄ နာရီအတွင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ပြီး မေးခွန်းများ မေးမြန်းစစ်ဆေးရန်အတွက် သက်ဆိုင်ရာဌာနများသို့ ရွှေ့ပြောင်းခဲ့ကြောင်း NDS အဖွဲ့က ပြောကြားခဲ့သည်။ ဖမ်းဆီးမှုအတွင်း ပြန်ပေးဆွဲသူတစ်ဦးကိုလည်း ဖမ်းဆီးနိုင်ခဲ့ကြောင်း သိရသည်။

တာလီဘန် စစ်သွေးကြွများနှင့် အစ္စလာမ္မစ် တိုက်ခိုက်ရေးအဖွဲ့များက နယ်မြေပိုင်နက်ရရှိရေး ကြိုးပမ်းနေသည်ဖြစ်ရာ NDS အဖွဲ့တာဝန်ရှိသူများသည် စနေနေ့အစောပိုင်းကတည်းက နေရာအနှံ့အပြားတွင် အထူးစစ်ဆင်ရေးများ ဆင်နွှဲခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပါတီခေါင်းဆောင်နေရာကနေ ဆင်းပေးတော့မယ့် တောင်အာဖရိကသမ္မတ ဇူးမား

**ချူးစန္ဒီနွေး**




**တောင်အာဖရိကမှာ နယ်လ်ဆင်မင်ဒဲလားရဲ့ အာဖရိကန်အမျိုးသားပါတီဟာ အာဖရိကတစ်လွှားလုံးအတွက် မျှော်လင့်ချက်အလင်းရောင် ဖြစ်ခဲ့ဖူးပါတယ်။ တောင်အာဖရိကမှာရှိတဲ့ လူမည်းတွေဟာ လူဖြူတွေအုပ်ချုပ်မှုလက်ကနေလွတ်မြောက်ရေးအတွက် ယုံကြည်အားကိုးရာဖြစ်ခဲ့ပါတယ်။ ဒ့ါအပြင် အာဖရိကန်အမျိုးသားပါတီဟာ အရင်တုန်းကဖိနှိပ်အုပ်စိုးခဲ့သူ လူဖြူတွေနဲ့ ပြန်လည်သင့်မြတ်ရေးကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အခုချိန်မှာတော့ အာဖရိကန်အမျိုးသား ကွန်ဂရက်ပါတီဟာ ခေါင်းဆောင်သစ် ရွေးချယ်တော့မှာပဲ ဖြစ်တယ်။**

အာဖရိကတစ်လွှားမှာရှိတဲ့ နိုင်ငံတွေမှာနေထိုင်ကြတဲ့ လူတွေအတွက် အာဖရိကန် အမျိုးသားပါတီဟာ တစ်ခါတုန်းက လွတ်မြောက်ရေးအတွက် သမိုင်းဝင်တိုက်ပွဲဝင်ခဲ့ကြတယ်ဆိုတာ အခုအခါမှာတော့ ရိုးသွားသလိုပါပဲ။ တောင်အာဖရိကမှာ အကျင့်ပျက်ခြစားမှုတွေ ပေါလာတယ်။ တစ်ဖက်နဲ့တစ်ဖက် ပြစ်တင်ရှုတ်ချမှုတွေသာ များလာတယ်။ ဒီလိုနဲ့ တောင်အာဖရိက နိုင်ငံဟာလည်း စံပြနိုင်ငံဖြစ်မလာဘဲ သာမန်တိုင်းပြည်တစ်ပြည်သာဖြစ်လာခဲ့တော့တယ်။

အခုအချိန်မှာ အာဖရိကန်အမျိုးသားကွန်ဂရက် ANC ပါတီဟာ ပါတီအတွက် ခေါင်းဆောင်အသစ်ကို ရွေးချယ်ဖို့ အစပြုနေပါပြီ။ ပါတီရဲ့ ရွေးကောက်ပွဲမှာ အနိုင်ရတဲ့သူဟာ လာမယ့် ၂၀၁၉ ခုနှစ်အတွက် တောင်အာဖရိကရဲ့ သမ္မတသစ်ဖြစ်လာနိုင်ပါတယ်။ ANCပါတီဟာ ပါလီမန်မှာလည်း အာဏာလျော့ကျလာပါတယ်။

လက်ရှိ တောင်အာဖရိကရဲ့ သမ္မတဟာ ဂျက်ကော့ဇူးမားဖြစ်ပြီး သူဟာ ၂၀၀၉ခုနှစ် ကတည်းက နိုင်ငံကိုဦးဆောင်ခဲ့တာ ဖြစ်တယ်။ သူနဲ့ပတ်သက်လို့ ပဋိပက္ခတွေ အများကြီး ပေါ်ပေါက်ခဲ့တယ်။ ပုဂ္ဂိုလ်ရေးရာအရသာမက နိုင်ငံရေးအရပါ သူ့ကြောင့် လူထုအုံကြွမှုတွေ ဖြစ်လာခဲ့တယ်။ သူ့နောက်ဆက်ခံမယ့်သူကို ပါတီက ရွေးချယ်ပြီးတဲ့ နောက်မှာတော့ သမ္မတ ဂျက်ကော့ဇူးမားဟာ ပါတီခေါင်းဆောင်နေရာကနေ ဆင်းပေးရတော့မှာပဲ ဖြစ်တယ်။ ပါတီခေါင်းဆောင်သစ်ကိုလည်း ဒီဇင်ဘာ ၁၈ ရက်မှာ ရွေးမယ်လို့ ခန့်မှန်းရပါတယ်။

ရွေးကောက်ပွဲ ညီလာခံကို တိုင်းပြည်ရဲ့ အကြီးဆုံးမြို့ဖြစ်တဲ့ ဂျိုဟန်နက်စ်ဘတ်မှာ ပြုလုပ်မယ်လို့ သိရပါတယ်။ သမ္မတဇူးမားရဲ့ ပါတီခေါင်းဆောင်အဖြစ် ပြောကြားခဲ့တဲ့ နောက်ဆုံးမိန့်ခွန်းမှာတော့ ANC ပါတီဟာ လက်ရှိမှာအင်အားနည်းနေပြီး အသစ်ပြန်လည်ဖြည့်စွမ်းဖို့ လိုအပ်လာပြီဖြစ်တယ်လို့ ပြောခဲ့ပါတယ်။ သူ့ရာထူးကနေ ဆင်းပေးရမှာနဲ့ ပတ်သက်ပြီး သူ့ပါတီကို အပြစ်မတင်ခဲ့ပေမယ့် ပြင်ပက အင်အားစုတွေကိုတော့ အပြစ်ဖို့ခဲ့ပါတယ်။

လူဖြူတွေကြီးစိုးနေတဲ့ စီးပွားရေးအသိုက်အဝန်းနဲ့ ပတ်သက်ပြီး သူ့ပါတီဟာ အလိုလောဘကြီးမှုတွေကနေလည်း ကာကွယ်ပေးနိုင်ဖို့ လိုအပ်ကြောင်း ပြောခဲ့ပါတယ်။ ပုဂ္ဂလိကအခန်းကဏ္ဍမှာ အကျင့်ပျက်ခြစားမှုတွေဟာ ပိုပိုပြီးဆိုးလာတယ်လို့ ဆက်ပြောပါတယ်။ ယခုအခါ နှစ်ခြမ်းကွဲ မလိုဖြစ်နေတဲ့ပါတီမှာ ဂျက်ကော့ဇူးမားရဲ့နေရာကို ဆက်ခံဖို့ ပြိုင်ဆိုင်နေကြတဲ့ လူနှစ်ဦးရှိပါတယ်။ တစ်ဦးကတော့ Nkosazana Dlamini Zuma ဆိုတဲ့ ဆရာဝန်တစ်ဦးဖြစ်ပြီး အရင်အစိုးရနဲ့အတူ လုပ်ငန်းတွေ လုပ်ဆောင်ခဲ့ဖူးပါတယ်။ သူဟာသမ္မတဇူးမားရဲ့ ဇနီးဟောင်းတစ်ဦးလည်း ဖြစ်တယ်။ ဒါကြောင့် သူ့မှာထောက်ခံမှုတွေ အများကြီးရထားတယ်။ သမ္မတဇူးမားရဲ့ မဟာမိတ်တွေဆီကလည်း ထောက်ခံမှုကို ရထားတယ်။

နောက်တစ်ဦးကတော့ ဒုတိယသမ္မတ CyrilRamaphosay ပဲဖြစ်တယ်။ သူကတော့မစ္စတာဇူးမားရဲ့ခါးသီးတဲ့ အတိုက်အခံတွေဘက်က ထောက်ခံမှုကို ရရှိထားတယ်။ စီးပွားရေးသမားတွေ၊ လူလတ်တန်းစားလူမည်း မဲဆန္ဒရှင်တွေဆီက ထောက်ခံမှုကို ရရှိထားတယ်။ တစ်ခါတုန်းက အလုပ်သမားသမဂ္ဂခေါင်းဆောင်အဖြစ် ဆောင်ရွက်စဉ်က ANC ပါတီရဲ့ ချိတ်ဆက်မှုတွေနဲ့ သူဟာ တိုင်းပြည်ရဲ့ အကြွယ်ဝဆုံးသူတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ANC ပါတီရဲ့လူကြိုက်နည်းသွားရမှုနဲ့ ပတ်သက်ပြီး အသက် ၇၅ နှစ်အရွယ်ရှိတဲ့ သမ္မတဇူးမားကို ဝေဖန်ကြပါတယ်။ သမ္မတဇူးမားဟာလက်ရှိမှာ ဇနီးခြောက်ယောက်ရှိပြီး အမျိုးသမီးကိစ္စနဲ့ ပတ်သက်ပြီး အရှုပ်အရှင်းတွေကလည်း သူ့ကိုတိုက်ခိုက်ဖို့ နည်းလမ်းတွေ ဖြစ်လာခဲ့တယ်။



ANC ပါတီဟာ အခြားသော အာဖရိကမှာရှိတဲ့လူဖြူတွေ အုပ်ချုပ်မှုလက်အောက်မှ လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ ဇင်ဘာဘွေ၊ အန်ဂိုလာ၊ နမ်မီးဘီးယားတို့မှာ ရှိတဲ့ပါတီတွေလိုပါပဲ။ အခုထက်ထိတိုင်အောင် အာဏာကို ဆက်လက်ထိန်းသိမ်းထားနိုင်တုန်းပါပဲ။ သမ္မတဇူးမားရဲ့လက်ထက်မှာ တောင်အာဖရိကနိုင်ငံရဲ့စီးပွားရေးဟာ နှေးကွေးခဲ့ပါတယ်။ အကျင့်ပျက်လာဘ်စားမှုတွေဟာလည်း ပေါများလာပြီး ဖြိုဖျက်ဖို့အတွက် ခဲယဉ်းလာပါတယ်။ နိုင်ငံတစ်ဝန်း စီးပွားရေးလုပ်ငန်းကြီးတွေဟာလည်း သမ္မတဇူးမားရဲ့ မဟာမိတ်တွေ၊ သူငယ်ချင်းတွေကလည်း လုပ်ကိုင်ခွင့်ရကြပါတယ်။ ဒါကြောင့်လည်း လူလတ်တန်းစား စီးပွားရေးသမားတွေက မစ္စတာဇူးမားကို မကျေနပ်ကြတာပဲဖြစ်တယ်။

ANC ပါတီဟာ လူဖြူတွေ အုပ်ချုပ်မှုအောက်ကနေ ရုန်းထွက်ဖို့ ကြိုးစားရာမှာ အဓိကပါဝင်ခဲ့တဲ့ပါတီဖြစ်လို့ လူအများစုက ထောက်ခံကြပါတယ်။ ဒါပေမယ့် ANC ပါတီဟာ ရှုပ်ထွေးတဲ့ ခေတ်မီလူ့အဖွဲ့အစည်းနဲ့ တန်းတူမှုဝါဒတွေကို ပြုပြင်ပြောင်းလဲရာမှာတော့ ပျက်ကွက်ခဲ့တယ်လို့ နိုင်ငံရေးသုတေသီ တစ်ဦးဖြစ်သူ Ralph Mathekga က ပြောပါတယ်။ ANC အပေါ်မှာထားတဲ့လူတွေရဲ့မျှော်လင့်ချက်ကကြီးမားပါတယ်။ ANCဟာ နယ်လ်ဆင်မင်ဒဲလားဦးဆောင်ခဲ့တဲ့ ပါတီဖြစ်တာကြောင့်လည်း ပါပါတယ်။ လူဖြူအုပ်ချုပ်ရေးဟာ ၁၉၉၄ ခုနှစ်မှာ အဆုံးသတ်ခဲ့ပြီး တိုက်ကြီးတစ်တိုက်လုံးမှာလည်း လွတ်မြောက်ရေးကြိုးပမ်းမှုတွေဟာ လွှမ်းမိုးသွားတယ်။ နယ်လ်ဆင်မင်ဒဲလားဟာ ၁၉၉၄ ခုနှစ်ကနေ ၁၉၉၉ ခုနှစ်အထိ တိုင်းပြည်ကို ဦးဆောင်ခဲ့ပါတယ်။ ANC ပါတီလိုပဲ အာဖရိကမှာ လွတ်မြောက်ရေးအတွက် ကြိုးပမ်းခဲ့ကြတဲ့ ပါတီတွေ တော်တော်များများဟာလည်း အရင်အတိုင်းပဲ မပြောင်းလဲဘဲရှိ နေကြပါသေးတယ်။ အခုချိန်မှာတော့ ANC ပါတီဟာ ခေါင်းဆောင်ပိုင်းအပြောင်းအလဲ လုပ်ပါတော့မယ်။

မစ္စ Dlamini Zumaကိုပါတီအတွင်းက လူငယ်ထုနဲ့ အမျိုးသမီးတွေက ထောက်ခံကြပါတယ်။ ဒါပေမယ့်လည်း သူသာ ခေါင်းဆောင်ဖြစ်လာခဲ့ရင် မစ္စတာဇူးမားရဲ့ ခေတ်ဟာကုန်သွားပြီးလို့ ပြောလို့မရသေးပါဘူး။ သမ္မတဇူးမားလုပ်ခဲ့တဲ့ အကျင့်ပျက်လာဘ်စားမှုတွေကို တရားစွဲဆိုဖို့ရာမှာလည်း မစ္စ Dlamini Zuma ဦးဆောင်တဲ့ အစိုးရကအကာအကွယ်ပေးဖွယ်ရာရှိပါတယ်။ သူသာအနိုင်ရလာပြီး သမ္မတဖြစ်လာခဲ့ရင် စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေ လုပ်ဆောင်ကာ နိုင်ငံရဲ့ ကြွယ်ဝချမ်းသာမှုတွေကို လူဖြူတွေလက်ထဲကနေ လူမည်းတွေလက်ထဲရောက်အောင် ဆောင်ကြဉ်းပေးမယ်လို့ ဆိုပါတယ်။ လူနည်းစုလူဖြူလူချမ်းသာတွေဟာ သူ့ကိုမထောက်ခံတဲ့အတွက်လည်း မအံ့သြဘူးလို့လွန်ခဲ့တဲ့ လကပဲ ပြောခဲ့ပါတယ်။ ဒါပေမယ့်လည်းသူဟာ သူ့အရင်ယောကျ်ားဟောင်းဖြစ်သူ သမ္မတဇူးမားရဲ့ အစိုးရအဖွဲ့ ကျူးလွန်ခဲ့တဲ့ အကျင့်ပျက်လာဘ်စားမှုတွေနဲ့ ပတ်သက်လို့ကတော့ ဝေဖန်ပြောဆိုတာ အနည်းငယ်မျှလောက်ပဲ လုပ်ခဲ့ပါတယ်။

မစ္စတာ Ramaphosay သာ အနိုင်ရခဲ့ရင် စီးပွားရေးကို လျင်လျင်မြန်မြန် တိုးချဲ့နိုင်ပြီး နိုင်ငံကိုအကြွေးနွံထဲကနေလည်း ဆွဲထုတ်နိုင်ပါတယ်။ လွန်ခဲ့ တဲ့နှစ်တုန်းက ANC ပါတီအတွက် တုန်လှုပ်ချောက်ချားဖွယ်ဖြစ်ရပ်ကတော့ လူထုထောက်ခံမှုကျဆင်းသွားခြင်းပဲ ဖြစ်တယ်။

ပါတီအာဏာရလာပြီးကတည်းက ဒါဟာပထမဦးဆုံးအကြိမ် လူထုထောက်ခံမှု ကျဆင်းသွားခြင်းလည်း ဖြစ်တယ်။ လူလတ်တန်းစား လူမည်းမဲဆန္ဒရှင်တွေကြီးစိုးတဲ့ အဓိကမြို့ကြီးသုံးမြို့မှာ ANC ပါတီကိုမဲမပေးကြဘဲ ပြိုင်ဘက်ပါတီကို မဲပေးလာကြတယ်။ ဒါဟာ ANC ပါတီအတွက် ပြုပြင်ပြောင်းလဲမှုတွေ လုပ်သင့်နေပြီဆိုတာ ပြသနေတာပဲ ဖြစ်တယ်။

လွန်ခဲ့တဲ့လအတွင်းကလည်း ဇင်ဘာဘွေနိုင်ငံက သမ္မတမူဂါဘီ ရာထူးကနေ ဆင်းပေးလိုက်ရတယ်။ သမ္မတ မူဂါဘီဆိုရင်လည်း လူဖြူအုပ်ချုပ်မှု လက်အောက်ကနေ လွတ်မြောက်ဖို့ ရုန်းကန်ခဲ့တဲ့ ခေါင်းဆောင်တွေထဲမှာ နောက်ဆုံးသက်ရှိထင်ရှားကျန်ရှိနေတဲ့ လူလည်း ဖြစ်တယ်။

ဒါပေမယ့်လည်း သူ့နောက်ဆက်ခံသူကိုရွေးချယ်တဲ့အခါ သူ့ဇနီးကို ရွေးချယ်ခဲ့တဲ့အခါမှာတော့ သူလည်းရာထူးကနေ ပြုတ်ကျသွားတယ်။ ဒီတော့ တောင်အာဖရိကနိုင်ငံရဲ့ ANC ပါတီဟာလည်း လူထုထောက်ခံမှုတွေ မဆုံးရှုံးသွားခင်မှာ ပြုပြင်ပြောင်းလဲမှုတွေလုပ်ဖို့ အမှန်တကယ် လိုအပ်လာပြီပဲ ဖြစ်ပါတယ်။

**ကိုးကား-နယူးယောက်တိုင်းမ်**

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှ အဆက်*

**အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း**

၁၂၀။ (က) အောက်ပါအချက်များနှင့်ကိုက်ညီလျှင် ကုမ္ပဏီသည် ၎င်း၏အစုရှယ်ယာများကို ပြန်လည် ဝယ်ယူနိုင်သည်-

(၁) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူပြီးနောက် ချက်ချင်းကြွေးမြီ စစ်ဆေးချက်ကို ကျေနပ်လက်ခံလျှင်၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီ၏အစုရှယ်ယာရှင်များ အားလုံးအတွက် မျှတလျော်ကန်မှုရှိလျှင်၊

(၃) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းသည် ကုမ္ပဏီက ယင်း၏ မြီရှင်များသို့ ငွေပေးချေရမည့် တာဝန်များကို အများစုထိခိုက်မှု မရှိလျှင်နှင့်

(၄) ပုဒ်မ ၁၂၂ တွင် ဖော်ပြထားသည့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ပြီး ပုဒ်မ ၁၂၁ အရ အစုရှယ်ယာရှင်များက အတည်ပြုလျှင်။

(ခ) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အညီအမျှသော်လည်းကောင်း၊ ရွေးချယ်၍ သော်လည်းကောင်း ဆောင်ရွက်နိုင်သည်။

(ဂ) အစုရှယ်ယာများအား အညီအမျှပြန်လည်ဝယ်ယူခြင်းတွင် အောက်ပါစည်းကမ်းချက်များနှင့် ကိုက်ညီရမည် -

(၁) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းမှုသည် သာမန်အစုရှယ်ယာများနှင့်သာ သက်ဆိုင်သည်။

(၂) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူအားလုံးထံသို့ ၎င်းတို့၏ သာမန်အစုရှယ်ယာ အချိုးနှင့်ညီမျှသည့် အစုရှယ်ယာများကို ပြန်လည်ဝယ်ယူနိုင်စေရန် ကမ်းလှမ်းမှုပြုလုပ်ရမည်။

(၃) သာမန်အစုရှယ်ယာ ပိုင်ဆိုင်သူအားလုံးသည် အဆိုပါကမ်းလှမ်းချက်များကို လက်ခံရရှိနိုင်သည့် အခွင့်အရေးရှိရမည်။

(၄) ထိုကမ်းလှမ်းမှုများကို လက်ခံရန်အတွက် သတ်မှတ်ပေးထားသော ကာလအထိ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သဘောတူညီချက်များကို ချုပ်ဆိုဆောင်ရွက်ခြင်း မပြုရ။ ၎င်းအပြင်

(၅) ကမ်းလှမ်းချက်အားလုံးတွင်ပါရှိသည့် စည်းကမ်းချက်များသည် တူညီရမည်။

(ဃ) ပုဒ်မခွဲ (ဂ) မှအပ ဤပုဒ်မအရ အစုရှယ်ယာများဝယ်ယူရာတွင် အခြားနည်းဖြင့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းအားလုံးသည် ရွေးချယ်၍ ဝယ်ယူခြင်းဖြစ်သည်။

**အစုရှယ်ယာရှင်များ၏ အတည်ပြုချက်**

၁၂၁။ (က) အစုရှယ်ယာများအား အညီအမျှ ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက်တစ်ရပ်ကို ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင်ချမှတ်သော သာမန်ဆုံးဖြတ်ချက်တစ်ရပ်ဖြင့်အတည်ပြုရမည် သို့မဟုတ် အဆိုပါ အတည်ပြုချက်ရရှိသည့်အခါမှ သဘောတူညီချက်ကို တရားဝင်ပြုလုပ်ရမည်။

(ခ) အစုရှယ်ယာများအား ရွေးချယ်ခြင်းဖြင့် ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက် တစ်ရပ်ကို အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် အတည်ပြုရမည် သို့မဟုတ် အတည်ပြုချက်ရရှိသည့်အခါမှ အဆိုပါ အတည်ပြုချက်နှင့်အညီပြုလုပ်ရမည် -

(၁) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင်ချမှတ်သည့် အထူးဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း၊ ထိုအထူးဆုံးဖြတ်ချက်သည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း၏ တစ်စိတ်တစ်ဒေသအဖြစ် အဖိုးစားနားအားလက်ခံသူ ပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ၊ ၎င်းတို့၏ တွဲဖက်လုပ်ကိုင်သူပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ ဆုံးဖြတ်ချက်ကို ထောက်ခံ၍ ဆန္ဒမဲပေးခြင်းမပါရှိသည့် အထူးဆုံးဖြတ်ချက် ဖြစ်ရမည်။ သို့မဟုတ်

(၂) ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးတွင် သာမန်အစုရှယ်ယာရှင်အားလုံးက သဘောတူညီသည့် ဆုံးဖြတ်ချက်တစ်ရပ်ဖြင့် အတည်ပြုခြင်း။

(ဂ) ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပုဒ်မ ၁၂၀၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) မှ (၃) အထိပါရှိသော သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း အတည်ပြုဖော်ပြချက်အပါအဝင် ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ မည်သို့ဆန္ဒမဲပေးရန်ဆုံးဖြတ်ခြင်းနှင့် သက်ဆိုင်သောကုမ္ပဏီမှ သိရှိထားသည့် အရေးကြီးသော အချက်အလက်များအားလုံးကို ဖော်ပြထားသည့် တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(ဃ) အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာအား ပေးပို့ခြင်း မပြုမီ၊ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းအတွက် သဘောတူညီချက်ကို မပြုလုပ်မီ ကုမ္ပဏီသည် အောက်ပါစာရွက်စာတမ်း မိတ္တူတစ်စုံစီကို မှတ်ပုံတင်အရာရှိထံသို့ ပေးပို့တင်ပြရမည်-

(၁) အစည်းအဝေးအကြောင်းကြားစာ၊

(၂) အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမည့် ကမ်းလှမ်းချက်အတွက် စည်းကမ်းချက်များ သတ်မှတ်ဖော်ပြပါရှိသော စာရွက်စာတမ်းနှင့်

(၃) အစုရှယ်ယာရှင်များထံသို့ပေးပို့မည့် အစည်းအဝေးအကြောင်းကြားစာနှင့်အတူ ပူးတွဲပါရှိသည့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းနှင့် သက်ဆိုင်သော စာရွက်စာတမ်းများ။

ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာနှင့် ယင်းနှင့်အတူ ပူးတွဲပါရှိသည့် စာရွက်စာတမ်းများကို မှတ်ပုံတင်အရာရှိထံ တင်ပြဆောင်ရွက်ပြီးဖြစ်ကြောင်းကိုဖော်ပြလျက် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို အတည်ပြုမည့် အစည်းအဝေးတစ်ရပ်ခေါ်ယူကျင်းပရန်ရည်ရွယ်သည့် အကြောင်းကြားစာကိုလည်း နိုင်ငံတော်တစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ် သတင်းစာတစ်ခုခုတွင် ထည့်သွင်းဖော်ပြရမည်။

(င) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဃ) ပါစာရွက်စာတမ်းများကို လက်ခံရရှိသည့်နေ့ရက်မှစ၍ ၂၈ ရက်အတွင်း အစုရှယ်ယာရှင်များထံသို့ အစည်းအဝေးအကြောင်းကြားစာပေးပို့ခြင်းကို ဆောင်ရွက်ရန်သတ်မှတ်ရမည်။ မှတ်ပုံတင်အရာရှိမှ အကြောင်းကြားစာပေးပို့ရန် သတ်မှတ်ခဲ့လျှင် သို့မဟုတ် ယင်းကာလအတွင်း သတ်မှတ်ချက်ကိုမထုတ်ပြန်လျှင် ကုမ္ပဏီသည် အစည်းအဝေးအကြောင်းကြားစာကို ပေးပို့ဆောင်ရွက်နိုင်သည့်အပြင် အစုရှယ်ယာရှင်များ၏ အတည့်ပြုချက်ရရှိပါက အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန်ကမ်းလှမ်းချက်ကို ပြုလုပ်နိုင်သည်။

(စ) ပုဒ်မခွဲ (င) အရ သတ်မှတ်ချက်တစ်ရပ်ရပ်အား ချမှတ်ခဲ့လျှင် မှတ်ပုံတင်အရာရှိသည် အစုရှယ်ယာရှင်များ သို့မဟုတ် မြီရှင်များအား အကာအကွယ်ပေးရန်အတွက် လိုအပ်သည်ဟုယူဆသည့်အခါ ပုဒ်မခွဲ (ဃ)အရ တင်ပြသော စာရွက်စာတမ်းတစ်ရပ်ရပ်ကို ရှင်းလင်းစွာဖော်ပြရန် သို့မဟုတ် ပြောင်းလဲပြင်ဆင်ရန်အတွက် ကုမ္ပဏီသို့ ညွှန်ကြားနိုင်သည်။

(ဆ) မှတ်ပုံတင်အရာရှိသည် ပုဒ်မခွဲ (ဂ) တွင်ပါရှိသည့် သတ်မှတ်ချက်များကို လိုက်နာထားခြင်းမရှိကြောင်း သို့မဟုတ် အလားတူအရေးကြီးသော အကြောင်းများကို သင့်လျော်သည့် အကြောင်းအရာအဖြစ်တွေ့ရှိရလျှင် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်ပြုလုပ်ခြင်းနှင့် အစည်းအဝေးအကြောင်းကြားစာကို ကုမ္ပဏီမှ ထုတ်ဝေပေးပို့ခြင်းမပြုရန် ပုဒ်မခွဲ (င) တွင်ပါရှိသည့် အချိန်ကာလအတွင်း ချမှတ်နိုင်သည်။

(ဇ) ကုမ္ပဏီသည် ဆုံးဖြတ်ချက်တစ်ရပ်ရပ်ကို ချမှတ်ပြီးနောက် ၂၁ ရက်အတွင်း ပုဒ်မခွဲ (ခ) အရ ယင်းဆုံးဖြတ်ချက်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ တင်ပြရမည်။ ထို့ပြင်နိုင်ငံတစ်ဝန်း ထုတ်ဝေသည့်သတင်းစာတွင် အဆိုပါဆုံးဖြတ်ချက်ကို ချမှတ်ပြီးဖြစ်ကြောင်း အကြောင်းကြားချက်နှင့် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းအတွက် အသေးစိတ်ဖော်ပြချက်အကျဉ်းချုပ်တို့ကို ထုတ်ပြန်ရမည်။ ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို နိုင်ငံတစ်ဝန်း ထုတ်ဝေဖြန့်ဖြူးလျက်ရှိသော နေ့စဉ်ထုတ်သတင်းစာတစ်ခုခုတွင် ထုတ်ပြန်ပြီးနောက် ၂၈ ရက် ကြာမြင့်သည်အထိ မပြုလုပ်ရ။

(ဈ) ပုဒ်မခွဲ (င)၊ (စ) နှင့် (ဆ) တို့ပါ ပြဋ္ဌာန်းချက်များအရ ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ကုမ္ပဏီက လူမွဲခံယူရခြင်း သို့မဟုတ် နစ်နာဆုံးရှုံးမှုတစ်ရပ်ရပ်ပေါ်ပေါက်စေကာမူ ကုမ္ပဏီ၊ ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အခြားသူများအပေါ် မှတ်ပုံတင်အရာရှိတွင် တာဝန် မရှိစေရ။

(ည) ပုဒ်မခွဲ (ဈ) အရ မှတ်ပုံတင်အရာရှိတွင် တာဝန် မရှိသော်လည်း မှတ်ပုံတင်အရာရှိ၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် ပုဒ်မ ၄၂၈ အရ ကုမ္ပဏီမှ ရရှိသော အခွင့်အရေးကို ကန့်သတ်ထားခြင်း မရှိစေရ။

**အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်နှင့် စပ်လျဉ်းသည့် အကြောင်းအရာများ**

၁၂၂။ (က) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန် ကမ်းလှမ်းချက်တစ်ရပ်တွင် ထိုကမ်းလှမ်းချက်အား လက်ခံရန် သို့မဟုတ် ငြင်းပယ်ရန်အတွက် ဆုံးဖြတ်နိုင်ရန် ကုမ္ပဏီမှသိရှိထားသည့် အရေးကြီးသောအချက်အလက်အားလုံးကို ဖော်ပြထားသော တင်ပြချက်တစ်ရပ် ပါရှိစေရမည်။

(ခ) ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူရန်အတွက် သဘောတူညီချက် တစ်ရပ်ကို ပြုလုပ်ပြီးသည့်အခါတွင် ပြန်လည်ဝယ်ယူမည့် အစုရှယ်ယာများနှင့်အတူ ဆက်စပ်ပါရှိသည့် အခွင့်အရေးများအားလုံးကို ဆိုင်းငံ့ထားရမည်။ အဆိုပါ သဘောတူညီချက်အား ရပ်စဲခဲ့လျှင် ထိုသို့ဆိုင်းငံ့ထားခြင်းကို ပယ်ဖျက်ရမည်။

(ဂ) ကုမ္ပဏီသည် ၎င်းမှ ပြန်လည်ဝယ်ယူထားသည့် အစုရှယ်ယာများကို စွန့်လွှတ်ခြင်း မပြုရ။ ဤပုဒ်မခွဲပါ ပြဋ္ဌာန်းချက်နှင့်ဆန့်ကျင်၍ ပြုလုပ်ထားသည့် သဘောတူညီချက် တစ်ရပ်ရပ်သည် ပျက်ပြယ်သည်။

(ဃ) ကုမ္ပဏီသို့ ပြန်လည်ဝယ်ယူသည့် အစုရှယ်ယာများအား လွှဲပြောင်းခြင်းကို မှတ်ပုံတင်ပြီးနောက် အစုရှယ်ယာများကို ချက်ချင်းပယ်ဖျက်ရမည်။

**အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းဆိုင်ရာ သတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်မှု၏ အကျိုးဆက်များ**

၁၂၃။ (က) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိလျှင် ပုဒ်မ ၁၂၀ အရ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို မပြုလုပ်ရ။

(ခ) ကုမ္ပဏီသည် ပုဒ်မ ၁၂၁ နှင့် ၁၂၂ တို့တွင် ဖော်ပြပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဆန့်ကျင်၍ ဆောင်ရွက်ခြင်းသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်း သို့မဟုတ် ချုပ်ဆိုထားသည့် ပဋိညာဉ်တစ်ခုခု သို့မဟုတ် ယင်းပဋိညာဉ်နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်တစ်ရပ်ရပ်တို့၏ အကျိုးသက်ရောက်ခြင်းကို ထိခိုက်စေခြင်း မရှိစေရ။

၁၂၄။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (က) ပါသတ်မှတ်ချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်ဖြစ်ပြီး သိလျက်ဖြင့်တမင်ပျက်ကွက်ခဲ့သည့်ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် အလားတူပြစ်ဒဏ်အတွက် တာဝန်ရှိစေရမည်။

၁၂၅။ ပုဒ်မ ၁၂၄ အပြင် ကုမ္ပဏီသည် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းနှင့် စပ်လျဉ်း၍ ပြန်လည်ဝယ်ယူပြီးနောက် လူမွဲစာရင်းဝင်ခဲ့လျှင် ပုဒ်မ ၁၂၃၊ ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်၍ အစုရှယ်ယာများအား ပြန်လည်ဝယ်ယူခြင်းကို သိလျက်ဖြင့် တမင်ခွင့်ပြုခဲ့သောကုမ္ပဏီ၏ ဒါရိုက်တာများအားလုံးသည်လည်း ကုမ္ပဏီက ပြန်လည်ရရှိနိုင်သော ရရန်ပိုင်ခွင့်များထက်ကျော်လွန်သည့် မြီရှင်များသို့ပေးရမည့် ကြွေးမြီများရှိခဲ့လျှင် အစုရှယ်ယာများအား ပြန်လည်ဝယ်ယူမှုအတွက် ပေးချေရမည့်တန်ဖိုး ပမာဏနှင့်အညီ ကုမ္ပဏီ၏ မြီရှင်များအပေါ်တွင် တာဝန်ရှိစေရမည်ဖြစ်သည်။ မြီရှင်က သော်လည်းကောင်း၊ မြီရှင်ကိုယ်စား တရားစွဲဆိုသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိကသော်လည်းကောင်း အဆိုပါငွေပမာဏကို ဖော်ပြပါ ဒါရိုက်တာများထံမှ တောင်းခံရယူနိုင်သည်။

**အစုရှယ်ယာရှင်များ၏ အခွင့်အရေးများကို ပြောင်းလဲသတ်မှတ်ခြင်း**

**အစုရှယ်ယာအမျိုးအစားများကို ပိုင်ဆိုင်သူများ၏ အခွင့်အရေးကို ပြောင်းလဲသတ်မှတ်ခြင်း**

၁၂၆။ (က) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်း၌ အစုရှယ်ယာအမျိုးအစားတစ်ရပ်တွင် ပါရှိသောအစုရှယ်ယာများ၏ အခွင့်အရေးများ သို့မဟုတ် အစုရှယ်ယာ မတည်ငွေရင်းမပါရှိသော ကုမ္ပဏီဖြစ်ခဲ့လျှင် ကုမ္ပဏီတွင် ပါဝင်သူအမျိုးအစား တစ်ရပ်တွင်ပါရှိသောသူများ၏ အခွင့်အရေးကိုပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအတွက် လုပ်ထုံးလုပ်နည်းများအား သတ်မှတ်ဖော်ပြထားပါက အဆိုပါလုပ်ထုံးလုပ်နည်းများနှင့် အညီသာလျှင်ပြောင်းလဲသတ်မှတ်နိုင်မည် သို့မဟုတ် ပယ်ဖျက်နိုင်မည်ဖြစ်သည်။ ထိုလုပ်ထုံးလုပ်နည်းကို ယင်းတွင်ပါရှိ သည့် သတ်မှတ်ချက်များနှင့် အညီသာလျှင် ပြောင်းလဲနိုင်သည်။

(ခ) ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းတွင် ပုဒ်မခွဲ (က) ၌ ဖော်ပြထားသော လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ် မပါရှိခဲ့လျှင် အဆိုပါအလားတူအခွင့်အရေးများကို ကုမ္ပဏီ၏ အထူးဆုံးဖြတ်ချက်ဖြင့်သာ ပြောင်းလဲသတ်မှတ်နိုင်သည် သို့မဟုတ် ပယ်ဖျက်နိုင်သည်။ ထို့ပြင်

(၁) အောက်ပါဖော်ပြထားသည့် ပါဝင်သူများ၏အစည်းအဝေးမှချမှတ်သော အထူးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်သည်-

(ကက) အစုရှယ်ယာ မတည်ငွေရင်းပါရှိသော ကုမ္ပဏီတစ်ခုဖြစ်သည်ဆိုလျှင် အဆိုပါအစုရှယ်ယာအမျိုးအစားတွင် အစုရှယ်ယာများ ပိုင်ဆိုင်သည့်သူများ သို့မဟုတ်

(ခခ) အစုရှယ်ယာ မတည်ငွေရင်း မပါရှိသော ကုမ္ပဏီတစ်ခုဖြစ်သည်ဆိုလျှင် ပြောင်းလဲသတ်မှတ်ထားသော သို့မဟုတ် ပယ်ဖျက်ထားသော အခွင့်အရေးများကို ခံစားခွင့်ရှိသည့် အမျိုးအစားတွင် ပါဝင်သူများ သို့မဟုတ်

(၂) အဆိုပါအမျိုးအစားတွင် အနည်းဆုံး ဆန္ဒမဲ ၇၅ ရာခိုင်နှုန်းရှိသည့် ကုမ္ပဏီတွင် ပါဝင်သူများ၏ စာဖြင့်ရေးသား သဘောတူညီချက်ဖြင့်လည်း ပြုလုပ်နိုင်သည်။

(ဂ) ကုမ္ပဏီသည် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းအား ပြုလုပ်ပြီးနောက် ခုနစ်ရက်အတွင်း ထိုသို့ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို အဆိုပါအမျိုးအစားများတွင် ပါဝင်သူများထံသို့ စာဖြင့်ရေးသားအကြောင်းကြားရမည်။

(ဃ) ပုဒ်မခွဲ (င) အရ ပြုလုပ်သော လျှောက်ထားမှုကို လိုက်နာလျက် သက်ဆိုင်ရာဆုံးဖြတ်ချက်များကို ချမှတ်ပြီးနောက် သို့မဟုတ် သက်ဆိုင်ရာသဘောတူညီချက်များကို လက်ခံရရှိပြီးနောက် ၂၁ ရက်အတွင်း ကုမ္ပဏီသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြုလုပ်သည့် ပြောင်းလဲသတ်မှတ်ခြင်းများနှင့် ကုမ္ပဏီ၏ အစုရှယ်ယာ မတည်ငွေရင်း ပြောင်းလဲစေမည့်ကိစ္စရပ်များအား မှတ်ပုံတင်အရာရှိထံသို့ သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် အကြောင်းကြားစာ ပေးပို့တင်ပြရမည်။

(င) ဤပုဒ်မပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြောင်းလဲသတ်မှတ်ထားသည့် ထုတ်ဝေပြီးဖြစ်သော အစုရှယ်ယာ အမျိုးအစားတစ်ခု၏ စုစုပေါင်း ၁၀ ရာခိုင်နှုန်းထက် မနည်းသော အစုရှယ်ယာများကို ပိုင်ဆိုင်ထားသည့်သူများတွင် ပြောင်းလဲသတ်မှတ်ရန်အတွက် ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် သဘောတူညီခြင်း မရှိခဲ့လျှင် သို့မဟုတ် မဲပေးခြင်းမရှိသူက အဆိုပါ ပြောင်းလဲသတ်မှတ်ခြင်းကို ဆက်လက်၍ သဘောတူညီခြင်းမရှိလျှင် ထိုသူသည် အဆိုပါပြောင်းလဲသတ်မှတ်ခြင်းကို ပယ်ဖျက်ပေးရန်အတွက် တရားရုံးသို့ လျှောက်ထားတင်ပြနိုင်သည်။ ထိုသို့လျှောက်ထားမှု တစ်စုံတစ်ရာရှိခဲ့ပါက အဆိုပါပြောင်းလဲသတ်မှတ်ခြင်းကို တရားရုံးက အတည်မပြုမီအထိ ထိုသို့ပြောင်းလဲသတ်မှတ်ခြင်းမှာ အကျိုးသက်ရောက်ခြင်း မရှိစေရ။

(စ) ပုဒ်မခွဲ (င) အရ တင်ပြလျှောက်ထားမှုကို သဘောတူညီချက်ပေးသည့်နေ့ရက် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်သည့်နေ့ရက်မှ ၂၁ ရက်အတွင်း ပြုလုပ်ရမည်။ လျှောက်ထားမှုအား ပြုလုပ်ခွင့်ရှိသည့် အစုရှယ်ယာရှင်များကိုယ်စား ၎င်းတို့က ဤကိစ္စအလို့ငှာ စာဖြင့်ရေးသားခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသောသူများက ထိုလျှောက်ထားမှုကို ပြုလုပ်နိုင်သည်။

(ဆ) လျှောက်ထားမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ တရားရုံးသည် လျှောက်ထားသူ လျှောက်ထားမှုနှင့် စပ်လျဉ်း၍ ကြားနာပေးရန် တရားရုံးသို့လျှောက်ထားသော အခြားပုဂ္ဂိုလ်တစ်ဦးဦးကို ကြားနာစစ်ဆေးပြီးနောက် အဆိုပါ ပြောင်းလဲသတ်မှတ်ခြင်းသည် လျှောက်ထားသူမှ ကိုယ်စားပြုသော အမျိုးအစားတွင် ပါဝင်သူများကို မတရားထိခိုက်နစ်နာစေကြောင်း အမှုတွင် ပေါ်ပေါက်ခဲ့လျှင် ထိုသို့ပြောင်းလဲသတ်မှတ်ခြင်းအား ခွင့်မပြုကြောင်း ဆုံးဖြတ်နိုင်သည်။ အမှုတွင် ထိုသို့မပေါ်ပေါက်ပါက ပြောင်းလဲသတ်မှတ်ခြင်းအား အတည်ပြုပေးရမည်။

(ဇ) အဆိုပါ လျှောက်ထားမှုနှင့်စပ်လျဉ်း၍ တရားရုံး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

(ဈ) ကုမ္ပဏီသည် လျှောက်ထားမှုအပေါ်ချမှတ်သည့် အမိန့်တစ်ရပ်ရပ်ကို လက်ခံရရှိပြီးနောက် ၂၁ ရက်အတွင်း ထိုအမိန့်၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံ ပေးပို့ရမည်။

(ည) ကုမ္ပဏီအရာရှိအားလုံး၏တာဝန်မှာ ဤပုဒ်မပါ လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုအပ်သော အရေးယူဆောင်ရွက်မှုများကိုလည်းကောင်း၊ သက်ဆိုင်သည့် တင်ပြဆောင်ရွက်မှုများကို လည်းကောင်း ပြုလုပ်ရန်ဖြစ်သည်။

(ဋ) ဤပုဒ်မတွင်ဖော်ပြပါရှိသည့် "ပြောင်းလဲသတ်မှတ်ခြင်း"နှင့် "ပြောင်းလဲသတ်မှတ်သော" ဆိုသည်တွင် "ပယ်ဖျက်ခြင်း"နှင့် "ပယ်ဖျက်သော"ဟု အဓိပ္ပာယ် လည်း ပါဝင်စေရမည်။

၁၂၇။ ပုဒ်မ ၁၂၆၊ ပုဒ်မခွဲ (ည) တွင်ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်ကိုလိုက်နာရန် ပျက်ကွက်လျှင် ပျက်ကွက်မှု၌ သိလျက်ဖြင့်တမင်ပါဝင်သည့် ကုမ္ပဏီနှင့် ကုမ္ပဏီ၏ ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ် ၁၀ သိန်းကို ပေးဆောင်ရမည်။

*(ဆက်လက်ဖော်ပြပါမည်)*

# မြန်မာဓလေ့ ဖြစ်ထွန်းမှု

## မောင်သာ(ရှေးဟောင်းသုတေသန)




ဓလေ့ဟူသည့် ဝေါဟာရကို မြန်မာအဘိဓာန်တွင် ထုံးတမ်း၊ အလေ့ဟု ရိုးရှင်းစွာ အဓိပ္ပာယ်ဖွင့်ဆိုသည်။ ကမ္ဘာပေါ်ရှိ လူမျိုးတိုင်း၏ ယဉ်ကျေးမှုအသီးသီးတွင် လူမျိုးအလိုက် လိုက်နာကျင့်သုံးခဲ့သည့် ဓလေ့ထုံးတမ်းများ ရှိကြမြဲဖြစ်သည်။ ထုံးဓလေ့များကြွယ်ဝသည့် လူမျိုးများသည် ယဉ်ကျေးမှုအဆင့်မြင့်မားသော လူမျိုးများဖြစ်လေ့ရှိသဖြင့် လူမျိုးတစ်မျိုး၊ နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုကို ခန့်မှန်းနိုင်ရန် ထိုလူမျိုး၊ ထိုနိုင်ငံ၏ ဓလေ့များကို လေ့လာနိုင်ကြပေသည်။ ထို့ကြောင့် နိုင်ငံအသီးသီး၏ အတိတ်သမိုင်းကို ဖော်ထုတ်ရာတွင် ဓလေ့ထုံးတမ်းများကို ယဉ်ကျေးမှုအထောက်အထားတစ်ရပ်အဖြစ် ရယူကြရသည်။

မြန်မာနိုင်ငံ၏ ဓလေ့ထုံးတမ်းများ ဖြစ်ထွန်းလာမှုကို သုတေသနပြုနိုင်ရန် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနက မြန်မာဓလေ့ ဖြစ်ထွန်းမှုများ (၁၉၄၈-၁၉၆၂)စာတမ်းဖတ်ပွဲကို ရန်ကုန်မြို့ အမျိုးသားပြတိုက်၌ ၂၀၁၇ ခုနှစ် အောက်တိုဘာလ နောက်ဆုံးအပတ်တွင် ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲ၏ ရည်ရွယ်ချက်များတွင် မြန်မာ့ဓလေ့သမိုင်းကို အထောက်အကူပြုသော သမိုင်းစာပေ၊ သမိုင်းပညာရှင်များ ပေါ်ထွန်းလာစေရန်၊ အယူအဆသစ်များ၊ အတွေးအမြင်သစ်များ ပေါ်ထွက်လာရေးအတွက် အထောက်အကူဖြစ်စေရန်၊ အသိပညာရှင် အတတ်ပညာရှင်များ၏ အတွေ့အကြုံ၊ အသိအမြင်၊ ဗဟုသုတများ ဖလှယ်ခြင်းဖြင့် ပိုမိုကျယ်ဝန်းသော ပညာရပ်နယ်ပယ်တစ်ခု ပေါ်ထွက်လာစေရန်ဟူသည့် အချက်များပါဝင်ခဲ့သည်။

မြန်မာဓလေ့ဖြစ်ထွန်းမှုများ စာတမ်းဖတ်ပွဲတွင် ဖတ်ကြားတင်သွင်းသည့် စာတမ်းများကို ရွေးချယ်ပုံနှိပ်ခြင်းဖြင့် တိုင်းရင်းသား ပြည်သူများအကြား ပျံ့နှံ့ရောက်ရှိကာ မိမိတို့ ဓလေ့များကို ပိုမိုထိန်းသိမ်းလာစေရန်နှင့် မိမိနိုင်ငံ၊ မိမိလူမျိုးကို မြတ်နိုးသောစိတ်ဓာတ်များ ပိုမိုဖြစ်ထွန်းလာပြီး ပြည်ထောင်စုစိတ်ဓာတ်များ နိုးကြားလာစေရန်လည်း ရည်ရွယ်ခဲ့သည်။

ပညာရပ်နယ်ပယ်အသီးသီးမှ သုတေသီများသည် မိမိတို့ လေ့လာတွေ့ရှိချက်များ၊ သုတေသနရလဒ်များကို ပညာရှင်များ ရှေ့မှောက်တွင် စာတမ်းများ ဖတ်ကြားတင်ပြလျက် ဝေဖန်၊ အကြံပြု၊ ဆွေးနွေးမှုများကို ခံယူကာ ပညာရပ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လေ့ရှိကြသည်။ မြန်မာနိုင်ငံတွင်လည်း ယဉ်ကျေးမှုဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန စသည့် ဌာနများသည် ပညာရှင်များနှင့် သုတေသီများ၏ စာတမ်းဖတ်ပွဲများကို ကျင်းပပေးလေ့ရှိရာ ယဉ်ကျေးမှုဝန်ကြီးဌာနက ကျင်းပခဲ့သည့် မြန်မာဓလေ့ဖြစ်ထွန်းမှု(၁၉၄၈-၁၉၆၂) သုတေသနစာတမ်းဖတ်ပွဲတွင် သုတေသီများနှင့် ပညာရှင်များက မြန်မာဓလေ့ဆိုင်ရာ သုတေသနစာတမ်း ၁၂ စောင် တင်သွင်း ဖတ်ကြားခဲ့သည်။

### ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အတွင်း မြန်မာရသစာပေ တိုးတက်ပြောင်းလဲမှု

ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနမှ အငြိမ်းစားပါမောက္ခ/ဌာနမှူး ဒေါက်တာခင်အေး (မောင်ခင်မင်၊ ဓနုဖြူ)က မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်မှစ၍ တော်လှန်ရေးကောင်စီတာဝန်ယူချိန်အကြား ပြောင်းလဲတိုးတက်ခဲ့သည့် မြန်မာ့ရသစာပေများကို စာပေဓလေ့ ဖြစ်ထွန်းမှုတစ်ရပ်အဖြစ် အထောက်အထားများဖြင့် ဖတ်ကြားခဲ့သည်။ လွတ်လပ်ရေးကြိုးပမ်းမှု ပြီးဆုံးခဲ့ကာ လွတ်လပ်ရေးရရှိလာချိန်တွင် မြန်မာ့ရသစာပေအပေါ် မြန်မာ့နိုင်ငံရေးသက်ရောက်မှုများကို တင်ပြခဲ့သည်။

### ပမညတ၏ ပြည်တွင်းငြိမ်းချမ်းရေး ဆောင်ရွက်ချက်များ

မြန်မာ့သမိုင်းအဖွဲ့ဝင် အငြိမ်းစားသမိုင်းပါမောက္ခ ဦးသန်းလွင်က "ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားညီညွတ်ရေးတပ်ပေါင်းစု(ပမညတ)၏ ပြည်တွင်းငြိမ်းချမ်းရေးအတွက် ဆောင်ရွက်ချက်များကို လေ့လာဆန်းစစ်ခြင်း (၁၉၅၅-၁၉၅၈)"ခေါင်းစဉ်ဖြင့် လွတ်လပ်ရေးရပြီးစ မြန်မာ့နိုင်ငံရေး ဓလေ့တစ်ရပ်ကို စာတမ်းဖတ်ကြားခဲ့သည်။

စာတမ်းတွင် မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီး ၁၉၅၁-၁၉၅၂ ခုနှစ်တွင် ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် ဖဆပလက အမတ်နေရာ ၁၈၀ နှင့် ကျန်ပါတီများက ၅၃ နေရာ ရရှိခဲ့ခြင်းကို အစပြု၍ ၁၉၅၅ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်နေ့တွင် ပမညတကို ဖွဲ့စည်းခဲ့ပုံ၊ ပမညတသည် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီရေး၊ အမျိုးသားညီညွတ်ရေး၊ အမျိုးသားစီးပွားမြှင့်တင်ရေး၊ လူမျိုးစုများအရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေး ထိန်းသိမ်းကာကွယ်ရေးဟူသည့် လမ်းစဉ်ခြောက်ရပ်နှင့်အတူ ရွေးကောက်ပွဲဝင်ခဲ့ပုံ၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရန် ကြိုးပမ်းခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ပုံ၊ ပမညတအတွင်း စည်းလုံးမှုပြိုကွဲခဲ့ပုံတို့ကို ဖတ်ကြားခဲ့သည်။

ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် နိုင်ငံတိုင်းတွင် အာဏာရပါတီနှင့် အတိုက်အခံပါတီတို့၏ အခန်းကဏ္ဍသည် အလွန်အရေးကြီး၍ ပါတီအကျိုးထက် နိုင်ငံအကျိုးကို ပိုမိုဦးစားပေးသင့်ကြောင်းနှင့် နိုင်ငံတွင် အကျပ်အတည်းရင်ဆိုင်နေရချိန်များတွင် အာဏာရအစိုးရအား အကျပ်ရိုက်စေမည့် လုပ်ဆောင်မှုများ မလုပ်သင့်ကြောင်း နိုင်ငံရေးဓလေ့တစ်ရပ်ကို သုံးသပ်တင်ပြခဲ့သည်။

### ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲ

သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နိုင်နိုင်ကြည်က "ပထမအကြိမ် ပါလီမန်ရွေးကောက်ပွဲအား အကဲဖြတ်ခြင်း (၁၉၄၈-၁၉၅၂)"စာတမ်းကို ဖတ်ကြားခဲ့သည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးချိန်တွင် ကူးပြောင်းရေးကာလ ပြဋ္ဌာန်းချက်အရ ၁၈ လအတွင်း ရွေးကောက်ပွဲကျင်းပရမည်ဖြစ်သော်လည်း ၄၈ လ ရွှေ့ဆိုင်းခဲ့ရပြီး ၁၉၅၁ ခုနှစ်နှင့် ၁၉၅၂ ခုနှစ်တွင် ရွေးကောက်ပွဲကို သုံးကြိမ်ခွဲ၍ ကျင်းပခဲ့သည်။ သို့တိုင်အောင် မြန်မာနိုင်ငံတွင် ပထမဆုံး ကျင်းပခဲ့သည့် ရွေးကောက်ပွဲသည် ရွေးကောက်ပွဲကော်မရှင်၏ အတွေ့အကြုံနည်းပါးမှု၊ မဲစာရင်းများ မှားယွင်းမှု၊ နိုင်ငံရေးမတည်ငြိမ်မှုများကြောင့် မဲဆန္ဒရှင်များ အေးချမ်းစွာမဲပေးခွင့် မရရှိခဲ့ပုံကို စာတမ်းတွင် သုံးသပ်ထားသည်။ ရွေးကောက်ပွဲ အားနည်းချက်များကို သင်ခန်းစာယူနိုင်ရန် စာရင်းဇယားများနှင့် တကွ တင်ပြခဲ့သည်။

### မြန်မာ - ဂျပန် စစ်လျော်ကြေး ပြဿနာ

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိခဲ့ပြီးနောက် စစ်နိုင်သော မဟာမိတ်အင်အားစု၏ ကိုလိုနီနိုင်ငံတစ်ခုအဖြစ် စစ်ရှုံးသော ဂျပန်နိုင်ငံထံမှ စစ်လျော်ကြေးတောင်းခံခွင့်ကို ရရှိခဲ့သည်။ သို့သော် ပြည်တွင်း နိုင်ငံရေး၊ စီးပွားရေး အခြေအနေ ပျက်ပြားနေခဲ့သဖြင့် ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်တို့ထက် နောက်ကျပြီး နောက်ဆုံးမှ တောင်းခံခဲ့သည်။ ထိုသို့ တောင်းခံရာတွင် ဖိလစ်ပိုင်က အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ၊ အင်ဒိုနီးရှားက အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၅ ဘီလီယံ တင်ပြခဲ့ပြီး မြန်မာနိုင်ငံက အမေရိကန်ဒေါ်လာ ၃ ဒသမ ၅ ဘီလီယံ တင်ပြခဲ့သည်။

> **"မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ရွေးကောက်ပွဲအနိုင်ရရှိခဲ့သည့် ဖဆပလအဖွဲ့ချုပ်သည် နိုင်ငံအုပ်ချုပ်ရေးတာဝန်များကို ယူခဲ့ချိန်တွင် လက်နက်ကိုင် တော်လှန်ရေးအုပ်စုများသည် နိုင်ငံအနှံ့အပြား လှုပ်ရှားခဲ့ကြသည်။ ဖဆပလ အစိုးရသည် ပြည်တွင်းစစ် ရပ်စဲနိုင်ရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှု အဆင့်တစ်ခုအဖြစ် လွတ်ငြိမ်းချမ်းသာခွင့်ကို ကြေညာခဲ့သည်"**

၁၉၅၄ ခုနှစ်တွင် မြန်မာနိုင်ငံသည် တရားဝင် စစ်လျော်ကြေးမစ်ရှင်ကို ဂျပန်နိုင်ငံသို့ စေလွှတ်ခဲ့သည်။ နှစ်ဖက်နိုင်ငံခြားရေးဝန်ကြီးများ ဆွေးနွေးခဲ့ကာ မြန်မာနိုင်ငံက အခြားနိုင်ငံများရရှိမည့်လျော်ကြေးနှင့် တူညီသောပမာဏ ရရှိရန် အဓိက ဆွေးနွေးခဲ့သည်။ စစ်လျော်ကြေးကိစ္စကို ၁၃ ကြိမ် ဆွေးနွေးခဲ့ပြီးနောက် ဂျပန်နိုင်ငံက မြန်မာနိုင်ငံအား စစ်လျော်ကြေး နှစ်စဉ် အမေရိကန်ဒေါ်လာ သန်း၂၀ နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးအတွက် နှစ်စဉ် အမေရိကန်ဒေါ်လာငါးသန်းကို ၁၀ နှစ်ပေးရန် သဘောတူညီခဲ့သည်။

မြန်မာနိုင်ငံသည် စစ်လျော်ကြေးအနည်းဆုံး ရရှိခဲ့ခြင်းသည် ဘာသာတရား အဆုံးအမများကြောင့်ဖြစ်ပြီး ရန်သူကိုပင် ခွင့်လွှတ်တတ်သည့် ဓလေ့စရိုက်များကြောင့် ချစ်စကို ရှည်စေ၍ မုန်းစကို တိုစေခဲ့ခြင်းဖြစ်ကြောင်း သုံးသပ်ထားသည့် "မြန်မာ-ဂျပန် ဆက်ဆံရေး စစ်လျော်ကြေးပြဿနာ" စာတမ်းကို နိုင်ငံတကာဆက်ဆံရေးပညာ အငြိမ်းစားပါမောက္ခ ဒေါက်တာဒေါ်မြင့်ကြည်က ဖတ်ကြားခဲ့သည်။

### မြန်မာ့ရုပ်ရှင်လုပ်ငန်း တိုးတက်ပြောင်းလဲလာပုံ

မြန်မာ့သမိုင်းအဖွဲ့ အချိန်ပိုင်းအဖွဲ့ဝင် ဦးဂျယ်လီကြိုင်က "မြန်မာ့ရုပ်ရှင်လုပ်ငန်း တိုးတက်ပြောင်းလဲလာပုံ(၁၉၅၂-၁၉၆၂)"စာတမ်းကို ဖတ်ကြားကာ မြန်မာနိုင်ငံသားများ၏ ရုပ်ရှင်ဇာတ်ကားများကြည့်ရှုခြင်း ဓလေ့အကြောင်း တင်ပြခဲ့သည်။ ၁၉၅၂ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ၁၀ နှစ်တာ ကာလအတွင်း မြန်မာနိုင်ငံတွင် ရုပ်ရှင်ဇာတ်ကား ၆၆၅ ကား ရိုက်ကူးထုတ်လုပ်ခဲ့မှု၊ ရုပ်ရှင်ကုမ္ပဏီများ၊ ဒါရိုက်တာများ၊ သရုပ်ဆောင်များ၊ ရုပ်ရှင်လုပ်ငန်းသုံးပစ္စည်းများ တိုးတက်ပြောင်းလဲလာခဲ့ပုံများကို စာရင်းဇယားများဖြင့် ဖော်ပြသည်။ မြန်မာ့ရုပ်ရှင် တိုးတက်ဖြစ်ထွန်းမှုကို အထောက်အကူဖြစ်စေခဲ့သည့် မြန်မာ့ရုပ်ရှင် ထူးချွန်ဆုများ သမိုင်းကြောင်းကိုလည်း တင်ပြခဲ့သည်။

ထိုအချိန်တွင် မြန်မာ့ရုပ်ရှင်လောကသည် အာရှနှင့် အရှေ့တောင်အာရှတွင် ဂျပန်မှလွဲ၍ ကျန်နိုင်ငံများထက်စောကာ ဆေးရောင်စုံ မြင်ကွင်းကျယ်ဇာတ်ကားကို စတင်ထုတ်လုပ်နိုင်သဖြင့် ဂုဏ်ယူဖွယ်ဖြစ်ခဲ့ကြောင်းနှင့် မြန်မာတို့၏ ရုပ်ရှင်ဇာတ်ကားများကို နှစ်ခြိုက်သည့်ဓလေ့က မြန်မာ့ရုပ်ရှင်လောက တိုးတက်စေခဲ့ပုံများကို အထောက်အထားများဖြင့် သုံးသပ်တင်ပြခဲ့သည်။

### ၁၉၄၈ မှ ၁၉၆၂ ခုနှစ်အတွင်း မြန်မာ့ဓလေ့များ

သင်္ဃန်းကျွန်းပညာရေးကောလိပ်မှ ကထိက ဒေါက်တာလဲ့လဲ့မာ ဖတ်ကြားသည့် "(၁၉၄၈-၁၉၆၂) ခုနှစ်အတွင်း တွေ့ရသော မြန်မာမှုဓလေ့များ"စာတမ်းတွင် ထိုခေတ်က ထွက်ပေါ်ခဲ့သည့် ဝတ္ထု၊ ကဗျာများတွင် ပါရှိခဲ့သည့် မြန်မာ့ဓလေ့များကို စုစည်းတင်ပြခဲ့သည်။

ယင်းစာတမ်းတွင် ဘာသာရေးနှင့် နီးနွယ်နေသည့် ဓလေ့များဖြစ်သည့် ဆွမ်းဆန်ဆုံဓလေ့၊ ဆန်ပန်းဝေခြင်းဓလေ့၊ ကန်တော့ပွဲပြင်သည့် ဓလေ့၊ ဆွမ်းစင်ဓလေ့၊ ရှင်ပြုအလှူပွဲများတွင် ဗြောတီးသည့် ဓလေ့၊ ရှင်လောင်းလှည့်သည့် ဓလေ့တို့ကိုလည်းကောင်း၊ ယုံကြည်ကိုးကွယ်မှုဆိုင်ရာ ဓလေ့ထုံးတမ်းများဖြစ်သည့် ဝါပခြင်း၊ နတ်မေးသည့်ဓလေ့၊ အပိုင်စားနတ်ရှိသည်/နတ်ဝှက်တတ်သည်ဟု ယုံကြည်သောဓလေ့၊ မိုးနှင့် ပတ်သက်သော ယုံကြည်မှုဓလေ့များ၊ မိုးရွာစေရန် ပြုလုပ်ကြသည့်ဓလေ့များကို လည်းကောင်း၊ လူမှုရေး၊ စီးပွားရေးနှင့် ဆက်နွယ်နေသည့် ကွမ်းအစ်ပြင်ဓလေ့၊ ရက်ကန်းစင် ဓလေ့၊ ဗိုင်းငင်ဓလေ့၊ ယွန်းထိုးဓလေ့၊ ညှော့သည်လာလျှင် လက်ဖက်ရည်၊ အမြည်းတို့နှင့် ညှော့ခံသည့်ဓလေ့၊ လှည်းပြိုင်ပွဲကျင်းပသောဓလေ့၊ ဆေးမင်ကြောင်ထိုးသည့်ဓလေ့၊ ညနေ ရေခပ်ဆင်းသည့် ဓလေ့များကိုလည်းကောင်း၊ အနုပညာခံစားမှုနှင့် ဆက်နွယ်သည့် အိုးစည်တီးခြင်း၊ ပလွေမှုတ်ခြင်း၊ ဘုရားပွဲနှင့် ဇာတ်ပွဲ ဓလေ့များကိုလည်းကောင်း တင်ပြခဲ့သည်။

ထို့အတူ ဂျင်ပေါက်ခြင်း၊ ဝိုင်းကြီးပတ်ပတ်ကစားခြင်း၊ ထုပ်ဆီးတိုးခြင်း၊ ဇယ်တောက်ခြင်း၊ ကြက်ခွပ်ခြင်း စသည့် မြန်မာ့ရိုးရာ အားကစားဓလေ့များကို ထည့်သွင်းဖတ်ကြားခဲ့သည်။ အမျိုးသားများ သျှောင်ထားခြင်း၊ ခေါင်းပေါင်းပေါင်းခြင်း၊ အမျိုးသမီးများ ဆံပင်ကို ကြက်တောင်စည်းခြင်းနှင့် ဆံတောက်သိမ်းခြင်း၊ တစ်ပတ်လျှိုထုံးခြင်း ဓလေ့များကိုလည်း တင်ပြလျက် မြန်မာ့ဓလေ့များကို ထိန်းသိမ်းနိုင်ရန် သုံးသပ်တင်ပြခဲ့သည်။

### မြန်မာအစကိုပြဆိုသည့် ဓလေ့

မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ အမှုဆောင်အဖွဲ့ဝင် ဒေါက်တာမျိုးသန့်တင်က မြန်မာ့ဓလေ့ လူမှုဘဝဆိုင်ရာ ပြဿနာတစ်ရပ်အဖြစ် ၁၉၃၀ -၁၉၃၁ ခုနှစ်များတွင် စတင်ခဲ့သည့် "မြန်မာအစ တကောင်းက"နှင့် "မြန်မာအစ ကျောက်ဆည်က"အဆိုနှစ်ခုအကြား အငြင်းအခုံ ဖြစ်ပေါ်ခဲ့မှုကို အစပြုကာ မြန်မာအစပြဿနာကို ဖတ်ကြားခဲ့သည်။

ဒေါက်တာမျိုးသန့်တင်၏ "မြန်မာအစကို ပြဆိုသည့် ဓလေ့"စာတမ်းတွင် ရန်ကုန်တက္ကသိုလ် သမိုင်းပါမောက္ခ လုစ် (Professor G. H. Luce)၏ မြန်မာအစ ကျောက်ဆည်က အဆိုကို မြန်မာပညာရှင်များ လက်မခံဘဲ ဝေဖန်ခဲ့ကြပုံများနှင့် မြန်မာတို့၏အစ ရင်းမြစ်ဇာတိကို မြန်မာ့ရုပ်ညွှန်းဓလေ့ စကားနှစ်လုံးဖြင့် သက်သေထူနိုင်ပုံတို့ကို ဆရာဦးဖိုးလတ်၏ စာတမ်းကိုရည်ညွှန်း၍ ဖော်ပြခဲ့သည်။ ထိုဓလေ့ကို အခြေခံ၍ "မြန်မာအစ၊ မြန်မာက"ဟု ဆိုနိုင်မည့် အခြေအနေကောင်းများ ပေါ်ထွန်းလာကြောင်းနှင့် မြန်မာတို့၏ လူမှုဘဝ သမိုင်းကြောင်းတွင် ယင်းကဲ့သို့ မြန်မာ့ဓလေ့၏ အကျိုးပြုနိုင်မှုများကို ကွက်လပ်ဖြစ်မနေစေရန် တင်ပြခဲ့သည်။

### ဖဆပလ ငြိမ်းချမ်းရေးဖော်ဆောင်မှု

မြန်မာ့သမိုင်းအဖွဲ့ဝင် ဒေါက်တာစိန်မြင့်က "ဖဆပလ နိုင်ငံရေးယဉ်ကျေးမှုရပ်ဝန်းမှ ငြိမ်းချမ်းရေးဖော်ဆောင်မှု" စာတမ်းကို ဖတ်ကြားခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက် ရွေးကောက်ပွဲအနိုင်ရရှိခဲ့သည့် ဖဆပလအဖွဲ့ချုပ်သည် နိုင်ငံအုပ်ချုပ်ရေးတာဝန်များကို ယူခဲ့ချိန်တွင် လက်နက်ကိုင် တော်လှန်ရေးအုပ်စုများသည် နိုင်ငံအနှံ့အပြား လှုပ်ရှားခဲ့ကြသည်။ ဖဆပလ အစိုးရသည် ပြည်တွင်းစစ် ရပ်စဲနိုင်ရေးအတွက် ငြိမ်းချမ်းရေးဖော်ဆောင်မှု အဆင့်တစ်ခုအဖြစ် လွတ်ငြိမ်းချမ်းသာခွင့်ကို ကြေညာခဲ့သည်။

လွတ်ငြိမ်းချမ်းသာခွင့် အမိန့်များကြောင့် လက်နက်ကိုင်တပ်ဖွဲ့များမှ လက်နက်ချ လက်နက်အပ်သူ ၂၃၂၂၈ ဦးအထိ ရှိခဲ့ကာ ခေါင်းဆောင်များက လက်နက်မချခဲ့ကြောင်း၊ ထို့ကြောင့် လွတ်ငြိမ်းချမ်းသာခွင့်ကို ထပ်မံထုတ်ပြန်ခဲ့ရာတွင် ထုတ်ပြန်သည့် နည်းစနစ်နှင့် သုံးနှုန်းရေးသားမှုများ ပိုမိုရင့်သန်လာကြောင်းနှင့် အတွေ့အကြုံပြည့်လာသည်ဟု ဆိုနိုင်ကြောင်း သုံးသပ်ခဲ့သည်။ ပြည်တွင်းစစ်ရောဂါ ကုထုံးတစ်ခုအဖြစ် ဖဆပလအစိုးရက အသုံးပြုခဲ့သည့် လွတ်ငြိမ်းချမ်းသာခွင့်သည် နိုင်ငံရေးယဉ်ကျေးမှုအတွင်း ဖြစ်ထွန်းလာခဲ့ကာ နိုင်ငံရေးယဉ်ကျေးမှု ဓလေ့တစ်ရပ်အဖြစ် ပေါ်ထွန်းခဲ့ကြောင်း စာတမ်းရှင်က တင်ပြခဲ့သည်။

### မြန်မာ့ဝတ်စားဆင်ယင်မှု

သမိုင်းစာပေဌာနမှ ကထိက ဒေါ်မြင့်မြင့်ဆွေ ဖတ်ကြားသည့် မြန်မာ့ဝတ်စားဆင်ယင်ထုံးဖွဲ့မှုဓလေ့များ စာတမ်းတွင် မြန်မာမိန်းကလေးများ၏ ပြောင်းလဲလာသည့် ဆံပင်ဆင်ယင်ထုံးဖွဲ့မှုများ၊ ဝတ်ဆင်သည့်အဝတ်အစားများ ပုံစံပြောင်းလဲလာပုံများ၊ အစဉ်အဆက် လုံချည်ကိုသာ ဝတ်ဆင်ခဲ့သည့် အမျိုးသားများသည်လည်း ဘောင်းဘီများကို ဝတ်ဆင်လာကြပုံများ၊ ဆံပင်ပုံစံများ ပြောင်းလဲလာမှုများကို တင်ပြလျက် တိုင်းတစ်ပါး၏ ယဉ်ကျေးမှုများ လွှမ်းမိုးခြင်းမခံရစေရန် သတိပြုသင့်ကြောင်း တင်ပြခဲ့သည်။

### ရှေးဟောင်းသုတေသနနှင့် မြန်မာဓလေ့

ရန်ကုန်တက္ကသိုလ် ရှေးဟောင်းသုတေသနဌာနမှ လက်ထောက်ကထိက ဒေါက်တာမေစုကိုက "၁၉၄၈ -၁၉၆၂ ခုနှစ်များအတွင်း ရှေးဟောင်းသုတေသနဆိုင်ရာ လေ့လာမှုများမှ ဖော်ထုတ်ပေးသော မြန်မာဓလေ့များ"စာတမ်းကို ဖတ်ကြား တင်သွင်းခဲ့သည်။

မြန်မာတို့ အစဉ်အဆက် ထိန်းသိမ်းခဲ့သည့် ဓလေ့ထုံးတမ်းများသည် နှစ်ကာလ ရှည်ကြာလာချိန်တွင် မေ့မှိန်ပျောက်ကွယ်မှုများ ရှိလာခဲ့ရာ တိုင်းရင်းသားလူမျိုးတိုင်းသည် မိမိတို့ ယဉ်ကျေးမှု အရှည်တည်တံ့စေရန် ဓလေ့ထုံးတမ်းများကိုလည်း ကာကွယ်ထိန်းသိမ်းကြရမည်ဖြစ်သည်။

မြန်မာဓလေ့ဖြစ်ထွန်းမှု စာတမ်းဖတ်ပွဲတွင် ဒေါက်တာတိုးလှ၊ ဒေါက်တာကျော်ဝင်း၊ ဒေါ်အုန်းကြည်၊ ဦးကျော်၊ ဒေါက်တာမြင့်သိန်း အစရှိသည့် သမိုင်းပညာရှင်များက သဘာပတိများအဖြစ် ဆောင်ရွက်၍ မေးခွန်းမေးမြန်းသူများ၊ အကြံပြုသူများဖြင့် စာတမ်းဖတ်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည်။ မြန်မာနိုင်ငံတွင် သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေသည့် စာတမ်းဖတ်ပွဲများ ကျင်းပနေခြင်းသည်ပင် မြန်မာဓလေ့တစ်ခုအဖြစ် ခိုင်မာစွာတည်ရှိနေပြီဖြစ်ပေသည်။ ။

**ကိုးကား-မြန်မာဓလေ့ဖြစ်ထွန်းမှု(၁၉၄၈-၁၉၆၂) စာတမ်းများ**

# မြန်မာလူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန် ပြိုင်ပွဲကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၁၈**

မြန်မာလူငယ် စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ပေါ်ထွက်လာစေရန်နှင့် မျိုးဆက်သစ်လူငယ်များအပေါ် ခိုင်မာတိကျသည့် အကျိုးသက်ရောက်မှုရှိစေမည့် မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင် ဖွံ့ဖြိုးရေးအစီအစဉ်(၂၀၁၈) ပြိုင်ပွဲကို MPT နှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်(MCF)တို့ ပူးပေါင်း၍ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အထောက်အပံ့ပေးနိုင်ရန်ရည်ရွယ်**

မျိုးဆက်သစ်လူငယ်များ စီးပွားရေးလုပ်ငန်းကျွမ်းကျင်မှု အတတ်ပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း အနီးကပ်သင်တန်းနှင့်အတူ အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းဖြင့် လူငယ်စွန့်ဦးစီးပွားရေးလုပ်ငန်းရှင်များကို အထောက်အပံ့ပြုပေးနိုင်ရန် ရည်ရွယ်ကြောင်း သိရသည်။

**ပါဝင်ယှဉ်ပြိုင်**

မြန်မာနိုင်ငံတစ်ဝှမ်းမှ ပါဝင်ယှဉ်ပြိုင်သူလူငယ်များ၏ စီးပွားရေးလုပ်ငန်း စိတ်ကူးစိတ်ကူးစိတ်သန်းများကို အမှန်တကယ်ဖြစ်လာစေမည့် အခွင့်အလမ်း ပေးစွမ်းနိုင်မည်ဖြစ်ပြီး နိုင်ငံတစ်ဝှမ်းရှိ စိတ်ဝင်စားသူ အသင်းများအနေဖြင့် Civic Technology Open Data ဖြစ်သော စိုက်ပျိုးရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ လူမှုပတ်ဝန်းကျင်နှင့် ဖျော်ဖြေရေး အစရှိသည့် ကဏ္ဍများအတွက် သစ်ဆန်းသော စွန့်ဦးလုပ်ငန်းများကို ပါဝင်ယှဉ်ပြိုင်သွားနိုင်ကြောင်း သိရသည်။

လျှောက်လွှာများကို ဒီဇင်ဘာ ၁၈ ရက်မှစ၍ အင်တာနက်မှတစ်ဆင့် ပေးပို့လျှောက်ထားနိုင်သလို တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာ MPT ရုံးများတွင်လည်း စာရင်းပေးသွင်းနိုင်မည်ဖြစ်သည်။

**ရွေးချယ်**

အထက်မြန်မာပြည်(မန္တလေးအခြေစိုက်)နှင့် အောက်မြန်မာပြည် (ရန်ကုန်အခြေစိုက်)တို့အတွက် အဖွဲ့ ၁၅ ဖွဲ့ ရွေးချယ်သွားမည်ဖြစ်ပြီး ရွေးချယ်ခံရသောအဖွဲ့များသည် ၄င်းတို့၏ထုတ်ကုန်ကို ရွေးချယ်ရေးဘုတ်အဖွဲ့ထံတွင် တင်ဆက်ပြသရမည်ဖြစ်သည်။ အောင်မြင်သောအဖွဲ့ ၁၀ ဖွဲ့ကို ဒိုင်လူကြီးများကရွေးချယ်၍ အထူး စခန်းသွင်းလေ့ကျင့်မှုကို ရန်ကုန်တွင် တစ်ပတ်လေ့ကျင့်ပြီးနောက် အကောင်းဆုံး သုံးဖွဲ့ကို ထပ်မံရွေးချယ်ကာ MPTနှင့် မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်တို့၏ ကူညီပံ့ပိုးမှုဖြင့် ၄င်းတို့၏ စီမံချက်များကို အောင်မြင်မှုရရှိသည်အထိ အကောင်အထည်ဖော်နိုင်မည့် အခွင့်အရေးများ ရရှိမည်ဟုသိရသည်။

**ခြောက်လတာ နေရာအခမဲ့သုံးခွင့်**


၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် အနိုင်ရရှိသည့်အသင်းကို ကြေညာမည်ဖြစ်ပြီး အနိုင်ရသည့်အသင်းသည် ဆုကြေးငွေ သိန်း ၅၀ နှင့်အတူ မတ်လမှစ၍ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုစင်တာဖြစ်သည့် ကနောင်ဟက်ဘ်တွင် နေရာတစ်ခုကို ခြောက်လတာ အခမဲ့အသုံးပြုခွင့် ရရှိမည်ဖြစ်ပြီး အောင်မြင်မှုရရှိနေသည့် လုပ်ငန်းများနှင့် အနီးကပ်လေ့လာအလုပ်လုပ်ကိုင်နိုင်မည်ဖြစ်သည်။

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဥက္ကဋ္ဌ ဦးခွန်ဦးက "အခုလို မြန်မာလူငယ်နည်းပညာစွန့်ဦးတီထွင်ဖွံ့ဖြိုးရေးအစီအစဉ် (၂၀၁၈) ကို MPTနဲ့ပူးပေါင်းပြီး ဆောင်ရွက်နိုင်ခဲ့လို့ အထူးပဲဝမ်းမြောက်ပါတယ်၊ မြန်မာနိုင်ငံရဲ့ လူငယ်မျိုးဆက်သစ်တွေ ပူးပေါင်းဆောင်ရွက်မှုကနေ စီမံချက်တွေဖွံ့ဖြိုးလာတော့မှာကို မြင်တွေ့နိုင်တော့မှာပါ" ဟု ပြောကြားသည်။

MPT-KSGM Joint Operation ၏အမှုဆောင်အရာရှိချုပ် Mr.Toshitake Amamiya ကလည်း "ဒီနေ့ခေတ်လူငယ်တွေဟာ မြန်မာနိုင်ငံရဲ့အနာဂတ်လည်းဖြစ်ပါတယ်၊ စီးပွားရေးနဲ့ ဒစ်ဂျစ်တယ်စနစ်ဆိုင်ရာ စွမ်းရည်တွေဟာ လူငယ်တွေရဲ့အောင်မြင်မှုတစ်စိတ်တစ်ပိုင်းဖြစ်တယ်ဆိုတာကို နားလည်ကြပါတယ်၊ မြန်မာနိုင်ငံမှာရှိတဲ့ နည်းပညာနဲ့ နည်းစနစ်တွေအတွက် စွန့်ဦးလုပ်ဆောင်သူ အနာဂတ်မျိုးဆက်သစ်တွေကို ခွန်အားပေးလိုပါတယ်၊ ဒစ်ဂျစ်တယ်နည်းပညာပြောင်းလဲမှု ဆင့်ကဲဖြစ်စဉ်တွေကြောင့် လုပ်ငန်းခွင်တွေဟာ သိသာစွာ ပြောင်းလဲတိုးတက်သွားမှာဖြစ်ပြီး လူငယ်တွေဟာလည်း အဲဒီအပြောင်းအလဲအတွက် အသင့်ဖြစ်နေရပါမယ်၊ အလားအလာရှိတဲ့လူငယ်တွေကို ကြီးကြပ်သင်ကြားပေးဖို့အတွက် အလွန်စိတ်အားထက်သန်နေပါတယ်" ဟု ပြောကြားသည်။

**သန်းထိုက်၊ ဓာတ်ပုံ-သစ္စာ**





# မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကျင်းပမည်

**ကန့်ဘလူ ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့၏ ကျက်သရေဆောင် မဟာရွှေစည်ကြီးစေတီတော် ဗုဒ္ဓပူဇနီယပွဲတော်ကို အစဉ်အလာမပျက် နှစ်စဉ်ကျင်းပခဲ့ရာ (၁၈)ကြိမ်မြောက် ဘုရားပွဲတော်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း စေတီတော်ဂေါပကအဖွဲ့ထံမှ သိရသည်။

ဘုရားပွဲတော်ရက်အတွင်း မဟာရွှေစည်ကြီးစေတီတော်မြတ်ကြီးနှင့် ပရိဝုဏ်အတွင်းရှိ သာသနိကအဆောက်အအုံများအား ရောင်စုံမီးများ ထွန်းညှိပူဇော်မည်ဖြစ်ကာ ဇန်နဝါရီ ၂၅ ရက်တွင် ပဋ္ဌာန်းမဏ္ဍပ်၌ ဖွင့်ပွဲအခမ်းအနားကျင်းပခြင်းနှင့် ငါးရက်တိုင် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ခြင်း၊ ဇန်နဝါရီ ၂၉ ရက်တွင် ပဋ္ဌာန်းအောင်ပွဲကျင်းပခြင်း၊ ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ သာသနာ့ဗိမာန်တော်၌ မြို့ပေါ်ရပ်ကွက်ငါးခုနှင့် ကျောင်းများမှ ဝတ်အသင်းများက ဓမ္မာစကြာနှင့်ပရိတ်ကြီး ရွတ်ဖတ်ပူဇော်ခြင်း၊ မဟာရွှေစည်ကြီးစေတီတော် ပရိဝုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များအား ပန်း ၉၀၀၀၊ သစ်သီး ၉၀၀၀ ဆက်ကပ်ပူဇော်ခြင်း၊ ဇန်နဝါရီ ၃၁ ရက်တွင် စေတီတော်ရင်ပြင်၌ ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် သံဃာတော်များအား အရုဏ်ဆွမ်းဆက်ကပ်ခြင်း၊ ဆွမ်းဆန်စိမ်း လောင်းလှူခြင်း၊ နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်း စသည့်အစီအစဉ်များ ပါဝင်မည်ဖြစ်ကြောင်း ဂေါပကအဖွဲ့မှ သိရသည်။

ပျော်ပွဲရွှင်ပွဲအစီအစဉ်များအနေဖြင့် ထမနဲထိုးပြိုင်ပွဲ၊ ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ကြက်တောင်၊ ခြင်းအလှခတ်၊ ထုပ်ဆီးတိုးပြိုင်ပွဲများ ကျင်းပပြီး ဇန်နဝါရီ ၂၅ ရက်မှ ၂၈ ရက်ညများတွင် မိုးအလင်းရုပ်ရှင်ပြသခြင်း၊ ဇန်နဝါရီ ၂၉ ရက်မှ ၃၁ ရက်အထိ အငြိမ့်ဇာတ်ပွဲများဖြင့် ဖျော်ဖြေခြင်းတို့လည်း ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပွဲတော်ကာလအတွင်း လာရောက်သော မြို့နယ်အသီးသီးမှပြည်သူများအား အခမဲ့မျက်စိစမ်းသပ်ခွဲစိတ်ကုသပေးခြင်းကိုလည်း ကန့်ဘလူမြို့တွင် အခြေပြု၍ ဘုရားပွဲတော်ရက်မတိုင်မီမှ စတင်ဆောင်ရွက်ပေးကာ ပွဲတော်ပြီးစီးပြီး နောက်ရက်များအထိ အထူးကုဆရာဝန်ကြီးများက အခမဲ့ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (လှိုင်ကော်ရုံးခွဲ) ဖွင့်လှစ်

**လှိုင်ကော် ဒီဇင်ဘာ ၁၈**

မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသော ကဏ္ဍများတွင် အထောက်အကူဖြစ်စေရန် မသန်စွမ်းသုံးပစ္စည်းများ ပံ့ပိုးပေးအပ်ခြင်း၊ ပညာသင်စရိတ်များ ထောက်ပံ့ခြင်း၊ ကျန်းမာရေးကူညီပံ့ပိုးခြင်းများကို အစဉ်တစိုက် ဆောင်ရွက်ပေးလျက်ရှိသော မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (ရန်ကုန်) ရုံးချုပ်က ကယားပြည်နယ်အတွင်းရှိ မသန်စွမ်းသူများအား ပိုမိုထိရောက်စွာ ကူညီပေးနိုင်ရန်အတွက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း (လှိုင်ကော်ရုံးခွဲ) ကို ဒီဇင်ဘာ ၁၆ ရက်က ဖွင့်လှစ်ခဲ့သည်။

လှိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပသည့် ရုံးခွဲဖွင့်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြပြီး သံစဉ်ပန်း မသန်စွမ်းသူများ အနုပညာလှုပ်ရှားမှုအဖွဲ့က သီချင်းသီဆို ဖွင့်လှစ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကယားပြည်နယ်အစိုးရအဖွဲ့အနေဖြင့် မသန်စွမ်းသူများအတွက် ဘာတွေလုပ်ပေးရမည်၊ ဘာတွေလုပ်ပေးနိုင်မည်ကို သိရှိလို၍ တက်ရောက်ခြင်းဖြစ်ကြောင်း၊ လူဦးရေနှင့် သန်းခေါင်စာရင်းမှတ်တမ်းအရ ၄ ဒသမ ၆ ရာခိုင်နှုန်းသည် မသန်စွမ်းသူများဖြစ်ကြရာ မသန်စွမ်းသူများ အများတန်းတူအခွင့်အရေးရရန် ကြိုးပမ်းဖော်ဆောင်မည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများအနေဖြင့်လည်း မသန်စွမ်းဖြစ်နေခြင်းကြောင့် အားငယ်နေမည့်အစား အကောင်းဆုံး ရင်ဆိုင်ဖြတ်သန်းရမည်ဖြစ်ကြောင်း၊ မသန်စွမ်းသူများနှင့် ပတ်သက်ပြီး ကူညီထောက်ပံ့ပေးသည့် အသင်းအဖွဲ့များအား ကျေးဇူးတင်ကြောင်း... 

ကြိုဆိုကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် မသန်စွမ်းသူများအတွက် အထောက်အပံ့ကောင်းဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဌာနများအနေဖြင့်လည်း မသန်စွမ်းသူများအတွက် အထောက်အပံ့ကောင်းဖြစ်အောင် ကြိုးပမ်းစေလိုကြောင်း၊ ယခုအသင်းရုံးခွဲကို ကယားပြည်နယ်တွင် ဖွင့်လှစ်ပေးသည့်အတွက် မသန်စွမ်းသူများကိုယ်စား ဝမ်းမြောက်ကြောင်း၊ မသန်စွမ်းသူများအား ခွဲခြားဆက်ဆံသော ဓလေ့များကို အဆုံးသတ်ပြီး မသန်စွမ်းသူများ၏ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း အမှာစကားပြောကြားသည်။




ထို့နောက် မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(ရုံးချုပ်)ရန်ကုန်၏ ဥက္ကဋ္ဌ ဦးမြတ်ဦးက အသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားပြီး ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(ရုံးချုပ်) ရန်ကုန်နှင့် (လှိုင်ကော်ရုံးခွဲ) အမှုဆောင်များအား မိတ်ဆက်ပေးကြကာ ကယားပြည်နယ်ဝန်ကြီးချုပ်က မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(လှိုင်ကော်ရုံးခွဲ) အတွက် မတည်အလှူငွေ ကျပ်သုံးသိန်းနှင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီးတို့က မသန်စွမ်း အမွှာကလေးနှစ်ဦးအတွက် ကလေးဝိုးချဲ တစ်စုံစာ အလှူငွေကျပ် ၁၆၀၀၀၀ ကို ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ကိုယ်အင်္ဂါမသန်စွမ်းသူများအသင်း(ရုံးချုပ်) ရန်ကုန်မှ အထောက်အကူပစ္စည်းများကို ပေးအပ်ပြီး အလှူရှင်များကလည်း လှိုင်ကော်ရုံးခွဲအတွက် အလှူငွေများပေးအပ်ခဲ့သည်။

**ပြည်နယ် (ပြန်/ဆက်)**




# မြို့နယ်အား/ကာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

**မြိတ် ဒီဇင်ဘာ ၁၈**

မြိတ်မြို့နယ်၏ အားကစားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်အားကစားသမားများ ပေါ်ထွန်းလာစေရေးအတွက် Township Sports Development Program အရ မြိတ်မြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို မြိတ်ခရိုင် အားကစားခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က စတင်ကျင်းပခဲ့သည်။

ပြိုင်ပွဲကို မြို့နယ်အားကစားနှင့်ကာယပညာကော်မတီ ဥက္ကဋ္ဌကိုယ်စား ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သန်းက အမှာစကားပြောကြား၍ ဖွင့်လှစ်ပေးခဲ့သည်။ ပြိုင်ပွဲတွင် အသင်း ၁၉ သင်းမှ ပြိုင်ပွဲဝင် အားကစားသမား ၇၆ ဦး ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း ပြိုင်ပွဲကျင်းပရေးကော်မတီမှ သိရသည်။ ယခုကဲ့သို့ ပြိုင်ပွဲများကျင်းပပြီး အားကစားဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များကြောင့် မြိတ်မြို့နယ် ပိုက်ကျော်ခြင်းအသင်းသည် တနင်္သာရီတိုင်းဒေသကြီး မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ၂၀၁၄၊ ၂၀၁၅၊ ၂၀၁၆ သုံးနှစ်ဆက်တိုက် ပထမဆုရရှိခဲ့ကြောင်း မြိတ်မြို့နယ် ပိုက်ကျော်ခြင်းဆပ်ကော်မတီမှ သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများကျင်းပ

**ကလိန်အောင် ဒီဇင်ဘာ ၁၈**

တနင်္သာရီတိုင်းဒေသကြီး ကလိန်အောင်မြို့ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ပြပွဲပြိုင်ပွဲများကို ဒီဇင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။ ကလေးငယ်များအနေဖြင့် လွတ်လပ်ရေးရယူပေးခဲ့သော နိုင်ငံ့ခေါင်းဆောင်ကြီးများ၏ ကျေးဇူးကြီးမားပုံ၊ လွတ်လပ်ရေးနေ့အကြောင်းများကို သိရှိနားလည်စေရန်နှင့် ကလေးများ သွက်လက်ထက်မြက်ပြီး ထူးချွန်သူများဖြစ်လာစေရန် ရည်ရွယ်၍ ပြပွဲ ပြိုင်ပွဲများ ကျင်းပခြင်းဖြစ်ကြောင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဒေါ်မိုးမိုးခိုင်က ပြောကြားသည်။

လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပြိုင်ပွဲအဖြစ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ကျင်းပပြီး အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၀ တို့ ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်သည်။ ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လွတ်လပ်ရေးနေ့အကြောင်း နံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကို ပြသခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## မှူးခင်းကျဆင်းရေး ပညာပေးဟောပြော

**ကျောက်ပန်းတောင်း ဒီဇင်ဘာ ၁၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားမြောက်ဘက်ခြမ်းဒေသ ကျေးရွာများမှ ပြည်သူများ မှူးခင်းဆိုင်ရာအသိပညာများ ရရှိစေရန်နှင့် မှူးခင်းဖြစ်ပွားမှု လျော့နည်းကျဆင်းစေရန်အတွက် မှူးခင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဒီဇင်ဘာ ၁၅ ရက်က ဆူးဖြူကုန်းကျေးရွာအုပ်စု ဆူးဖြူကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ပုပ္ပားရဲကင်းစခန်းမှ စခန်းမှူး ရဲအုပ်မြဝင်း(ခ)မြထွန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ သိကောင်းစရာများ၊ မူးယစ်ဆေးဝါး လက်ဝယ်ထားရှိခြင်း၊ သုံးစွဲခြင်းနှင့် ရောင်းချခြင်းများအတွက် သတ်မှတ်ထားသော ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ ယစ်မျိုးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် ပြစ်မှုဥပဒေများ၊ လူသတ်မှုနှင့် သက်ငယ်မုဒိမ်းမှုများ ဖြစ်ပေါ်တတ်သည့် အခြေအနေများနှင့် ကြိုတင်သတိပြုဆောင်ခြင်ရန်အချက်များကို အသေးစိတ် ရှင်းလင်းဟောပြောပြီး မှူးခင်းဖြစ်ပွားမှု ရှိလာပါက မိမိတို့သက်ဆိုင်ရာ ရဲစခန်းသို့ အချိန်နှင့်တပြေးညီ အသိပေးအကြောင်းကြားရန်နှင့် လိုအပ်သည့် မှူးခင်းဖော်ထုတ်ဖမ်းဆီးရေးကိစ္စများ ရှိလာပါကလည်း ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြရန် ဟောပြောဆွေးနွေးသည်။ ဟောပြောပွဲသို့ ဆူးဖြူကုန်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမြင့်သန်းနှင့် ရပ်မိရပ်ဖများ၊ ဆယ်အိမ်မှူး ရာအိမ်မှူးများ၊ ကျေးရွာနေပြည်သူများ တက်ရောက်ခဲ့ကြသည်။

**ကိုနေ(ကျောက်ပန်းတောင်း)**

## ကရင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပါက ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်အထိ ရရှိနိုင်

**ဘားအံ ဒီဇင်ဘာ ၁၈**

ကရင်ပြည်နယ်တွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်ပါက မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ဝင်ငွေခွန်ကင်းလွတ်ခွင့် ခုနစ်နှစ်အထိ ရရှိနိုင်မည်ဖြစ်ပြီး ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်က ဥက္ကဋ္ဌအဖြစ်ဦးဆောင်သည့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီက ဒေါ်လာငါးသန်းအထိ လုပ်ငန်းများကို ခွင့်ပြုပေးနိုင်ပြီဖြစ်ကြောင်း ကရင်ပြည်နယ် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးသန်းနိုင်၏ ပြောကြားချက်အရ သိရသည်။

ကရင်ပြည်နယ်အစိုးရ၏ ဦးဆောင်မှုဖြင့် ကရင်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် Paramount Myanmar Alliance ကုမ္ပဏီလီမိတက်တို့ ပူးပေါင်း၍ နှစ်ရှည်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစီမံကိန်း အလုပ်ရုံဆွေးနွေးပွဲကို ဘားအံမြို့ ဇွဲကပင်ခန်းမတွင် ဒီဇင်ဘာ ၁၇ ရက်က ပြုလုပ်ခဲ့ရာ ထိုအလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားရာ၌ ပြည်နယ်ဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

"ပြည်နယ်အတွင်းမှာရှိတဲ့ စိုက်ပျိုးမြေများသာမက မစိုက်ပျိုးရသေးတဲ့ မြေလွတ်မြေရိုင်း ဧကများစွာတို့ဟာ လာရောက်စိုက်ပျိုးနိုင်မည့်သူများကို ဖိတ်ခေါ်ကြိုဆိုနေပါတယ်၊ မြေဆီသြဇာပြည့်စုံလှလောက်တဲ့ သဘာဝမြေရိုင်းများကို လယ်ယာသီးနှံ စိုက်ခင်းကြီးများအဖြစ် အသွင်ပြောင်းပေးနိုင်ခဲ့ရင် အလွန်တရာ ကျက်သရေရှိလှမှာဖြစ်သလို စီးပွားရေးအရလည်း အကျိုးအမြတ်များစွာ ရရှိနိုင်မှာဖြစ်ပါတယ်၊ ပြည်နယ်ရဲ့ နေရာများစွာတို့မှာ သဘာဝတောတောင်ရေမြေတို့ရဲ့အလှတရားများ တည်ရှိနေကြတဲ့အတွက် Eco Tourism ကဲ့သို့သော လုပ်ငန်းများလည်း လာရောက်လုပ်ဆောင်နိုင်ကြပါတယ်၊ ရှည်လျားလှတဲ့ သံလွင်မြစ်ကြောင်းတစ်လျှောက်မှာလည်း သဘာဝအလှကို ပကတိအတိုင်း ကြည့်ရှုခံစားရင်း အနားယူအပန်းဖြေနိုင်တဲ့ ဟိုတယ်လုပ်ငန်းများကိုလည်း လုပ်ဆောင်နိုင်ပါသေးတယ်၊ စက်ရုံ အလုပ်ရုံကဲ့သို့ ကုန်ထုတ်လုပ်ငန်းကြီးများအတွက်လည်း ကျယ်ဝန်းတဲ့ မြေဧကများစွာကို အခြားသောဒေသများစွာထက် သက်သာသော ဈေးနှုန်းမျိုးဖြင့် လုံလောက်စွာ စီစဉ်ပေးနိုင်ပါတယ်"ဟု ပြည်နယ်ဝန်ကြီးက ပြောကြားသည်။

ထို့အပြင် လုပ်ငန်းများဆောင်ရွက်ရန် လိုအပ်ချက်များအတွက် ညှိနှိုင်းဆောင်ရွက်နိုင်သည့် အခြေအနေနှင့် ပတ်သက်၍လည်း ဝန်ကြီးက "ဒေသဖွံ့ဖြိုးရေး မရှိမဖြစ်လိုအပ်တဲ့ အခြေခံအဆောက်အအုံများဖြစ်သော လမ်း၊ တံတား၊ ရေသွယ်ယူရေး၊ လျှပ်စစ်မီးရရှိရေး အစရှိတဲ့ လုပ်ငန်းများကိုလည်း Build Operate Transfer (BOT)စနစ်ဖြင့်ဖြစ်စေ၊ အခြား Public-Private Partnership(ppp)စနစ်ဖြင့်ဖြစ်စေ လာရောက်လက်တွဲ လုပ်ဆောင်နိုင်ပါတယ်၊ ပြည်နယ်အတွင်း စိုက်ပျိုးရေးထွက်ကုန်များကိုလည်း သဘာဝအတိုင်းသာမက ကာလရှည်အထားခံပြီး ထုတ်ကုန်တန်ဖိုးကို မြင့်တက်သွားစေသော Value Added ထုတ်ကုန်များအဖြစ် ပြုပြင်ထုတ်လုပ်ပေးမည့် လုပ်ငန်းများကို မျှော်လင့်လျက်ရှိကြောင်း ကမ်းလှမ်းလိုပါတယ်၊ အလားတူ ဒေသထွက်ကုန်များအဖြစ် ကြံ၊ ကြံသကာ၊ သကာရည်၊ သကြားနဲ့ အခြားသော စားသောက်ကုန်များ ထုတ်လုပ်ပေးခြင်း၊ တိရစ္ဆာန်အစာများ ထုတ်လုပ်ပေးခြင်း စတဲ့စားသောက်ကုန်ထုတ်လုပ်ငန်းတို့ကိုလည်း လာရောက်ရင်းနှီးနိုင်ပါတယ်"ဟု ပြောသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် Three Pagodas Pass Development နှင့် Taiwan External Trade Development Council တို့မှ တာဝန်ရှိသူများကလည်း အမှာစကားပြောကြားခဲ့ပြီး ကရင်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ လုပ်ဆောင်နိုင်ရန်အတွက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကော်မတီများညွှန်ကြားမှုဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်နယ်အတွင်းနှင့် အခြားပြည်နယ်များမှ လုပ်ငန်းရှင်များ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

## အလုပ်တွင်ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့်ထုတ်ပေး

**နေပြည်တော် ဒီဇင်ဘာ ၁၈**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့ နေပြည်တော်မှ ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ အကျိုးခံစားခွင့်ပြုထုတ်ပေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၁၄ ရက် နံနက် ၁၀ နာရီက ပြည်ထောင်စုနယ်မြေ ဒက္ခိဏခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပျဉ်းမနားမြို့ မြို့နယ်လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော မြန်မာ့မီးရထားစက်မှုဌာနမှ အာမခံအလုပ်သမား ဦးတင်မောင်ဦး (စက်ပြင်) သည် ယခုနှစ် အောက်တိုဘာ ၁၈ ရက်က လုပ်ငန်းအတွင်း တာဝန်ထမ်းဆောင်နေစဉ် ရထားကြိတ်မိပြီး သေဆုံးသွားခြင်းအတွက် အလုပ်တွင် ထိခိုက်မှု (E 1) အဖြစ် သတ်မှတ်ပြီး အဆိုပါအာမခံအလုပ်သမား သေဆုံးမှုသည် အလုပ်ရှင်ဌာန၏ စေခိုင်းချက်အရ အလုပ်တာဝန်ထမ်းဆောင်နေစဉ် မတော်တဆ ထိခိုက်သေဆုံးခြင်းဖြစ်သည့်အတွက် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၂ (စ)နှင့်အညီ ဦးတင်မောင်ဦး ကျန်ရစ်သူမိသားစုအား ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ -၃၀၊ နည်းဥပဒေ ၁၂၉(ခ)တို့အရ နာရေးစရိတ် ငွေကျပ် ၄၉၉၅၀၀ နှင့် ဥပဒေပုဒ်မ-၆၂၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့် နည်းဥပဒေ ၉၆ (က)တို့အရ အလုပ်တွင် ထိခိုက်မှုကြောင့် သေဆုံးမှုအတွက် ကျန်ရစ်သူအကျိုးခံစားခွင့် ငွေကျပ် ၄၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၄၉၉၉၅၀၀ ကို ခွင့်ပြုထုတ်ပေးခြင်းဖြစ်ကြောင်း ပြည်ထောင်စုနယ်မြေ၊ လူမှုဖူလုံရေး၊ နေပြည်တော်တိုင်းရုံးမှ တိုင်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က အမှာစကားတွင် ရှင်းလင်းပြောကြားပြီး ကျန်ရစ်သူမိသားစုအား အကျိုးခံစားခွင့်ငွေများ ပေးအပ်လိုက်ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

## ချောင်းသာကမ်းခြေအနီးရှိ အပန်းဖြေဆင်စခန်း ဖွင့်ပွဲကျင်းပ

**ပုသိမ် ဒီဇင်ဘာ ၁၈**



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်း ပုသိမ်သစ်ထုတ်လုပ်ရေးဒေသနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ အကျိုးတူပူးပေါင်းဆောင်ရွက်မှုဖြင့် ပုသိမ်-ချောင်းသာ ကားလမ်း မိုင်တိုင် အမှတ်(၂၆/၆)၌ ဖွင့်လှစ်ထားသည့် ချောင်းသာအပန်းဖြေဆင်စခန်း ဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက်က ကျင်းပခဲ့သည်။

ချောင်းသာအပန်းဖြေဆင်စခန်း ဖွင့်ပွဲတွင် တိုင်းဒေသကြီး မြန်မာ့သစ်လုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးမိုးလွင်က ဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် အကျိုးတူပူးပေါင်း၍ အပန်းဖြေဆင်စခန်းများ ဖွင့်လှစ်ထားရှိမှု အခြေအနေကို ရှင်းလင်းပြောကြားပြီး ချောင်းသာဆင်စခန်းပိုင်ရှင် ဦးရဲမြင့်လွင်က ယခု အပန်းဖြေစခန်း စတင်ဖြစ်ပေါ်လာပုံနှင့် လုပ်ငန်းများဆောင်ရွက်နေမှုများကိုပြောကြားကာ ဒုတိယ အထွေထွေ မန်နေဂျာနှင့် တာဝန်ရှိသူများက ချောင်းသာ အပန်းဖြေဆင်စခန်းကို ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာ့သစ်လုပ်ငန်း သစ်ထုတ်ရေးဌာနအနေဖြင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ပုဂ္ဂလိက လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ဖွင့်လှစ်ပေးလျက်ရှိပြီး ဆင်ထိန်းသိမ်းစောင့်ရှောက်မှုကို ပြည်သူများ သိရှိလေ့လာနိုင်ရန်၊ မြန်မာ့ဆင်များ ရေရှည်ထိန်းသိမ်းနိုင်ရန်၊ နိုင်ငံ့ဝင်ငွေ တစ်ဖက်တစ်လမ်းမှ ကြိုးစားရှာဖွေနိုင်ရန်၊ ဝန်ထမ်းများ စွမ်းဆောင်ရည် မြင့်မားလာစေရန် စသည့် ရည်ရွယ်ချက်များဖြင့် ဆင်ထိန်းသိမ်းစောင့်ရှောက်ရေးစခန်းများကို ဖွင့်လှစ်နေခြင်းဖြစ်ကြောင်း သိရသည်။

ချောင်းသာ အပန်းဖြေဆင်စခန်းတွင် ဆင်များ၏ လိမ္မာယဉ်ကျေးသည့် သရုပ်ပြကွက်များ၊ ဆင်များ၏သဘာဝကို လေ့လာခြင်း၊ ဆင်စီး၍ တောတောင် ရေမြေ သဘာဝကို ကြည့်ရှုလေ့လာခြင်း၊ ဆင်များနှင့်အတူ ဓာတ်ပုံ၊ ဗွီဒီယို အမှတ်တရ ရိုက်ကူးခြင်း၊ ဆင်များကို အစာကျွေးခြင်း၊ ဆင်များနှင့်အတူ တောတွင်းခရီးသွား၍လေ့လာခြင်းစသည့် ဝန်ဆောင်မှုများကို နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ စီစဉ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ချောင်းသာ အပန်းဖြေဆင်စခန်းသည် ကမ်းခြေအနီးတွင်ရှိကာ ပုသိမ်မြို့မှ ၂၆ မိုင် ၆ ဖာလုံသာ ကွာဝေးသဖြင့် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ ပြည်သူများနှင့် ချောင်းသာကမ်းခြေသို့ လာရောက်သူများအနေဖြင့် ဆင်စခန်းသို့ အလွယ်တကူ ဝင်ရောက်လည်ပတ်ကာ ဆင်များ၏သဘာဝကို လေ့လာနိုင်ကြကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

## ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးကောက်တင်မြှောက်ပုံအဆင့်ဆင့် သင်တန်းပို့ချ

**နမ့်ခမ်း ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့၌ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးချယ်ရန်အတွက် ကြီးကြပ်ရေးအဖွဲ့ဝင်များအား တာဝန်ပေးအပ်ပွဲနှင့် ရွေးကောက်တင်မြှောက်ပုံအဆင့်ဆင့် သင်တန်းပို့ချခြင်းတို့ကို နမ့်ခမ်းမြို့နယ်ခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က ဆောင်ရွက်ခဲ့သည်။ ကြီးကြပ်ရေးအဖွဲ့ဝင်များ ရွေးချယ်ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းအောင်က အမှာစကားပြောကြားပြီး ကြီးကြပ်ရေးအဖွဲ့ဝင်များအား ရွေးချယ်တာဝန်ပေးအပ်သည်။ ထို့နောက် ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ ရွေးကောက်တင်မြှောက်ပုံအဆင့်ဆင့် သင်တန်းကို ဆက်လက်ပို့ချခဲ့ပြီး သင်တန်းသို့ နမ့်ခမ်းမြို့နယ်တွင်းရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအုပ်စု ၄၇ ခုမှ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများ၊ ကြီးကြပ်ရေးအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ဉာဏ်မင်း(နမ့်ခမ်း)**

## သတင်းတိုများ

### စီမံကိန်းကျေးရွာ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ကန့်ကြီးထောင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားနိုင်ငံ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(KOICA)တို့ ပူးပေါင်းအကောင်အထည်ဖော်နေသော ကျေးရွာသစ်စီမံကိန်းလှုပ်ရှားမှုအဖြစ် စီမံကိန်းဝင် ကျေးရွာတစ်ရွာဖြစ်သည့် ကွင်းယားကြီးကျေးရွာ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဒီဇင်ဘာ ၁၆ ရက်က ဆောင်ရွက်ခဲ့ကြသည်။

ဆယ်မာအူးလ်အွန်ဒုန်စီမံကိန်း ကျေးရွာများ၌ စီမံကိန်းကော်မတီအဖွဲ့ဝင်များက ဦးဆောင်ကာ ရွာသူ ရွာသားများ ပူးပေါင်းပါဝင်၍ ကျေးရွာသန့်ရှင်းသာယာ လှပစေရေး၊ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေးနှင့် အမှိုက်များကို စနစ်တကျ စွန့်ပစ်သည့် အလေ့အထကောင်းများ ရှိလာစေရေးအတွက် အပတ် စဉ် စနေနေ့တိုင်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေကြောင်း ကျေးရွာစီမံကိန်း ကော်မတီဝင် တစ်ဦးထံမှ သိရသည်။

**နန်းထိုက် (ပြန်/ဆက်)**

### မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း အကောင်အထည်ဖော်ထားသည့် မြစိမ်းရောင်စီမံကိန်းကျေးရွာ ၁၄ ရွာအနက် နန်းတော်ကျွန်းကျေးရွာ၌ စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှုများကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်အောင်နှင့် တာဝန်ခံဝန်ထမ်းများက ဒီဇင်ဘာ ၁၁ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။ ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စီမံကိန်းကော်မတီဝင်များ၏ ဇယားများ မှန်ကန်စွာ ဖြည့်သွင်းထားခြင်း ရှိ/မရှိနှင့် ချေးငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ထားသော စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ အရောင်းအဝယ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်(ပြန်/ဆက်)**

## စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေးဟောပြော

**သုံးခွ ဒီဇင်ဘာ ၁၈**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးသူရေးရာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံးက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၅ ရက်က ကျင်းပသည်။

ဟောပြောပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှမော်က စားသုံးသူအခွင့်အရေးနှင့် တာဝန်များ၊ စီးပွားရေးလုပ်ငန်းရှင်၏ တာဝန်နှင့် တားမြစ်ချက်များ၊ စားသုံးသူတိုင်ကြားမှုများအပေါ် ဖြေရှင်းဆောင်ရွက်ပေးခဲ့မှုများကို ရှင်းလင်းဟောပြောပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းသိန်းက စီးပွားရေးလုပ်ငန်းရှင်များအနေ ဖြင့် စားသုံးသူများကို စားသုံးသူအခွင့်အရေး အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရေး၊ စားသုံးသူများ လုံခြုံစိတ်ချရသည့်ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲနိုင်ရန် သိကောင်းစရာများ စသည်တို့ကို အသေးစိတ် ဆွေးနွေးဟောပြောခဲ့သည်။

**ကြည်စိုးလွင်(သုံးခွ)**

# ကိုရီးယားနိုင်ငံမှ ကုမ္ပဏီလေးခု ပူးပေါင်းကာ ရထားလမ်းသစ်ဖောက်လုပ်ရန် ကွင်းဆင်းစစ်ဆေး

**မိုးညှင်း ဒီဇင်ဘာ ၁၈**

မန္တလေး-မြစ်ကြီးနား မီးရထားလမ်းပိုင်းမှ တောင်ပြိုခြင်း လမ်းချော်ခြင်း အများဆုံးဖြစ်လေ့ရှိသည့် ဂျိုးထောင်ဘူတာမှ မဲဇာဘူတာအကြား လမ်းပိုင်းနှင့် မော်ဟန်ဘူတာနှင့် ကာဒူဘူတာကြား လမ်းပိုင်းများတွင် ကွင်းလမ်းသစ်ကို ကိုရီးယားနိုင်ငံမှ ကုမ္ပဏီလေးခု ပူးပေါင်းကာ ဖောက်လုပ်သွားမည်ဖြစ်ရာ ကွင်းလမ်းသစ် ဖောက်လုပ်နိုင်ရန်အတွက် မြေပြင်အနေအထားကို ထိုကုမ္ပဏီများမှ တာဝန်ရှိသူများက ဒီဇင်ဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် ကွင်းဆင်းလေ့လာစစ်ဆေးခဲ့သည်။

အဆိုပါအဖွဲ့သည် ကိုရီးယား-မြန်မာ ချစ်ကြည်ရေး အကူအညီအဖြစ် ကိုရီးယားနိုင်ငံမှ ထုတ်ချေးမည့် သန်း ၁၀၀ ဖြင့် လမ်းသစ်ဖောက်လုပ်ခွင့် ရရှိထားသူများဖြစ်ကြောင်း တိုင်း(၂) အထွေထွေမန်နေဂျာ အင်ဂျင်နီယာဌာနမှ ဦးစံချိန်က ပြောကြားသည်။ ကိုရီးယားကုမ္ပဏီ တာဝန်ရှိသူများသည် ဒီဇင်ဘာ ၁၃ ရက်က တိုင်း(၂) နယ်မြေဖြစ်သည့် ကောလင်းဘူတာမှ နန့်စီးအောင်ဘူတာအထိ လမ်းတစ်လျှောက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် တိုင်း(၁)နယ်မြေအတွင်း မိုးညှင်းဘူတာမှ မော်ဟန်ဘူတာကြား လမ်းပိုင်းရှိ နယ်မြေအနေအထားနှင့် တံတားများကို လေ့လာကြည့်ရှုခဲ့ကြသည်။

အဆိုပါလမ်းပိုင်း မြေပြင်အနေအထားကို လေ့လာကြသော ကိုရီးယားအဖွဲ့သည် RBE 2581 ဖြင့် လိုက်ပါလျက် လမ်းပိုင်းဘူတာများ၊ တံတားများ၊ ကာဒူဘူတာနှင့် မော်ဟန်ဘူတာရှိ သဲလမ်းများ၊ VHF ဆက်သွယ်ရေး အချက်ပြများ၊ တိုင်းဆက်စပ်သွားလာရေး လုပ်ငန်း ဆောင်ရွက်မှုများကို ကွင်းဆင်းကြည့်ရှုခဲ့ပြီး



ရထားပြေးဆွဲနေသည့် အခြေအနေများနှင့် ခရီးသည်နှင့် ကုန်စည် ပို့ဆောင်ရေး ဆောင်ရွက်နေမှုများကို မြန်မာ့မီးရထားဌာနမှ တာဝန်ရှိသူများက ရှင်းလင်းခဲ့သည်။

အဆိုပါ ကွင်းလမ်းသစ် ဖောက်လုပ်ပြီးစီးပါက ရထားစီးခရီးသည်များအနေဖြင့် သွားလာမှုတွင် ပို၍ အဆင်ပြေစေမည်ဖြစ်ပြီး မီးရထားဖြင့် ကုန်စည်ပို့ဆောင်ရာတွင်လည်း ထိရောက်သောပြောင်းလဲမှု ဖြစ်လာနိုင်မည်ဖြစ်သည့်အတွက် မြန်မာ့မီးရထားကို ပြည်သူများက ပို၍အားကိုးလာမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေအရ ကုန်ရထားတွဲများ ကုန်တန်ချိန် ၅၀၀ ကျော်လျှင် အဆိုပါတွဲကို ဖြုတ်ချထားခဲ့ရသည့်ဖြစ်စဉ်များရှိခဲ့ပြီး လမ်းပိုင်းကြံ့ခိုင်မှု အခြေအနေအရ အန္တရာယ်မဖြစ်ရအောင် ကြိုတင်ကာကွယ်သည့်အနေဖြင့် ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ထိုသို့ ကုန်တွဲဖြုတ်ချခဲ့ရသည့်အခါများတွင် ကုန်သည်များအနေဖြင့် နစ်နာဆုံးရှုံးမှုရှိသလို မြန်မာ့မီးရထားအနေဖြင့်လည်း ဝင်ငွေထိခိုက်သဖြင့် ယခုဖောက်လုပ်မည့်လမ်းသစ် ပြီးစီးသွားပါက အထက်မြန်မာပြည်လမ်းပိုင်းမှ ရထားစီးခရီးသွားပြည်သူများ၊ ကုန်သည်များအတွက် ဆက်သွယ်သွားလာရေးတွင် များစွာ အကျိုးဖြစ်ထွန်းလာစေမည်ဖြစ်သလို မြန်မာ့မီးရထားဌာန၏ ဝင်ငွေကိုလည်း တိုးလာစေမည်ဖြစ်ကြောင်း မြန်မာ့မီးရထားစက်မှုဌာနမှ တိုင်းမန်နေဂျာ ဦးဌေးလှက ပြောကြားသည်။ (ဝ၆၇)

# တိုင်းရင်းသားလူငယ်များ၏ စာရိတ္တဖွံ့ဖြိုးရေးနှင့် ဘဝမြှင့်တင်ရေး ဟောပြောပွဲကျင်းပ

**မန္တလေး ဒီဇင်ဘာ ၁၈**

တိုင်းရင်းသားလူငယ်များ၏ စာရိတ္တဖွံ့ဖြိုးရေးနှင့် ဘဝမြှင့်တင်ရေးဟောပြောပွဲကို ဒီဇင်ဘာ ၁၄ ရက်က မန္တလေးတက္ကသိုလ် အင်းဝ (၉)ခန်းမ၌ ကျင်းပခဲ့ပြီး တောင်တန်း-နယ်စပ်သာသနာပြုဆရာတော်အရှင်ဇေယျသေနနှင့် အရှင်ပညာစာရ (လူငယ်ယဉ်ကျေးမှု ပရဟိတသာသနာပြု)ဆရာတော်တို့ ကြွရောက်ဟောပြောတော်မူကြသည်။

ဟောပြောပွဲတွင် ဆရာတော်များက မန္တလေးတက္ကသိုလ်တွင် ပညာသင်ယူလျက်ရှိသော ကျောင်းသား ကျောင်းသူလူငယ်များ စိတ်ဓာတ်၊ စာရိတ္တ၊ စည်းကမ်းကောင်းမွန်ပြီး ပညာပြည့်ဝနှလုံးလှသော ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်များဖြစ်လာစေရန် အလေးထားအားဖြည့်ကူညီသောအားဖြင့် တိုင်းရင်းသားလူငယ်များ၏ စာရိတ္တဖွံ့ဖြိုးရေးနှင့် ဘဝမြှင့်တင်ရေး ခေါင်းစဉ်ဖြင့် အကျယ်တဝင့် ဟောပြောတော်မူကြသည်။

ဟောပြောပွဲသို့ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာ တင်ထွန်းအောင်၊ ဘာသာရပ် ဌာနများမှ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ မဟာ(ပထမနှစ်၊ ဒုတိယနှစ်)၊ ဂုဏ်ထူးတန်း(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်)၊ ထူးချွန်(ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်၊ ပဉ္စမနှစ်) ကျောင်းသား ကျောင်းသူများ အင်အား ၈၀၀ ခန့်တက်ရောက်ကြည်ညိုနာယူကြသည်။

**မောင်မောင်(MU)**



# ဘိုးဘွားများအား ပူဇော်ကန်တော့ပြီး ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်

**ဆားလင်းကြီး ဒီဇင်ဘာ ၁၈**

ဆားလင်းကြီးမြို့နယ်အတွင်းရှိ လက်ပံတောင်းတောင်၊ စံပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီစီမံကိန်းများ၏ အနီးပတ်ဝန်းကျင် ကျေးရွာများမှ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွားများအား ပူဇော်ကန်တော့ပွဲနှင့် တက္ကသိုလ်နှင့် တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား ပညာသင်ထောက်ပံ့ကြေး ပေးအပ်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ကြီးကြပ်မှုဖြင့် မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်၊ မြန်မာဝမ်ပေါင် မိုင်းနင်းကော့ပါးလီမိတက်နှင့် မြန်မာယန်စီကော့ပါးလီမိတက်တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၁၆ ရက်က လက်ပံတောင်းတောင်ကြားစေတီ ဓမ္မာရုံ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် စစ်ကိုင်းတိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးကျော်သန့်နိုင်က အမှာစကားပြောကြားပြီး မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်မှ အထွေထွေမန်နေဂျာ ဦးခင်မောင်မြင့်၊ မြန်မာဝမ်ပေါင် မိုင်းနင်းကော့ပါးလီမိတက် အထွေထွေမန်နေဂျာ မစ္စတာလောဆုံနှင့် မြန်မာယန်စီ ကော့ပါးလီမိတက် အထွေထွေမန်နေဂျာ မစ္စတာပေါလစ်တို့က ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီးနှင့် တာဝန်ရှိသူများက ကြေးစင်တောင် ကြေးနီစီမံကိန်းများ၏ အနီးပတ်ဝန်းကျင် ကျေးရွာများမှ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၆၁၅၀၀ နှုန်းဖြင့် စုစုပေါင်း ၁၄၀၄ ဦးအတွက် ငွေကျပ် ၈၆၃ ဒသမ ၄၆ သိန်းနှင့် လှူဖွယ်ပစ္စည်းများကို ပူဇော်ကန်တော့ခဲ့ကြသည်။

ဆက်လက်၍ တက္ကသိုလ်တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများအား တစ်ဦးလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် စုစုပေါင်း ၁၄၁၃ ဦးအတွက် ငွေကျပ် ၁၄၁၃ သိန်းကိုလည်းကောင်း၊ တက္ကသိုလ်ဝင်တန်း ကျောင်းသား ကျောင်းသူများအား



တစ်ဦးလျှင် ငွေကျပ် ငါးသောင်းနှုန်းဖြင့် စုစုပေါင်း ၈၀၈ ဦးအတွက် ငွေကျပ် ၄၀၄ သိန်းကိုလည်းကောင်း တာဝန်ရှိသူများက ပညာသင်ထောက်ပံ့ကြေး ပေးအပ်ခဲ့သည်။

ယင်းမာပင်ခရိုင်အတွင်းရှိ လက်ပံတောင်းတောင်၊ စံပယ်တောင်၊ ကြေးစင်တောင် ကြေးနီစီမံကိန်းများ၏ အနီး၌ ယင်းမာပင်မြို့နယ်အတွင်းမှ ကျေးရွာငါးရွာနှင့် ဆားလင်းကြီးမြို့နယ်မှ ကျေးရွာ ၄၆ ရွာ စုစုပေါင်း ကျေးရွာ ၅၁ ရွာ တည်ရှိရာ ယခုအခမ်းအနားတွင် အဆိုပါကျေးရွာများမှ အသက် ၇၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် တက္ကသိုလ်/တက္ကသိုလ်ဝင် ကျောင်းသား ကျောင်းသူများအား ကန်တော့ငွေနှင့် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ထွန်းကိုကို(ယင်းမာပင်)**

# အင်းတော်မြို့တွင် စာပေဟောပြောပွဲပြုလုပ်

**အင်းတော် ဒီဇင်ဘာ ၁၈**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နန်းခင့်ကျေးရွာမှ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အသိပညာ ဗဟုသုတ တိုးပွားစေရန်အတွက် စာပေဟောပြောပွဲကို အင်းတော်မြို့နယ်စာရေးဆရာအသင်းက ကြီးမှူး၍ ကျေးရွာအခြေခံပညာမူလတန်းကျောင်း၌ ဒီဇင်ဘာ ၁၆ ရက်က ကျင်းပခဲ့သည်။

စာပေဟောပြောပွဲတွင် ဦးကိုကို(မောင်ဘဟိန်း-အင်းတော်)၊ ဦးတင်ရွှေ(ဇွဲမြင့်နိုင်-အင်းတော်)နှင့် ဦးကျော်ကျော်(မောင်ချစ်လင်း-အင်းတော်)တို့က ပညာရေး၊ ကျန်းမာရေးနှင့် စာပေဆိုင်ရာ ဗဟုသုတဖြစ်ဖွယ် အကြောင်းအရာများကို ဟောပြောခဲ့ပြီး ဟောပြောပွဲသို့ အင်းတော်မြို့နယ်စာရေးဆရာအသင်း နာယက ကိုမင်း(အင်းတော်)၊ ဥက္ကဋ္ဌဦးကိုကိုနှင့် အဖွဲ့ဝင်များ၊ နန်းခင့်ကျေးရွာ မူလတန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်အေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများနှင့် မိဘများ တက်ရောက်ခဲ့ကြသည်။

**လူအောင်(ကသာ)**

# ထရန်စဖော်မာမှ ဆီများယိုစိမ့်မှုကို အချိန်မီ ပြုပြင်ထိန်းသိမ်းနိုင်

**ရမည်းသင်း ဒီဇင်ဘာ ၁၈**

ရမည်းသင်းမြို့နယ် အနောက်သပြေပင်ကျေးရွာ ၃၃/၁၁ ဓာတ်အားခွဲရုံအတွင်းရှိ ၁၂၅၀ ကေဗွီအေ ပင်မထရန်စဖော်မာမှ ဆီများယိုစိမ့်နေသည်ကို ၎င်းကျေးရွာမှ တာဝန်သိပြည်သူတစ်ဦး၏ ဖုန်းဆက်သတင်းပေးချက်အရ အချိန်မီသိရှိပြီး ပြုပြင်ထိန်းသိမ်းနိုင်ခဲ့ကြောင်း သိရသည်။

ထရန်စဖော်မာမှ ဆီများယိုစိမ့်နေကြောင်း တာဝန်သိပြည်သူတစ်ဦးက ဒီဇင်ဘာ ၈ ရက် နံနက်ပိုင်းတွင် ဖုန်းသတင်းပေးပို့သည့်အတွက် ခရိုင်လျှပ်စစ် လက်ထောက်မန်နေဂျာ ဦးတိုးတိုးအောင်၊ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးမျိုးမြင့်နှင့် တာဝန်ကျလိုင်းမင်းများက ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီ အဖွဲ့များနှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုပြီး ထရန်စဖော်မာမှ ဆီများကိုထုတ်၍ ယိုစိမ့်ပေါက်နေသော အပေါက်ကို ဖာထေးခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း၊ လုပ်ငန်းဆောင်ရွက်ချိန်အတွင်း ကျေးရွာ ခုနစ်ရွာကို လျှပ်စစ်မီးဖြတ်တောက်ပိတ်ထားခဲ့ရပြီး ညနေ ၄ နာရီအချိန်တွင် လျှပ်စစ်မီး ပုံမှန်ပြန်ပေးနိုင်ခဲ့ကြောင်း သိရသည်။ ယခင်က မိန်းထရန်စဖော်မာတစ်လုံး မိုးကြိုးထိမှန်ကာ ရှော့ခ်



ဖြစ်၍ ဆီများယိုစိမ့်မှုကြောင့် မီးလောင်ကျွမ်း ပျက်စီးခဲ့သည့် အတွေ့အကြုံအရ တာဝန်သိသူ ကျေးရွာနေပြည်သူတစ်ဦးက ဖုန်းသတင်းပေးပို့သည့်အတွက် ပျက်စီးဆုံးရှုံးမှုများမှ အချိန်မီ ကာကွယ်ထိန်းသိမ်း ပြုပြင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ၏ ပြောကြားချက်အရ သိရသည်။ **တင်ဦး(ရမည်းသင်း)**

# ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး မိုင်းဖြတ်မြို့နယ်မှ ပြည်သူများနှင့် တွေ့ဆုံ

**မိုင်းဖြတ် ဒီဇင်ဘာ ၁၈**

ရှမ်းပြည်နယ် မိုင်းဖြတ်မြို့နယ်အတွင်းရှိ တာကျောက်ကျေးရွာနှင့် ဆိုင်းလေကျေးရွာတို့မှ ဒေသခံပြည်သူများအား ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် အဖွဲ့က ဒီဇင်ဘာ ၁၆ ရက်တွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။

ပြည်နယ်လူမှုရေးဝန်ကြီးသည် တာကျောက်ကျေးရွာမှ ပြည်သူများနှင့် ကျေးရွာအမကကျောင်း၌ တွေ့ဆုံပြီး ပြည်သူများအတွက် ကျန်းမာရေး၊ ပညာရေးနှင့် အားကစားဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားကာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဆောင်ရွက်မည့် လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဝန်ကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တို့က တာကျောက်ကျေးရွာရှိ အိမ်ထောင်စု ၂၅ စုအတွက် LED လက်ဆွဲမီးအိမ် ၂၅ လုံးနှင့် ကျောင်းသား ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများကို ပေးအပ်ခဲ့သည်။ ဆက်လက်၍ ဆိုင်းလေကျေးရွာမှ ပြည်သူများနှင့် တွေ့ဆုံပြီး ကျေးရွာရှိ ဆရာ ဆရာမများနှင့် အိမ်ထောင်စု ၂၉ စုအတွက် LED လက်ဆွဲမီးအိမ် ၃၆ လုံးနှင့် ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်နှင့် ခဲတံများကို ပေးအပ်လှူဒါန်းခဲ့သည်။

ဆက်လက်၍ လူမှုရေးဝန်ကြီးနှင့် အဖွဲ့သည် မိုင်းဖြတ်မြို့ အထကကျောင်းသို့ သွားရောက်ပြီး နဂါးဆောက်လုပ်ရေးကုမ္ပဏီက တာဝန်ယူဆောက်လုပ်နေသော အလျား ပေ ၁၄၀၊ အနံ ပေ ၃၀ ရှိ ကျောင်းဆောင်သစ် ဆောက်လုပ်နေမှု အခြေအနေများကို စစ်ဆေးကြည့်ရှုကာ သက်မှတ်စံချိန်စံညွှန်းပြည့်မီပြီး အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လိုအပ်ချက်များကို မှာကြားခဲ့ပြီး ဆရာ ဆရာမများနှင့်လည်း တွေ့ဆုံကာ တက္ကသိုလ်ဝင်တန်း အောင်ချက်မြင့်မားရေးအတွက် ကြိုးစားသင်ကြားပေးကြရန် မှာကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

# ပြင်ဦးလွင်ပန်းပွဲတော် စတင်ဖွင့်လှစ်ပြသ၊ ပန်းချစ်သူ အများအပြားလာရောက်လေ့လာ

**ပြင်ဦးလွင် ဒီဇင်ဘာ ၁၈**

(၁၂)ကြိမ်မြောက် ပြင်ဦးလွင်ပန်းပွဲတော်ကို ဒီဇင်ဘာ ၁၆ ရက်က အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း စတင်ဖွင့်လှစ်ပြသခဲ့ကြောင်း သိရသည်။

ပန်းပွဲတော်ကာလကိုဒီဇင်ဘာ ၁၆ ရက်မှ ၃၁ ရက်အထိ ခင်းကျင်းပြသသွားမည်ဖြစ်သော်လည်း ပွဲတော်လာ ပရိသတ်များ ဆက်လက်ခံစားကြည့်ရှုနိုင်ရန် ပန်းသက်တမ်းရှိသည်အထိ ပွဲတော်ကာလကို တိုးမြှင့်ပြသသွားမည်ဖြစ်ပြီး နေ့စဉ် နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်ပန်းပွဲတော်ကို ပန်းရောင်စုံအပင်ပေါင်း ၁၇၀၀၀၀ နှင့် ပန်းပွင့်ခြောက်(ပန်းအတု) ၅၀၀၀၀ ကျော်ဖြင့် ပန်းပြကွက်အမျိုးမျိုးတို့ကို ပုံဖော်ပြသထားပြီး နိုင်ငံတော်အလံ၊ ပန်းလိပ်ပြာ၊ ပန်းချယ်ရီပင်၊ ပန်းစဉ့်အိုး၊ ပန်းလေ့ကား၊ ဝါးစိမ်းပန်းတော၊ ပန်းကော်ဇောစသည့်ရုပ်လုံးရုပ်ကြွ ပန်းပြကွက်တို့ကို လာရောက်ကြည့်ရှုသူတို့သည် စိတ်ဝင်စားသဘောကျနှစ်သက်ကြကြောင်း သိရသည်။

ပြင်ဦးလွင် ပန်းပွဲတော်ဖွင့်ပွဲနှင့်အတူ ဒေသထွက်ကုန်ပစ္စည်း အရောင်းဆိုင်များ၊ အနယ်နယ်အရပ်ရပ်မှ ကုန်စည်ဈေးပွဲတော်တို့ကိုလည်း ဖွင့်လှစ်ရောင်းချလျက်ရှိနေပြီး တေးဂီတဖျော်ဖြေပွဲ၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲများ ပါဝင်နေသောကြောင့် အမျိုးသားကန်တော်ကြီးဥယျာဉ်အတွင်း ဧည့်ပရိသတ်များဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

"ပန်းပင်၊ ပန်းခက်၊ ပန်းပွင့်မျိုးစုံတို့ကို မြင်ဖူးတွေ့ဖူးနေပါတယ်၊ ဒါပေမယ့် အခုပြင်ဦးလွင်ပန်းပွဲတော်မှာတော့ ပန်းရောင်စုံ အများအပြားကို တစ်နေရာတည်းမှာ အစုလိုက် အပြုံလိုက် မရေတွက်နိုင်အောင် မြင်တွေ့ရပြီး အမြင်ဆန်းအောင် ရုပ်လုံးရုပ်ကြွတွေနဲ့ ဖန်တီးပုံဖော်ထားလို့ အလွန်ကြည့်လို့ကောင်းပါတယ်၊ ပန်းရောင်စုံတွေနဲ့ ပုံဖော်ပြသထားတဲ့ အနုပညာလက်ရာတွေကို အံ့သြချီးကျူးရသလို ဗဟုသုတလည်း ရပါတယ်၊ နောင်နှစ်တွေမှာလည်း ဒီထက်မက ဖွင့်လှစ်ပြသနိုင်ပါစေလို့ ဆုတောင်းပါတယ်" ဟု လာရောက်လေ့လာသူတစ်ဦးက ပြောသည်။

ယခုနှစ် (၁၂)ကြိမ်မြောက် ပန်းပွဲတော်ကို အနယ်နယ်အရပ်ရပ်မှ လာရောက်သူဧည့်သည်များ တိုးမပေါက်အောင် စည်ကားလျက်ရှိနေပြီး အလှဓာတ်ပုံများ၊ အမှတ်တရဓာတ်ပုံများ ရိုက်ယူရင်း ပန်းပြကွက်မျိုးစုံတို့ကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။



**သက်နိုင်( ပြင်ဦးလွင်)**

# မြစ်ကြီးနားမြို့၌ နာဂရိုးရာနှစ်သစ်ကူးပွဲတော်နေ့ အခမ်းအနား ကျင်းပမည်

**မြစ်ကြီးနား ဒီဇင်ဘာ ၁၈**

နာဂလူမျိုးများ၏ ရိုးရာနှစ်သစ်ကူးပွဲတော်နေ့ အထိမ်းအမှတ်အခမ်းအနားကို လာမည့် ဇန်နဝါရီ ၁၈ ရက်တွင် မြစ်ကြီးနားမြို့နယ် နန်းကွေ့ကျေးရွာ နယ်မြေ(၅)ရှိ နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီ ရုံးဝင်း၌ ကျင်းပမည်ဖြစ်ကြောင်း ယင်းကော်မတီထံမှ သိရသည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော် အခမ်းအနားတွင် နာဂလူမျိုးများ ဆင်းသက်လာပုံ သမိုင်းကြောင်းများကို ဟောပြောခြင်း၊ နာဂရိုးရာအကများဖြင့် ကပြတင်ဆက်ခြင်းနှင့် ရိုးရာအစားအသောက်များဖြင့် ကျွေးမွေး ဧည့်ခံခြင်းတို့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ နှစ်စဉ် ဇန်နဝါရီ ၁၅ ရက်နေ့တွင် ကျရောက်သော နာဂရိုးရာနှစ်သစ်ကူးကို ဂုဏ်ပြုသည့် အထိမ်းအမှတ်အဖြစ်လည်းကောင်း၊ နာဂရိုးရာယဉ်ကျေးမှု ရိုးရာဓလေ့များကို လူငယ်များသိရှိပြီး လက်ဆင့်ကမ်းထိန်းသိမ်းတတ်စေရန် ရည်ရွယ်၍လည်းကောင်း အခမ်းအနားကို ကျင်းပခြင်းဖြစ်ကြောင်းနှင့် အခြားမြို့နယ်များတွင်လည်း ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

မြန်မာတစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ကျင်းပမည့် နာဂရိုးရာ နှစ်သစ်ကူးပွဲတော်(ဗဟို)ကို လာမည့် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ စစ်ကိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်းယွန်းမြို့၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။



**မင်းမင်းဦး**

# မင်းလှမြို့နယ်ရှိ ကျေးရွာများ၌ ဘိန်းစိုက်ပျိုးမှုရှိမရှိ စစ်ဆေး

**မင်းလှ ဒီဇင်ဘာ ၁၈**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ်အတွင်းမှ ဘိန်းစိုက်ပျိုးနိုင်သည့် ကျေးရွာများကို မင်းလှမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထင်အောင်လင်း ဦးစီးသည့် တပ်ဖွဲ့ဝင်များက ဒီဇင်ဘာ ၄ ရက်မှ ၁၀ ရက်အထိ ရွာစဉ်အလိုက် ကွင်းဆင်း၍ ဘိန်းစိုက်ပျိုးမှု ရှိမရှိ လိုက်လံစစ်ဆေးခဲ့ကြောင်း သိရသည်။

ဘိန်းစိုက်ပျိုးခြင်းရှိမရှိ ရွာစဉ်အလိုက် ကွင်းဆင်းစစ်ဆေးရာတွင် ဘိန်းစိုက်ပျိုးထားခြင်းများကို မတွေ့ရကြောင်း၊ ဘိန်းစိုက်ပျိုးမှု မရှိသော်လည်း ရွာစဉ်အလိုက် ကျေးရွာနေ ပြည်သူများအား မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းနှင့် မှုခင်းကျဆင်းရေးဆိုင်ရာများကို မြို့နယ်ရဲတပ်ဖွဲ့မှူးက အသိပညာပေး ဟောပြောခဲ့ကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# မော်ကျွန်း၌ မျက်စိဝေဒနာရှင်များအား အခမဲ့ခွဲစိတ်ကုသ

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား ရွှေပြည်ဟိန်းဆရာတော်ကြီးမှူး၍ (၁၃)ကြိမ်မြောက် အခမဲ့မျက်စိခွဲစိတ်ကုသပွဲကို ဒီဇင်ဘာ ၁၆ ရက်က မော်လမြိုင်ကျွန်းမြို့ ပစ္ဆိမာရုံစာသင်တိုက် သီတဂူလှုဆန်းယဉ် စက္ခုဒါန မျက်စိဆေးရုံ၌ ကျင်းပသည်။

ယင်းအခမဲ့မျက်စိခွဲစိတ်ကုသပွဲတွင် မျက်စိအထူးကုဆရာဝန် ဒေါက်တာခင်သန္တာမြင့်၊ ကျွမ်းကျင်မျက်စိဆရာဝန်လေးဦးနှင့် ဆရာမများက မြို့နယ်အတွင်းရှိ မျက်စိခွဲစိတ်လူနာပေါင်း ၁၂၀ တို့အား ဒီဇင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် အခမဲ့ခွဲစိတ်ကုသပေးလျက်ရှိရာ ပစ္ဆိမာရုံစာသင်တိုက်ဆရာတော် ဘဒ္ဒန္တ ရေဝတာလင်္ကာနှင့် အကျိုးဆောင်အဖွဲ့များက မျက်စိဝေဒနာရှင်များအတွက် လိုအပ်သည်များကို ကူညီစီစဉ်ဆောင်ရွက်ပေးကြသည်။

အဆိုပါ အဖွဲ့သည်မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင်များအား အခမဲ့စမ်းသပ်စစ်ဆေးခြင်းကို ဒီဇင်ဘာ ၉ ရက်နှင့် ၁၀ ရက်တွင် သီတဂူလှုဆန်းယဉ် မျက်စိဆေးရုံ၌ပင်ကျင်းပခဲ့ရာ မြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၇၂၀ တို့အား အခမဲ့စမ်းသပ် စစ်ဆေးကုသပေးခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

# မန္တလေးမြို့တွင် LED မီးလုံး သန်းတစ်ရာကျော် အသုံးပြု၍ အလှဆင်ထွန်းညှိမည်

**မန္တလေး ဒီဇင်ဘာ ၁၈**

မန္တလေး ပြည်ကြီးတံခွန်မြို့နယ် စက်မှုပန်းခြံလမ်းနှင့် ရန်ကုန်-မန္တလေး လမ်းဟောင်းကြား ခြံအမှတ် T-4 တွင် အိပ်မက်မီးကမ္ဘာ အစီအစဉ်ကို ပြုလုပ်မည်ဖြစ်ပြီး အစီအစဉ်အရ မန္တလေးမြို့၏ အထင်ကရပုံရိပ်များကို LED မီးလုံး သန်းတစ်ရာကျော် အသုံးပြု၍ ဒီဇင်ဘာ ၃၀ ရက်မှစပြီး ရက်၃၀ ကြာ ပုံဖော်ထွန်းညှိ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

အိပ်မက်မီးကမ္ဘာအစီအစဉ်ကို ပြုလုပ်သည့် ဟာကျူရီဂရုမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်မင်းက "မီးအလှနဲ့ ပုံဖော်ရာမှာ ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေကို မပျောက်ပျက်စေဘဲ သတိတရဖြစ်စေဖို့ ပုံဖော်ပြသမယ်၊ မန္တလေးရဲ့အထင်ကရပုံရိပ်တွေအပြင် အနီးတစ်ဝိုက်နဲ့ ပြင်ဦးလွင်က ပုံရိပ်တွေလည်းပါတယ်၊ ကိုယ်ပိုင် မြေကွက်ပေါ်မှာ မီးစက်မောင်းပြီး ထွန်းညှိသွားမှာပါ"ဟု ပြောသည်။

LED မီးအလှဆင်ထွန်းညှိခြင်းကို ရန်ကုန်မြို့ ပြည်သူရင်ပြင်တွင်လည်း ဒီဇင်ဘာ ၁ ရက်နေ့မှ စတင်ပြုလုပ်နေပြီး မော်လမြိုင်တွင် ဒီဇင်ဘာ ၂၁ ရက်မှ စတင်ထွန်းညှိသွားမည်ဖြစ်ရာ မီးထွန်းပွဲကြာချိန် ရက် ၃၀ ဖြစ်သည့်အပြင် အခြားမြို့ကြီးများတွင်လည်း မီးထွန်းပွဲများကို ဆက်လက်ပြုလုပ်ပြီး မီးအလှထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

"LED မီးသီးတွေကို နောက်ပိုင်းကာလမှာ ဈေးကွက်ထဲက ဝယ်ယူချင်သူတွေ ဆက်သွယ်လာရင် သူတို့လိုချင်တဲ့ ဒီဇိုင်းပုံအတိုင်း လုပ်ပေးဖို့ ရည်ရွယ်ထားတယ်၊ ဒီသုံးပွဲပြီးရင် နေပြည်တော်မှာ ဇန်နဝါရီလထဲမှာလုပ်ဖို့ ရည်ရွယ်ထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးမြို့တွင် ပြုလုပ်မည့် အိပ်မက်မီးကမ္ဘာ မီးထွန်းပွဲတော်တွင် မန္တလေးမြို့၏ အထင်ကရပုံရိပ်များဖြစ်သည့် မန္တလေးတောင်၊ ဦးပိန်တံတား၊ နန်းမြို့ရိုးနှင့် နန်းတော်၊ တောင်သူများလယ်ထွန်ယက်ပုံ စသည်တို့အပြင် ပြင်ဦးလွင်မြို့နှင့် ပတ်သက်သည့် ရထားလုံး၊ နာရီစင်နှင့် ပန်းဥယျာဉ် စသည်ဖြင့် ပုံများကို မီးအလှဒီဇိုင်းပေါင်း ၇၀ ကျော်ဖြင့် ပုံဖော်ထွန်းညှိသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

# ရေစကြိုမြို့နယ်၌ မိုးစပါးများ ရိတ်သိမ်းကြလျက်ရှိ

**ရေစကြို ဒီဇင်ဘာ ၁၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် မိုးစပါးများရိတ်သိမ်းကြလျက်ရှိပြီး အထွက်နှုန်းအသင့်အတင့်ထွက်ရှိသည်ဟု သိရသည်။ ယခုအချိန်သည် စပါးရိတ်သိမ်းချိန်ဆန်ပေါ်ချိန်ဖြစ်သော်လည်း ဒေသတွင်းဆန်ဈေးတည်ငြိမ်လျက်ရှိပြီး တောင်သူအများစုမှာ ၎င်းတို့ စပါးများကို ရောင်းချကြခြင်း မပြုကြသေးကြောင်း သိရသည်။

"စပါးကတော့ပေါ်ပါပြီ၊ တောင်သူအတော်များများကတော့ ထုတ်မရောင်းကြသေးဘူး၊ ဆင်းသုခ၊ မနောသုခ စပါးမျိုးတို့ဆိုရင် ဆန်တစ်အိတ်ကို ငွေကျပ် ၂၂၀၀၀ ပေါက်ဈေးရှိတယ်၊ မနှစ်ကလည်း ဒီဈေးပဲ အတက်အကျ သိပ်မရှိဘူး၊ လောလောဆယ်တော့ မရောင်းကြသေးပါဘူး၊ အလုပ်သမားခလောက်ပဲ ဆန်ကြိတ်ပြီး ပေးနေကြပါတယ်"ဟု စပါးစိုက်တောင်သူတစ်ဦးက ပြောသည်။

ယခုအချိန်တွင် စပါးစိုက်ခင်းပိုင်ရှင်များသည် အလုပ်သမားခ ရှင်းနိုင်ရုံမျှသာ စပါးကို ကြိတ်ခွဲလျက်ရှိပြီး ရောင်းချကြခြင်း မပြုသေးဘဲ စပါးခြောက်ရန် နေလှန်းနေကြကြောင်း သိရသည်။

**အိမွန်ဆွေ(ရေစကြို)**

# အမှိုက်အမျိုးအစားနှင့် အမှိုက်တန်ချိန် ခွဲခြားသိရှိနိုင်ရန် အမှိုက်သိမ်းယာဉ်များကို ကတ္တားချိန်တွယ်

**မကွေး ဒီဇင်ဘာ ၁၈**

မကွေးမြို့နယ်အတွင်းမှ ပြည်သူများ၏ စွန့်ပစ်အမှိုက်များကို အမျိုးအစားခွဲခြားနိုင်ရေးနှင့် ထွက်ရှိသော အမှိုက်တန်ချိန်ကို သိရှိနိုင်ရေးအတွက် စည်ပင်သာယာရေးအဖွဲ့ပိုင် အမှိုက်သိမ်းယာဉ်များကို အမှိုက်မသိမ်းမီနှင့်သိမ်းဆည်းပြီး ယာဉ်တန်ချိန်ပမာဏ ကတ္တားချိန်တွယ်မှုလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။



"လက်ရှိလုပ်နေတဲ့ အမှိုက်သိမ်းလုပ်ငန်းတွေ စနစ်တကျဆောင်ရွက်နိုင်ဖို့၊ ကျွန်တော်တို့ လုပ်နေပါတယ်၊ သတ်မှတ်ထားတဲ့ အမှိုက်ကျင်းမြေနေရာမှာ စနစ်တကျစွန့်ပစ်ပြီး ကာလရှည်ကြာစွာ အသုံးပြုနိုင်ဖို့ လုပ်ဆောင်ရာမှာ အခြေခံစာရင်းတွေရရှိဖို့ လိုပါတယ်၊ ဒါကြောင့် ကတ္တားချိန်တွယ်တဲ့လုပ်ငန်းကို လုပ်ဆောင်နေတာလည်း ဖြစ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး ဦးအောင်ကိုကိုက ပြောသည်။ လတ်တလောတွင် အမှိုက်ချိန်တွယ်မှုလုပ်ငန်းကို မကွေးမြို့ကံပြား တိုးဂိတ်တွင် လုပ်ဆောင်နေပြီး စံသတ်မှတ်ခြင်းနှင့် မှတ်တမ်းတင် စာရင်းပြုစုခြင်းများ လုပ်ဆောင်နေသည်ဟု ၎င်းကပြောသည်။

မကွေးမြို့၌ အမှိုက်သိမ်းဆည်းရာတွင် ဇုန်ရှစ်ဇုန်ခွဲ၍ ဇုန်တစ်ခုလျှင် အမှိုက်သိမ်းယာဉ်တစ်စီးနှုန်း၊ မြို့ပေါ်ဈေးများဖြစ်သည့် ရန်ပယ်ဈေး၊ ရန်ကင်းဈေး၊ မင်္ဂလာဈေး၊ ကန်သာဈေး၊ မြို့မဈေးတို့မှထွက်ရှိသော အမှိုက်များအတွက် ယာဉ်တစ်စီး၊ စီးပွားရေးလုပ်ငန်းများမှထွက်ရှိသော အမှိုက်များအတွက် ယာဉ်တစ်စီး၊ အဓိက လမ်းမကြီးများမှ တံမြက်စည်းလှည်းအမှိုက်များ၊ စွန့်ပစ်စုပုံ အမှိုက်များအတွက် ယာဉ်နှစ်စီး စုစုပေါင်း အမှိုက်သိမ်း ယာဉ် ၁၂ စီးကို အသုံးပြုလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၄.၁၂.၂၀၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၂၀၊ ကော်လံ ၁ တွင် ပါရှိသော လက်ပံတန်းမြို့တွင် လျှပ်စစ်ထရန်စဖော်မာများ ပြောင်းလဲတပ်ဆင်ပေးသတင်း၏ ဒုတိယစာပိုဒ်၌ လူဦးရေ ၇၈၆ အစား ၇၈၆၂ ဦးဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။ **စာရေးသူ-အောင်ဆင့်**

**အလုပ်လျှောက်လွှာခေါ်ယူခြင်း**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

**အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း**

**National Electrification Project (NEP-On Grid)**

ကမ္ဘာ့ဘဏ်၏ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်းတွင် တာဝန်ထမ်းဆောင်ရန် အောက်ဖော်ပြပါ ရာထူးများအတွက် စီမံကိန်းအကြံပေး ဝန်ထမ်းများအား ငှားရမ်းလိုပါသည်-

(၁) National Environmental Safeguard Specialist Ref:(C1-TA7A) (၁) ဦး

(၂) National Social Safeguard Specialist Ref: (C1-TA7B) (၁) ဦး

လျှောက်ထားလိုသူများအနေဖြင့် ကိုယ်ရေးအချက်အလက်တွင်လုပ်ငန်းအတွေ့အကြုံအသေးစိတ်၊ မိမိလျှောက်ထားလိုသောရာထူးနှင့် Reference နံပါတ်ကို တိကျစွာဖော်ပြ၍ အောက်ဖော်ပြပါလိပ်စာသို့ ၅-၁-၂၀၁၈ရက်တွင် နောက်ဆုံးထား၍ E-mail ဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ပေးပို့လျှောက်ထားနိုင်ပါသည်။

စီမံကိန်းလုပ်ငန်းတာဝန်အကြောင်း၊ ရာထူးတစ်ခုစီအတွက် လိုအပ်သောအရည်အချင်းများ အသေးစိတ်ပါဝင်သော (Terms of Reference-TOR)ကို အောက်ဖော်ပြပါ E-mailသို့ ဆက်သွယ်၍လည်းကောင်း http://www.moep.gov.mm တွင် ဝင်ရောက်၍လည်းကောင်း ရယူနိုင်ပါသည်။

**လိပ်မူရန်-** **ဦးသူရအောင်ကို(စီမံကိန်းမန်နေဂျာ)**
**စီမံကိန်းစီမံခန့်ခွဲရေးရုံး**
**အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း**
**ဖုန်း-၀၆၇-၈၁၀၄၂၁၆**
**(E-mail:nep.pmomoep@gmail.com**

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**တံတားဦးစီးဌာန**

**သံမဏိသံပေါင်တံတားများ ဆေးသုတ်ရန်**

**အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း**

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုပြင်ဆင်ထိန်းသိမ်းရေး ရန်ပုံငွေ (မြန်မာကျပ်ငွေ)ဖြင့် အောက်ဖော်ပြပါ တံတားကြီးများ၏ သံမဏိသံပေါင် (Steel Truss)များအား ဆေးသုတ်လုပ်ငန်းကို သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်နိုင်သော ဆောက်လုပ်ရေးဝန်ကြီးဌာနတွင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသားကုမ္ပဏီ၊ ပုဂ္ဂိုလ်၊ အဖွဲ့အစည်းများအား အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) အနော်ရထာတံတား (ခ) သံလွင်တံတား(ဘားအံ)

(ဂ) အောင်ဇေယျတံတား (ဃ) ကစ္ဆပနဒီတံတား

(င) မင်းချောင်းတံတား

၂။ လျှောက်လွှာများကို တံတားတစ်စင်းလျှင် (၁)စုံ ကျပ်(၁၀၀၀၀)နှုန်းဖြင့် ရုံးအမှတ်(၁၁)၊ တံတားဦးစီးဌာန၊ တံတားပြင်ဆင်ထိန်းသိမ်းရေးဌာနခွဲတွင် ၂၀၁၇ခုနှစ် ဒီဇင်ဘာ ၁၃ရက်မှ ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ အချက်အလက်များသိရှိလိုပါက ဖုန်း-၀၉-၅၀၉၉၂၀၂ သို့ မေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါပိတ်မည့်ရက်** ၂၀၁၈ခုနှစ် ဇန်နဝါရီ ၂ရက် ၄း၃၀ နာရီ

၄။ **တင်ဒါဖွင့်မည့်ရက်**

(က) ကျွမ်းကျင်မှုဆိုင်ရာ Technical စစ်ဆေးမည့်ရက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၈ ရက် ၁၀း၀၀ နာရီ

(ခ) ဈေးနှုန်းအဆိုပြုလွှာ Financial ဖွင့်မည့်ရက် ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၁ ရက် ၁၀း၀၀ နာရီ

၅။ **တင်ဒါဖွင့်မည့်နေရာ**

အစည်းအဝေးခန်းမ၊ရုံးအမှတ်(၁၁)၊ဆောက်လုပ်ရေးဝန်ကြီးဌာန၊ နေပြည်တော်

**တံတားဦးစီးဌာန**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ပညာရေးဝန်ကြီးဌာန**

**နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာန**

**အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏**

**၂၀၁၆-၂၀၁၇ ပညာသင်နှစ် A.G.T.I ဒီပလိုမာ**

**အောင်လက်မှတ်ပေးအပ်မည့် အခမ်းအနားအတွက်**

**ကြေညာချက်**

၁။ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားကို အောက်ပါအစီအစဉ်အတိုင်း သက်ဆိုင် ရာအစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၏ ခန်းမများတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

**အကြိုလေ့ကျင့်ခြင်း** - ၃-၂-၂၀၁၈ရက်(စနေနေ့) နံနက်၉း၀၀နာရီ

**အခမ်းအနားကျင်းပခြင်း** - ၄-၂-၂၀၁၈ရက်(တနင်္ဂနွေနေ့) နံနက် ၉း၀၀နာရီ

၂။ A.G.T.I ဒီပလိုမာအောင်လက်မှတ်ပေးအပ်မည့်အခမ်းအနားသို့အောက်ဖော်ပြပါ စာမေးပွဲအောင်မြင်သူများတက်ရောက်ယူနိုင်သည်-

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာကောလိပ်(မိုးညှင်း၊ မြင်းခြံ၊ ရွှေဘို)၊ အစိုးရစက်မှုလက်မှု သိပ္ပံ(ကျောက်ပန်းတောင်း၊ ကျောက်ဆည်၊ ရေနံချောင်း၊ ချောက်၊ သရက်၊ ဝါးခယ်မ၊ ပူတာအို၊ ခန္တီး၊ ဟားခါး၊ ဂန့်ဂေါ၊ သံတွဲ၊ ကန့်ဘလူ၊မကွေး၊ မော်လမြိုင်၊ လက်ပံတန်း၊ ကျောက်ဖြူ)တို့တွင် ၂၀၁၇ခုနှစ် နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သော A.G.T.I(တတိယနှစ်) စာမေးပွဲအောင်မြင်ပြီးသူများ။

၃။ အခမ်းအနားကြေးအားအောက်ဖော်ပြပါအတိုင်း သတ်မှတ်ထားပါသည်-

(က) တက်ရောက် -၁၅၀၀ိ/-(ကျပ်တစ်ထောင့်ငါးရာတိတိ)

(ခ) အဝေးရောက် -၁၀၀၀ိ/-(ကျပ်တစ်ထောင်တိတိ)

၄။ အခမ်းအနားအတွက် (၆)လအတွင်းရိုက်ကူးထားသော(တစ်လက်မခွဲ× နှစ်လက်မ) အရွယ်ဓာတ်ပုံနှင့်အတူ လျှောက်လွှာတင်ရမည်ဖြစ်သည်။

၅။ လျှောက်လွှာပုံစံများကို ၂၆-၁၂-၂၀၁၇ရက်မှစ၍ မိမိတို့စာမေးပွဲအောင်မြင်ခဲ့သော အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများမှ ဝယ်ယူ၍ ပြည့်စုံစွာဖြည့်စွက်ပြီး ၁၅-၁-၂၀၁၈ ရက်နောက်ဆုံးထားပြီး လျှောက်ထားရမည်။

၆။ အခမ်းအနားသို့တက်ရောက်မည့်သူများသည် အကြိုလေ့ကျင့်ခြင်းနှင့် အခမ်းအနားကျင်းပခြင်းတွင် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံ၊ အနောက်တိုင်း(အမျိုးသား)ဝတ်စုံတို့ကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်နိုင်သည်။

၇။ အခမ်းအနားသို့တက်ရောက်မည်(သို့မဟုတ်)အဝေးရောက်ယူမည်ကို တိကျစွာ ဖော်ပြရမည်။

မှတ်ချက်။ ။အသေးစိတ်အချက်အလက်များ စုံစမ်းသိရှိလိုပါက သက်ဆိုင်ရာ အစိုးရနည်းပညာကောလိပ်၊ အစိုးရစက်မှုလက်မှုသိပ္ပံများရှိ ကျောင်းသားရေးရာဌာနများတွင် စုံစမ်းနိုင်ပါသည်။

**နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာန**

**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့အတွက် လိုအပ်သော ရုံးသုံးယာဉ်(၆)စီးနှင့် Video Conference စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူရန်ရှိပါသဖြင့် ပြည်တွင်း မြန်မာနိုင်ငံသား၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်းလွှာ ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါ စတင်ရောင်းချမည့်ရက်မှာ ၁၉-၁၂-၂၀၁၇ရက်မှ ၈-၁-၂၀၁၈ ရက်အထိ ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါတင်သွင်းဖွင့်လှစ်မည့်ရက်မှာ ၁၀-၁-၂၀၁၈ ရက် ၁၀း၀၀ နာရီဖြစ်ပါသည်။

၄။ တင်ဒါပုံစံများအား တစ်စောင်လျှင် (၁၀၀၀၀ိ/-)နှုန်းဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရုံးအမှတ် (၈)၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှူးရုံး၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များ သိလိုပါက ဖုန်း-၀၆၇-၃၄၁၂၁၇၇၊ ၀၆၇-၃၄၁၂၂၄၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

**ဈေးပြိုင်ဝယ်ယူရေးအဖွဲ့**
**မြန်မာနိုင်ငံရဲတပ်ဖွဲ့**

**အသိပေးကြေညာခြင်း**

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ ပုဇွန်တောင်ချောင်းပေါ်ရှိ သာကေတ တံတားသစ်တည်ဆောက်ရေးစီမံကိန်းတွင် ရေလည်ယက်မ လုပ်ငန်းများ တည်ဆောက်မည်ဖြစ်ပါသဖြင့် ကုန်တင်ရေယာဉ်များ၊ ငါးဖမ်းရေယာဉ်များ သတ်မှတ်ထားသည့် ရေလမ်းကင်းလွတ် အမြင့်အတိုင်း ဖြတ်သန်းသွားလာကြပါရန် အသိပေးကြေညာအပ်ပါသည်။

**နေရာ** - ပုဇွန်တောင်မြို့နယ်နှင့် ဒေါပုံမြို့နယ်သို့ ဆက်သွယ်တည်ဆောက်နေသော သာကေတတံတားသစ် စီမံကိန်း ရန်ကုန်မြို့။

**နေ့ရက်** - ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁ရက်မှ ၂၀၁၈ခုနှစ် ဧပြီ ၃၀ရက်အထိ

ရေလမ်းကင်းလွတ်အမြင့် - ၂၁ ပေ

ရေလမ်းကင်းလွတ်အကျယ် - ၆၀ ပေ

**တံတားဦးစီးဌာန**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မော်လမြိုင်တက္ကသိုလ်၊ ပဋ္ဌမနှစ် (ဥပဒေပညာ)မှ မလွဲလွဲဝင်း ၁၀/မလမ(နိုင်)၂၇၄၂၅၅၏ ဖခင် ဦးဆဲကရူး (MME-၆၅၃၈၄၈) နှင့် ဦးလှထွန်း၊ ၄င်း၏မိခင် ဒေါ်ချင်နားပုလဲ(MME-၆၆၁၇၅၇)နှင့် ဒေါ်ခင်စန်းမြင့်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ပျောက်ဆုံးကြောင်း**

ကျွန်တော်၏ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပေးထားသည့် သံ-၇၂၉ရေယာဉ်၏ ပို့ဆောင်ရေးလုပ်ငန်းလိုင်စင်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက ပြန်လည်ပေးပို့ပေးပါရန်။

**ဦးချစ်ညို**
**ဖုန်း-၀၉-၇၉၅၈၈၇၈၉၀**

# (နဝမ)အကြိမ် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးဖိတ်ကြားလွှာ

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း(နဝမ)အကြိမ် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသဖြင့် အသင်းဝင်/အသင်းသားများအနေဖြင့် ဖိတ်စာလက်ခံရရှိသည်ဖြစ်စေ၊ မရရှိသည်ဖြစ်စေ စုံညီစွာ တက်ရောက်ပေးကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

**ကျင်းပမည့်ရက်** - ၂၈-၁၂-၂၀၁၇ရက် (ကြာသပတေးနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၁၁း၀၀နာရီ

**ကျင်းပမည့်နေရာ** - မဏိရတနာကျောက်စိမ်းခန်းမ ရာဇသင်္ဂဟလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်

အသင်းဝင်/အသင်းသားများ လိုက်ပါတက်ရောက်နိုင်ရန်အတွက် ရန်ကုန်သို့ ရောက်ရှိနေသောနယ်အသင်းများမှ အသင်းသူ/ အသင်းသားများနှင့် ရန်ကုန်မှလိုက်ပါလိုသူများသည် ရန်ကုန်မှ နေပြည်တော်သို့ အသွား/အပြန်(နေ့ချင်းပြန်)ခရီးစဉ် မော်တော်ယာဉ်များစီစဉ်ထားရှိပါသည်။ ရန်ကုန်မြို့မှ မော်တော်ယာဉ်ဖြင့် လိုက်ပါမည့်သူများသည် ၂၃ ရက် ညနေ ၅း၀၀နာရီ နောက်ဆုံးထား၍ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးပို့ရန် ဖြစ်ပါသည်။

သက်ဆိုင်ရာအသင်းခွဲ(မြို့)များမှ လိုက်ပါတက်ရောက်လိုသော အသင်းသူ/ အသင်းသားများသည် အောက်ဖော်ပြပါ အသင်းရုံးဖုန်းများသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

**သက်ဆိုင်ရာအသင်းများသို့ဆက်သွယ်ရန်ဖုန်း**

မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ (ကမ္ဘာအေး)ဖုန်း-၀၁-၆၆၃၀၈၀၊ ၀၁-၆၆၃၁၀၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မန္တလေး)ဖုန်း-၀၂-၂၄၇၇၉၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မိုးကုတ်) ဖုန်း-၀၈၆- ၂၀၈၄၉၊ ၀၈၆- ၂၀၇၈၈၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ဖားကန့်) ဖုန်း-၀၇၄-၇၀၈၉၃၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(မြစ်ကြီးနား) ဖုန်း-၀၇၄-၂၄၂၂၁၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(စစ်ကိုင်း)ဖုန်း-၀၉-၄၀၀၅၃၂၇၄၆၊ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး(ရန်ကုန်)ဖုန်း-၀၁-၅၃၄၂၆၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းရုံး (နေပြည်တော်)ဖုန်း-၀၆၇-၄၁၂၃၈၄၊ ၄၁၂၃၈၂

**ရန်ကုန်ခရီးစဉ်စုရပ်နေရာ** - အမှတ် ၆၈၊ ကမ္ဘာအေးဘုရားလမ်း၊ မြန်မာ့ကျောက်မျက်ရတနာအရောင်းခန်းမ၊ ရန်ကုန်မြို့

**ယာဉ်ထွက်ခွာမည့်ရက်** - ၂၈-၁၂-၂၀၁၇ရက်(ကြာသပတေးနေ့)

**ယာဉ်ထွက်ခွာမည့်အချိန်** - နံနက် ၄း၀၀နာရီ

(နေပြည်တော်တွင် နေ့လယ်စာဖြင့် ဧည့်ခံပါမည်)

**နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကျင်းပရေးကော်မတီ**





# နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့

စရံငွေ (၂)သိန်းဖြင့် (၁၀)ဦး စုစည်း၍ တစ်ပြိုင်တည်းစာရင်းပေးသွင်းပါက (၁)ဦးအခမဲ့

၈ ရက် ခရီး - ဟိုတယ်(၂)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၅၅၀ (လေးဌာန + နီပေါ)

၁၂ ရက် ခရီး - ဟိုတယ်(၃)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၆၅၀ (လေးဌာန + နီပေါ)

၁၅ ရက်ခရီး - ဟိုတယ်(၅)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၇၀၀ (နေရာစုံ + Shopping)

၁၅ ရက် ခရီး - ဟိုတယ်(၄)ည ➔ စရံ ၂ သိန်း + ဒေါ်လာ ၇၅၀ - နေရာစုံ + ကိုလ်းကတ္တားပါ

ဂယာ သီးသန့် ၂ညအိပ် ၃ ရက်၊ ၄ ညအိပ် ၅ရက် ဂယာသီးသန့် ခရီးစဉ်အဖွဲ့များလည်းပို့ဆောင်ပေးသည်။

ဗုဒ္ဓဂယာ ၈ ရက် ခရီး (လေးဌာန + နီပေါ) - 3Star ဟိုတယ်(၇)ည ➔ ဒေါ်လာ ၁၁၀၀
သီရိလင်္ကာစွယ်တော် + ထိုင်းနိုင်ငံဘန်ကောက် မြဘုရား(၈)ရက်ခရီး - (၂၅.၁၂.၂၀၁၇)ထွက်ပါမည်။
လူပြည့်ရန်လူဦးရေအနည်းငယ်သာလိုပါတော့သည်။(3Star ဟိုတယ် ဒေါ်လာ ၁၅၀၀)

ရန်ကုန်/မန္တလေးမြို့ကြီးများတွင် အိမ်တိုင်ရာရောက် ဝန်ဆောင်မှုပေးပါသည်။ ခရီးစဉ်များအားလုံးစားရိတ်ငြိမ်းဖြစ်ပါသည်။
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံးတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ရန်ကုန်ရုံးချုပ်-၀၁-၃၇၆၆၁၀၊ ၈၃၇၂၁၃၅၊ ၈၃၈၄၃၆၆၊ ၈၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉-၅၀၇၉၆၂၁၊ ၀၉-၅၁၂၀၅၂၉
မန္တလေးရုံးခွဲ - အမှတ်-၈၈၊ ၆၈လမ်း၃၃x၃၄ကြား၊ ချမ်းအေးသာစံမြို့နယ်။ဖုန်း - ၀၉-၇၇၅၅၅၅၃၄၀၊ ၀၉-၇၇၅၅၅၅၃၄၁


## ငြင်းချက်ထုတ်ရန်ဆင့်စာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

သဃ်ာန်းကျွန်းမြို့နယ်တရားရုံးတော်

၂၀၁၇ ခုနှစ် တရားမကြီးမှုအမှတ်- ၃၄

ဒေါ်မြင့်မြင့်ရီ နှင့် ၁။ ဦးလှဝင်း ၂။ ဒေါ်ခင်မြ ၃။ ဒေါ်အေးအေးမော် ၄။ ဦးပြား ၅။ ဒေါ်သွယ်သွယ်ဟန်

**တရားလို** **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ ရတနာမဉ္ဇူလမ်း၊ အမှတ် ၁၆၃နေ တရားပြိုင်(၁) ဦးလှဝင်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက **ပဋိညာဉ်အတိုင်းဆောင်ရွက်ပေးစေလိုမှု** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၀ ရက် (၁၃၇၉ ခုနှစ် ပြာသိုလပြည့်ကျော် ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၄င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာမှတ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ပုည)
**တွဲဖက်မြို့နယ်တရားသူကြီး (၁)**
**သဃ်ာန်းကျွန်းမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း-၃၊ မြေကွက်အမှတ် ၁၂၄၇၊ ဧရိယာ ၀ ဒသမ ၀၅၅ဧကရှိ ဦးဘိုအေး(ဘ)ဦးထွန်းကြည် ၉/ပမန(နိုင်)၁၃၆၉၃၁ အမည်ပေါက် ပါမစ်မြေကွက်၏မြေပေးမိန့်မူရင်း ပျောက်ဆုံးသွားပါသဖြင့် အမည်ပေါက်သူကိုယ်တိုင်မှ မြေပေးမိန့်မူရင်းပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ လျှောက်ထားသူမှ ပိုင်ဆိုင်ကြောင်း ပတ်ဝန်းကျင်ထောက်ခံချက်၊ မှတ်ပုံတင်၊ အိမ်ထောင်စုဇယား၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်မူရင်းများတင်ပြပြီး **မြေပေးမိန့်မိတ္တူမှန်** ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ယနေ့မှစ၍ တစ်လအတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ရောင်းချရန်ကြော်ငြာစာ

(တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ- ၆၆)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်

၂၀၁၆ ခုနှစ် ဇာရီမှုအမှတ်- ၁၄

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် နှင့် ၁။ ဦးဇော်နိုင်ဦး
သိမ်ဖြူဘဏ်ခွဲ ၂။ ဒေါ်စန်းစန်းနွယ်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ် ၅၈/၂၀၁၃ အမှုတွင် အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီတွင် ၄င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်ာန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၀၊ လူနေရပ်ကွက်အမှတ် သုဝဏ္ဏ(လူသုံးကုန်စက်ရုံအနီး)၊ မြေကွက်အမှတ် ၁၀၁၊ အကျယ်အဝန်း ၀ ဒသမ ၁၂၃ ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ သဃ်ာန်းကျွန်းမြို့နယ်၊ ၂၉ ရပ်ကွက်(သုဝဏ္ဏ)၊ စိန်ပန်းပြာလမ်း၊ အမှတ် ၁၀၁ ဟုခေါ်တွင်သည့် နေအိမ်အဆောက်အအုံ။

**ကြမ်းခင်းဈေးကျပ်သိန်း ၁၅၀၀၀။**

**လေလံရောင်းချမည့်စည်းကမ်းချက်များ**

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို ထပ်မံလေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(ဇော်ထူး)**
**တွဲဖက်ခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**


ရန်ကုန်တိုင်း အောင်ချက်အကောင်းဆုံး (၉၂.၁၁)%
ပညာရေးဝန်ကြီးဌာန၏ခွင့်ပြုချက်အမှတ် ကကယ-၁၃/၀၉/၀၂၈
ပညာမြင်းမိုရ်ကိုယ်ပိုင်အထက်တန်းကျောင်း၏ ဂုဏ်ယူဖွယ်ရာအောင်မြင်မှုများ
(၂၀၁၇) ရန်ကုန်တိုင်းဒေသကြီးတွင် အောင်ချက်အကောင်းဆုံး ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏
ကြီးကျယ်ခမ်းနားသောဆုပေးပွဲကြီးကို Gandamar Grand Ballroom တွင်(၂၈. ၁၀. ၂၀၁၇)စနေနေ့ကဂုဏ်ယူစွာကျင်းပပေးခဲ့ပါသည်။
မြန်မာတစ်နိုင်ငံလုံး(Top-3)ဆုရမောင်မင်းခန့်မွန်
၅-ဘာသာဂုဏ်ထူးရှင် (မောင်နေမျိုးအောင်)
၄-ဘာသာဂုဏ်ထူးရှင် (မောင်ပိုင်ဖေဖြိုးထွန်း)
၃-ဘာသာဂုဏ်ထူးရှင် (မောင်ဖြေဦးမောင်)
၃-ဘာသာဂုဏ်ထူးရှင် (မထားထားဦး)
၃-ဘာသာဂုဏ်ထူးရှင် (မကြော့ကေခိုင်)
၂-ဘာသာဂုဏ်ထူးရှင် (မောင်မောင်အောင်ကျော်ကျော်စိုး)
ဘောဂဗေဒဂုဏ်ထူးရှင် (မမေသီတာရှိ)
နဝမတန်းပထမဆုရ (မောင်ဟိန်းထက်အောင်)
အဋ္ဌမတန်းတိုင်းစစ်(A)အဆင့်ရ (မစောထူးစန္ဒာ)
၅-တန်း မှ ၁၀-တန်း အထိ
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
၂၀၁၈-၁၉
ပညာသင်နှစ် အတွက်
ကျောင်းကြိုအပ်လက်ခံပြီ
တနင်္ဂနွေနေ့ ရုံးခန်းဖွင့်သည်။
အမှတ် ၃၈/၄၀၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ ၀၉ ၉၆၅၈၀၀၉၆၁။ ၀၉ ၄၄၅၃၄၀၀၇၇။ ၀၉ ၇၃၀၀၄၇၂၁၊ ၀၉ ၂၅၉၂၅၈၄၀၇၊ ၀၁ ၈၅၆၂၈၃၀
Ferry ရှိသည်


ယုံကြည်စိတ်ချစွာ စားသုံးနိုင်သော
DISKO Milk
ဒစ်စကို နို့ဆီ
လုပ်ငန်းအမည် - Delicious Food Ltd.
အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ထောက်ခံချက်အမှတ် - ၈၃/၀၇၀၁၁/ထလ
DISKO


၁၀၀% ပါဝါစိမ်းနေစေမယ့်
NUTRIVITA (နျူထရီဗိုက်တာ)
MEGA We care
NUTRIVITA
နျူထရီဗိုက်တာမှာ ကိုယ်ခန္ဓာအတွက် မရှိမဖြစ်လိုအပ်တဲ့ ဗီတာမင်နဲ့ သတ္တုဓာတ် ၁၅ မျိုး ပါဝင်တဲ့အတွက် ကိုယ်ခံစွမ်းအားကို အမြင့်ဆုံးအထိ မြှင့်တင်ပေးပြီး
ကိုယ်ခန္ဓာကို တစ်နေ့တာလုံး ကျန်းမာအားပြည့်စေပါတယ်။ ဒါကြောင့် နျူထရီဗိုက်တာကို တစ်နေ့တစ်လုံး သောက်သုံးပြီး ကိုယ်ခန္ဓာကို ၁၀၀% အားဖြည့်လို့
တစ်နေ့တာ လှုပ်ရှားမှုအားလုံးအတွက် လုံလောက်တဲ့အားအင်ကို ရယူလိုက်ပါ။
NUTRIVITA
Multivitamin & Minerals
15


ချွေး ထွက် များ လို့ ရေ ဓာတ် ဆုံး ... ရွိုင်ရယ်-ဒီ သာအကောင်းဆုံး
Royal-D
ELECTROLYTE BEVERAGE
လှပသော အချိုရည်ဗူးပုံစံအသစ်များဖြင့် လွယ်ကူစွာအသင့်သောက်သုံးနိုင်ပါပြီ ...
Royal-D
ELECTROLYTE BEVERAGE

# ရွှေ့ပြောင်းအလုပ်သမားများသည် မူရင်းနိုင်ငံနှင့် လက်ခံနိုင်ငံတို့၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် အထောက်အကူပြုငင်းတို့၏ အခွင့်အရေးများ ရရှိရေး၊ အကာအကွယ်ပေးရေးနှင့် ပြည့်စုံသည့် လူ့ဘောင်တစ်ရပ်တည်ဆောက်နိုင်ရေးပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားကို "ရွှေ့ပြောင်းများစွာ ဤကမ္ဘာဘေးရန်ကင်းအောင် လုပ်ဆောင်ပါ" ဆောင်ပုဒ်ဖြင့် ယနေ့နံနက် ၉ နာရီက နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)တွင် ကျင်းပရာ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက် အဖွင့်အမှာစကားပြောကြားခဲ့သည်။

ဒုတိယသမ္မတ ဦးမြင့်ဆွေက ၂၀၀၀ ပြည့်နှစ် (၅၅)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေ ညီလာခံက ဒီဇင်ဘာ ၁၈ ရက်ကို နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများနေ့အဖြစ် သတ်မှတ်ခဲ့ပြီး နိုင်ငံအလိုက် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပကြကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ ရွှေ့ပြောင်းသွားလာသူများနေ့အခမ်းအနားကို ဆဋ္ဌမအကြိမ်အဖြစ် ကျင်းပနိုင်ခြင်းဖြစ်ကြောင်း၊ လူ့သမိုင်းတစ်လျှောက် အခက်ခဲများ ကျော်လွှားနိုင်ရန်နှင့် ပိုမိုကောင်းမွန်သည့် ဘဝနေထိုင်မှုရရှိစေရေးအတွက် ရွှေ့ပြောင်း

စာမျက်နှာ ၈ ကော်လံ ၁ ❍




ဒုတိယသမ္မတ ဦးမြင့်ဆွေ ၂၀၁၇ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများနေ့ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

## တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအနည်းငယ် ရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီးတွင် မိုးအနည်းငယ်ရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်မှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှငါးပေခန့်ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

မိုး/ဇလ

## KBZ Bank Women League ပြိုင်ပွဲ အသင်းထပ်တိုးလာပြီး ဒီဇင်ဘာ ၂၇ ရက် ကျင်းပမည်

ရန်ကုန် ဒီဇင်ဘာ ၁၈

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိက ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women League ဘောလုံးပြိုင်ပွဲ၌ အသင်းအရေအတွက် တိုးလာခဲ့ပြီး ဒီဇင်ဘာ ၂၇ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။



လက်ရှိချန်ပီယံ မြဝတီအမျိုးသမီးအသင်း

ယင်းပြိုင်ပွဲတွင် မူလက ပြိုင်ပွဲဝင် ခုနစ်သင်းရှိသော်လည်း တက္ကသိုလ်အသင်း ထပ်တိုးလာခဲ့ပြီး စုစုပေါင်း ရှစ်သင်းဖြင့် ကျင်းပမည်ဖြစ်သည်။ အသင်းအရေအတွက် တိုးလာခဲ့သောကြောင့် ပွဲစဉ်များ အပြောင်းအလဲဖြစ်ခဲ့ပြီး လက်ရှိချန်ပီယံ မြဝတီအသင်း အပါအဝင် သစ္စာအားမာန်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ အား/ကာ သိပ္ပံ၊ ဂန္ဓမာ၊ YREO ၊ ဇွဲကပင်နှင့် တက္ကသိုလ်အသင်းတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်ရေးဆွဲထားမှု ပွဲစဉ်(၁)ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဒီဇင်ဘာ ၂၇ ရက်တွင် သစ္စာအားမာန်အသင်းနှင့်

စာမျက်နှာ ၁၃ ကော်လံ ၁ ◆

## နိုင်ငံတစ်ဝန်း ကရင်နှစ်သစ်ကူး ပွဲတော်များ စည်ကားသိုက်မြိုက်စွာ ကျင်းပ

စာ » ၇

## ရေပူ အမြဲတမ်းစစ်ဆေးရေး စခန်း၌ ကျောက်စိမ်းတုံးများ တင်ဆောင်လာသည့် ယာဉ်နှစ်စီးဖမ်းမိ

စာ » ၁၂

## ပါကစ္စတန် ဘုရားရှိခိုးကျောင်း တိုက်ခိုက်မှုတွင် ရှစ်ဦးသေဆုံးပြီး ၄၄ ဦးဒဏ်ရာရ

စာ » ၁၄